# ရတနာပုံ

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

yadanarbonnews.com

၁၃၈၆ ခုနှစ် ၊ ပြာသိုလဆန်း(၅)ရက် ၊ သောကြာနေ့ ၊ (3-1-2025) ၊ အတွဲ (၃၃) ၊ အမှတ် (၂၄၈)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့်ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကိုယ်စား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူး ဗိုလ်ချုပ်ကြီးအောင်လင်းဒွေး Judicial College အဆောက်အအုံသစ်ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးစဉ်။

## ပြည်ထောင်စုတရားလွှတ်တော်ချုပ် Judicial College အဆောက်အအုံသစ်ဖွင့်ပွဲအခမ်းအနား ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၂**

နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရသီရိမြို့နယ်ရှိ ပြည်ထောင်စုတရားလွှတ်တော်ချုပ် Judicial College အဆောက်အအုံသစ်ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကိုယ်စား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးအောင်လင်းဒွေး တက်ရောက်ဖွင့်လှစ်သည်။

အခမ်းအနားသို့ ကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များနှင့်

**စာမျက်နှာ ၁၆ ကော်လံ ၁**

### (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံအလေးပြုပွဲ အခမ်းအနားကျင်းပမှု တိုက်ရိုက်ထုတ်လွှင့်မည်

**နေပြည်တော် ဇန်နဝါရီ ၂**

၂၀၂၅ ခုနှစ် (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံအလေးပြုပွဲအခမ်းအနားကို ဇန်နဝါရီ ၄ ရက် နံနက်ပိုင်းတွင် နေပြည်တော် မြို့တော်ခန်းမရှေ့ ရင်ပြင်၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါအခမ်းအနားကျင်းပပုံများကို ယင်းနေ့နံနက် ၆ နာရီခွဲတွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား MRTV–HD Channel၊ MRTV–News Channel၊ MRTV–NRC၊ MRTV Farmers'၊ MRTV Sports နှင့် MRTV Parliament Channel၊ MITV Channel၊ MWD HD Channel၊ MWD Variety HD Channel၊ Channel 7၊ 5plus Chan–nel၊ Sky Net Up to Date၊ MNTV၊ Channel 9၊ M Channel နှင့် မဟာရုပ်သံလိုင်းတို့မှလည်းကောင်း၊မြန်မာ့အသံရေဒီယိုနှင့်အကျိုးတူFMများဖြစ်ကြသော ပတ္တမြား၊ ချယ်ရီ၊ မန္တလေး၊ ပဥ္စဝတီ၊ ရွှေ ပုဂံတို့အပြင် မိတ်ဖက် FMများဖြစ်ကြသော Star၊ သဇင်တို့မှလည်းကောင်း၊ MOI Website၊ MOI Youtube၊ MRTV Website၊ MRTV App အပါအဝင် MRTV Online Platform တို့မှလည်းကောင်း တိုက်ရိုက်(Live)ထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း မိဘပြည်သူများအား လေးစားစွာကြိုတင်အသိပေးအပ်ပါသည်။

(သတင်းစဉ်)




ရတနာပုံ
၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃ ရက်

အယ်ဒီတာ့အာဘော်

# ရွှေ့ပြောင်းလူဦးရေစာရင်းနှင့်စည်းလုံးညီညွတ်မှုပြယုဂ်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီလက်ထက်တွင် ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကို ၂၀၂၄ ခုနှစ် အောက်တိုဘာ ၁ ရက်မှ ၁၅ ရက်ထိ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကောက်ယူနိုင်ခဲ့သည်။ ကောက်ယူခဲ့သည့် ပြည်လုံးကျွတ်သန်းခေါင်စာရင်း၏ ရွှေ့ပြောင်းလူဦးရေစာရင်းကို ပြီးခဲ့သည့် ဒီဇင်ဘာ ၃၁ ရက်တွင် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနက ပြည်သူများ သိရှိအသုံးချနိုင်ရန် ထုတ်ပြန်ပေးထားသည်ကို တွေ့ရသည်။

၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းမှရရှိသော ရွှေ့ပြောင်းလူဦးရေစာရင်း အရ ၂၀၂၄ ခုနှစ် စက်တင်ဘာ ၃၀ ရက်ညတွင် မြန်မာနိုင်ငံအတွင်း၌ ရှိနေသူဦးရေမှာ ၅၁၃၁၆၇၅၆ ဦး ဖြစ်သည်။ ယင်းစာရင်းမှာ သန်းခေါင်စာရင်းကောက်ယူရရှိသည့် လူဦးရေ ၃၂၁၉၁၄၀၇ ဦးဖြစ်ပြီး စာရင်း မကောက်ယူနိုင်သည့် ဒေသများ၏ ခန့်မှန်းလူဦးရေ ၁၉၁၂၅၃၄၉ ဦးတို့ဖြစ်သည်။ ယင်းတို့အနက် အမျိုးသား ၁၅၁၀၅၂၁၅ ဦး၊ အမျိုးသမီး ၁၇၀၈၆၁၉၂ ဦး၊ အမျိုးသား ၄၆ ဒသမ ၉ ရာခိုင်နှုန်း၊ အမျိုးသမီး ၅၃ ဒသမ ၁ ရာခိုင်နှုန်းဖြစ်သည်။ လူဦးရေအချိုးကိုကြည့်ပါက ရန်ကုန်တိုင်းဒေသကြီးတွင် ၁၄ ဒသမ ၄ ရာခိုင်နှုန်းဖြင့် အများဆုံးဖြစ်ပြီး ကယားပြည်နယ်တွင် သုည ဒသမ ၆ ရာခိုင်နှုန်းဖြင့် လူဦးရေအနည်းဆုံး ဖြစ်သည်ကို တွေ့ရှိရသည်။ မြန်မာနိုင်ငံ၏လူဦးရေသည် ၂၀၁၄ ခုနှစ်တွင် ၅၁ ဒသမ ၅ သန်းရှိခဲ့ရာမှ ယခု ၁၀ နှစ်အကွာ ၂၀၂၄ ခုနှစ်တွင် စာရင်းမကောက်ယူနိုင်သည့် ဒေသများအတွက် ခန့်မှန်းတွက်ချက်မှု အပါအဝင် မြန်မာနိုင်ငံ၏လူဦးရေမှာ ၅၁ ဒသမ ၃ သန်းကျော်ဖြစ်ခြင်းကြောင့် လွန်ခဲ့သည့် ၁၀ နှစ်က လူဦးရေအောက် အနည်းငယ်လျော့နည်းနေသည်ကို ထုတ်ပြန်ချက်အရ သိရှိရသည်။

ထိုသို့ လူဦးရေပြောင်းလဲမှုဖြစ်ပေါ်ရခြင်းသည် မွေးဖွားခြင်း၊ သေဆုံးခြင်း၊ ရွှေ့ပြောင်းခြင်းဟူသည့် အကြောင်း သုံးရပ်ကြောင့်ဖြစ်သည့်အတွက် ပင်မအစီရင်ခံစာထုတ်ပြန်ချိန်တွင် အကြောင်းရင်းကို လေ့လာဖော်ထုတ်သွားမည်ဖြစ်ပြီး သန်းခေါင်စာရင်းရလဒ်များကိုလည်း အဆင့်ဆင့်ဆက်လက် ထုတ်ပြန်သွားမည်ဟု ရွှေ့ပြောင်းလူဦးရေစာရင်းသတင်းထုတ်ပြန်ချက်များအရ သိရသည်။ ရွှေ့ပြောင်းလူဦးရေ စာရင်း ထုတ်ပြန်နိုင်ခြင်းသည် နိုင်ငံတော်၏နိုင်ငံရေးပြုပြင်ပြောင်းလဲမှု၊ လူမှုစီးပွားဘဝပြုပြင်ပြောင်း လဲမှု လုပ်ငန်းစဉ်များတွင် အမျိုးသားပြန်လည်ပေါင်းစည်းညီညွတ်ရေးနှင့် လူမှုစီးပွားဘဝဘက်စုံဖွံ့ဖြိုး တိုးတက်ရေးတို့အတွက် တိတိကျကျထိရောက်စွာ အသုံးပြုသွားနိုင်မည်လည်းဖြစ်သည်။

ထို့ပြင် သန်းခေါင်စာရင်းကောက်ယူမှုမှထွက်ပေါ်လာသော တိကျ၍အချိန်နှင့်တစ်ပြေးညီဖြစ် သည့် အချက်အလက်များသည် ထိရောက်သောဖွံ့ဖြိုးရေးစီမံကိန်းများရေးဆွဲခြင်း၊ အထောက်အထား အပေါ်အခြေခံသော ဆုံးဖြတ်ချက်များချမှတ်ခြင်း၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် ဒီမိုကရေစီအသွင်ကူး ပြောင်းခြင်းလုပ်ငန်းစဉ်များ၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဆုံးဖြတ်ချက်များ၊ သုတေသနလုပ်ငန်းများ၊ အကြောင်းအမျိုးမျိုးကြောင့် ပျက်စီးဆုံးရှုံးခဲ့သော နိုင်ငံတော်၏အခြေခံအဆောက်အအုံများနှင့် ပြည်သူများ၏လူမှုစီးပွား ဘဝကို ပြန်လည်ထူထောင်နိုင်ရန် မြေပြင်အခြေအနေမှန်များကို ဖော်ပြနိုင် ရန်အတွက် မရှိမဖြစ်လိုအပ်မည်ဖြစ်ပါသည်။

၂၀၂၄ ခုနှစ် ပြည်လုံးကျွတ်သန်းခေါင်စာရင်း ကောက်ယူရေးလုပ်ငန်းစဉ်ကြီး အောင်မြင်စွာကောက်ယူ နိုင်ခဲ့ပြီးနောက်ပိုင်း ရွှေ့ပြောင်းလူဦးရေစာရင်း မှန်ကန်ဆောလျင်စွာ ထုတ်ပြန်နိုင်ခြင်းသည် နိုင်ငံတစ်ဝန်း လုံးက တိုင်းရင်းသားသွေးချင်းများအားလုံး၏ ညီညွတ်သောအင်အားနှင့် ပေါင်းစပ်ဆောင်ရွက်ကြခြင်း ကြောင့်ပင်ဖြစ်သည်။ ထိုသို့ လူဦးရေဆိုင်ရာ အရေးကြီးသော အချက်အလက်များ အောင်မြင်စွာထုတ်ပြန် နိုင်ခြင်းသည် သန်းခေါင်စာရင်းကောက်ယူမှုဆိုင်ရာ တာဝန်ရှိသူများ၏ အားသွန်ခွန်စိုက်ဆောင်ရွက် ကြမှု၊ တိုင်းရင်းသားသွေးချင်းပြည်သူတို့၏ တိုင်းချစ်ပြည်ချစ်စိတ်၊ သွေးစည်းညီညွတ်မှုတို့၏ ပြယုဂ် တစ်ခုပင်ဖြစ်ပါကြောင်း ဖော်ညွှန်းရေးသားအပ်ပါသည်။

# ပြင်ဦးလွင်မြို့နယ် ပြင်စာကျေးရွာ၌ လောကုတ္တရာစေတီတော်ကြီး စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ထီးတော်လှူဒါန်းပွဲ ကျင်းပ



မန္တလေး ဇန်နဝါရီ ၂

မဟာအောင်မြေမြို့နယ် ဗန်းမော် ကျောင်းတိုက်ကြီး၏ ဦးစီးပဓာန မဟာနာယက၊ နိုင်ငံတော်သံဃ မဟာနာယကအဖွဲ့ဥက္ကဋ္ဌ၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက နဝမမြောက် ဗန်းမော်ဆရာတော် ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသ၏ အထိမ်း အမှတ် ခုနစ်ရက်သားသမီးအများ ကောင်းမှုဖြင့် တည်ထားကိုးကွယ် လှူဒါန်းသည့် လောကုတ္တရာစေတီ တော်ကြီးအတွက် ရတနာစိန်ဖူး တော်၊ ငှက်မြတ်နားတော်နှင့် ထီးတော်လှူဒါန်းပွဲကို ဇန်နဝါရီ ၁ ရက် နံနက်ပိုင်းက ပြင်ဦးလွင်မြို့ နယ် ပြင်စာကျေးရွာရှိ မစိုးရိမ် တိုက်သစ် စိတ္တပါလဗုဒ္ဓဝိပဿနာ ဗိမာန်တော်၌ ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ အကျိုး တော်ဆောင်၊ မစိုးရိမ်တိုက်သစ် မဟာနာယက၊ ဓမ္မသမိဒ္ဓိကျောင်း ဆရာတော် အဂ္ဂမဟာပဏ္ဍိတ၊ မဟာဓမ္မကထိက ဗဟုဇနဟိတ ဓရ ဘဒ္ဒန္တဝါသေဋ္ဌာဘိဝံသ အမှူး ပြု၍ ဆရာတော်၊ သံဃာတော် များ၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်နှင့်ဇနီး၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ အလှူရှင်များ နှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ နမောတဿ သုံး ကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်ပြီး နိုင်ငံ တော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်၊ မစိုးရိမ်တိုက် သစ်မဟာနာယက၊ ဓမ္မသမိဒ္ဓိ ကျောင်းဆရာတော်ထံမှ တိုင်း ဒေသကြီး ဝန်ကြီးချုပ်နှင့်တာဝန် ရှိသူများ၊ အလှူရှင်များနှင့် ဧည့် ပရိသတ်အပေါင်းတို့က ကိုးပါး သီလ ခံယူဆောက်တည်ကြသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများ၊ အလှူရှင်များက ရတနာစိန်ဖူး တော်၊ ငှက်မြတ်နားတော်၊ ထီး တော်များ၊ လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မဝတ္ထုငွေများ ဆက်ကပ် လှူဒါန်းကြသည်။

ထို့နောက် နိုင်ငံတော် သံဃ မဟာနာယကအဖွဲ့ အကျိုးတော် ဆောင်၊ မစိုးရိမ်တိုက်သစ် မဟာ နာယက၊ ဓမ္မသမိဒ္ဓိကျောင်းဆရာ တော်ထံမှ ဩဝါဒများနာယူကြ၍ လှူဒါန်းမှုအစုစုအတွက် သာဓုအနု မောဒနာတရားနာယူကာ ရေစက် သွန်းချ အမျှပေးဝေပြီးနောက် ဆရာတော်၊ သံဃာတော်များကို နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်း ခဲ့ကြကြောင်း သိရသည်။

မျိုးကျော်

# ကန့်ဘလူမြို့နယ်တွင် ဆောင်းသီးနှံ မတ်ပဲ ၁၈၅၄၄ ဧက စိုက်ပျိုးပြီးစီး

ကန့်ဘလူ ဇန်နဝါရီ ၂

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကန့်ဘလူမြို့နယ် တွင် ယခုနှစ် ဆောင်းသီးနှံ စိုက် ပျိုးရာသီ၌ မတ်ပဲ ၁၈၅၄၄ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကန့်ဘလူမြို့နယ် စိုက်ပျိုးရေး ဦးစီးဌာနမှ သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက် ပျိုးရာသီ၌ ကန့်ဘလူမြို့နယ်တွင် မတ်ပဲ ၁၈၄၃၇ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တို ဘာလမှစတင် စိုက်ပျိုးခဲ့ရာ ယနေ့ တွင် ၁၈၅၄၄ ဧကထိစိုက်ပျိုးပြီးစီး ပြီဖြစ်သဖြင့် လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုး ရာသီမှာ ကန့်ဘလူမြို့နယ်အတွင်း မတ်ပဲ ၁၈၄၃၇ ဧက စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ၁၈၅၄၄ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်လို့ လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင် ခဲ့ပါတယ်။ မတ်ပဲစိုက်ပျိုးရာမှာ လိုအပ်တဲ့နည်းပညာတွေ၊ မျိုးစေ့ တွေ၊ ပိုးမွှားရောဂါ ကာကွယ်ရေး နည်းလမ်းတွေကို ဆောင်ရွက်ပေး ခဲ့ပါတယ်" ဟု ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ် ဦးစီးမှူး ဦးမျိုးဇော်က ပြောပြသည်။

ကန့်ဘလူမြို့နယ်တွင် မတ်ပဲ စိုက်တောင်သူများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ဒေသနှင့် ကိုက်ညီသည့် မျိုးကောင်းမျိုးသန့် ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှု ကင်းရှင်းရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲ ရေး၊ အထွက်နှုန်းကောင်းမွန်ရေး အသိပညာပေးလုပ်ငန်းများ ဆောင် ရွက်ပေးခဲ့ကြောင်း သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုး ရာသီ၌ မတ်ပဲသီးနှံများအောင်မြင် ဖြစ်ထွန်းပြီး အထွက်နှုန်းကောင်း အောင် စိုက်ပျိုးနိုင်ပါက နိုင်ငံ အတွင်းစားသုံးမှုဖူလုံစေရုံသာမက ပြည်ပသို့ပါ တင်ပို့နိုင်မည်ဖြစ် ကြောင်း၊ ထုတ်လုပ်မှုနှင့်ဈေးကွက် လိုအပ်ချက်ဖြစ်သည့် ဝယ်လိုအား မျှတလာကာ လူမှုစီးပွားဘဝများ မြင့်မားလာမည် ဖြစ်သောကြောင့် မတ်ပဲသီးနှံကို တိုးချဲ့စိုက်ပျိုးနိုင် ရန်ကြိုးပမ်းသင့်ကြောင်း ကန့်ဘလူ မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးဇော်က ပြောပြ၍ သိရသည်။ (၂၀၆)

# မန္တလေး ဆိုင်ကယ်ဈေးကွက်၊ ကားဈေးကွက်

မန္တလေး ဇန်နဝါရီ ၂

မန္တလေး ဆိုင်ကယ်ဈေးကွက် တွင် ဈေးနှုန်းများ မြင့်တက်နေဆဲ ဖြစ်သောကြောင့် အရောင်းအဝယ် ဖြစ်မှုနည်းပါးနေပြီး တစ်ပတ်ရစ် ဘီးများ ပုံမှန်အတိုင်း အရောင်း အဝယ် ဖြစ်နေသကဲ့သို့ လျှပ်စစ် ဆိုင်ကယ်များလည်း ဝယ်ယူမှုများ လာကြောင်း ၅၉ လမ်း ဆိုင်ကယ် ဝိုင်းအတွင်းမှ သိရသည်။

လျှပ်စစ်ဆိုင်ကယ်များသည် တရုတ်နိုင်ငံနှင့် ထိုင်းနိုင်ငံတို့မှ အများဆုံးဝင်ရောက်ပြီး တင်သွင်း သည့် ကုမ္ပဏီအမျိုးအစားပေါ် မူတည်၍ ဈေးနှုန်းကွာခြားကာ အနည်းဆုံးငွေကျပ် ၁၅ သိန်းခန့်မှ သိန်း ၅၀ ကျော်ထိ ပေါက်ဈေးရှိ ကြောင်း ဈေးကွက်အတွင်းမှ သိရသည်။

“အရောင်းအဝယ်အေးနေတဲ့ ကြားဆိုင်ကယ်ဈေးတွေကထပ်ပြီး တက်လာတော့ ပိုပြီးအရောင်း အဝယ်အေးလာတယ်။ လျှပ်စစ် ဆိုင်ကယ်လေးတွေတော့ ဇန်နဝါရီ လထဲ အရောင်းအဝယ်ဖြစ်တာ တွေ့ရပါတယ်။ ဘီးဟောင်းတွေက တော့ ပုံမှန်အရောင်းအဝယ် ရှိပါ တယ်” ဟု ၅၉လမ်း ဆိုင်ကယ်ဝိုင်း မှ ဦးမင်းနိုင်က ပြောပြသည်။

တရုတ်နိုင်ငံထုတ် ဆိုင်ကယ် ဈေးနှုန်းများအနေဖြင့် 110 အမျိုး အစားများမှာ ငွေကျပ် ၁၅ သိန်းမှ ငွေကျပ် ၂၂ သိန်းခန့်၊ အင်ဂျင်ပါဝါ 125 ရုပ်ဆိုး/125 R/CZI အမျိုး အစားများမှာ ငွေကျပ် ၁၈ သိန်းမှ ငွေကျပ် ၂၈ သိန်း ရှိကြောင်း သိရသည်။

ကားဈေးကွက်တွင်လည်း ကားဈေးနှုန်းများ မြင့်တက်လာ ပြီး အရောင်းအဝယ်ဖြစ်မှု နည်းပါး ကာ ပွိုင့်သရီးကားလေးများနှင့် ၆၆၀ စီစီ ပစ်ကပ်ကားလေးများ အရောင်းအဝယ် အနည်းငယ်ရှိနေ ကြောင်း ဈေးကွက်အတွင်းမှ သိရသည်။

ပွိုင့်သရီး အမျိုးအစားထဲက တိုယိုတာဝှစ်၊ တိုယိုတာ ကလူဂါ၊ တိုယိုတာရက်တစ်၊ တိုယိုတာဗစ်၊ ဆူဇူကီးဆွစ်၊ တိုယိုတာဘယ်တာ ကားလေးများ အရောင်းအဝယ်ရှိ နေရာ ငွေကျပ်သိန်း ၅၀၀ အထက် ဈေးပေါက်နေပြီး ၆၆၀ စီစီ ပစ်ကပ်ကားလေးများတွင် လည်း ငွေကျပ်သိန်း ၃၂၀ နှင့် ၃၈၀ ကြား အရောင်းအဝယ်ရှိနေ ကြောင်း သိရသည်။

(၁၇၃)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချီရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# မိုးညှင်းမြို့နယ် ဇီးကုန်းကျေးရွာတွင် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**မိုးညှင်း ဇန်နဝါရီ ၂**

ကချင်ပြည်နယ် မိုးညှင်းခရိုင် မိုးညှင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ယခုဘဏ္ဍာနှစ်တွင် ဇီးကုန်းကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း (VDP) ရန်ပုံငွေနှင့် ပြည်သူထည့်ဝင်ငွေတို့ဖြင့် ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ဇန်နဝါရီ ၁ ရက်က တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိုးညှင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးထွန်းထွန်းဝင်း၊ မိုးညှင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဌေးမြင့်၊စီမံကိန်းတာဝန်ခံများနှင့်အတူ ဇီးကုန်းကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ကျေးရွာကော်မတီဝင်များနှင့် တွေ့ဆုံကာ လုပ်ငန်းများရေရှည်တည်တံ့ခိုင်မြဲရေး ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားကာ ကျေးရွာ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ ဇီးကုန်းကျေးရွာ၌ လမ်းအရှည်ပေ ၅၉၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း (VDP) ရန်ပုံငွေကျပ် ၁၅ သန်း၊ ပြည်သူထည့်ဝင်ငွေကျပ် ၁၉ သန်း စုစုပေါင်း ရန်ပုံငွေကျပ် ၃၄ သန်း အသုံးပြု၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် ၂၀၂၄ ခုနှစ် ဩဂုတ်လ တတိယပတ်က စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း ခရိုင်ဦးစီးမှူး ဦးထွန်းထွန်းဝင်းထံမှ သိရသည်။

**ချစ်ဦးကို**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် မန္တလေးမြို့ ၈၁ လမ်း၊ ၄၄-၄၅ လမ်းကြားနေ ဒေါ်စိန်စိန်က အဘိုး ဦးချိန်၊ အစ်ကို ဦးကိုကြီး၊ ဦးကိုလေး၊ ဦးဖိုးထူး၊ အစ်မ ဒေါ်အမာတို့အားရည်စူး၍ ဆွမ်းအလှူငွေကျပ် ၅၀၀၀၀၀ လှူဒါန်းရာ ဆွမ်းကွမ်းအတွင်းရေးမှူး ဦးဝဏ္ဏနှင့် ဆွမ်းကွမ်းအဖွဲ့ဝင် ဦးဝင်းမြင့်တို့က လက်ခံရယူစဉ်။

# ကန်ကြီးထောင့်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံ ၁၉၈၅ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ပုသိမ် ဇန်နဝါရီ ၂**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကန်ကြီးထောင့်မြို့နယ်တွင် ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံ ၁၉၈၅ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်အေးအေးမူက ပြောပြ၍ သိရသည်။

ကန်ကြီးထောင့်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံ ၂၃၀၉ ဧက စိုက်ပျိုးရန်လျာထားပြီး ၂၀၂၄ ခုနှစ် အောက်တိုဘာလ ပထမပတ်က စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ စားဖိုဆောင်သီးနှံ ၁၉၈၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါ စားဖိုဆောင်သီးနှံများ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ရန် စိုက်ပျိုးရေးဦးစီးဌာနနှင့် ဒေသခံတောင်သူများ ပူးပေါင်းဆောင်ရွက်နေကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ကန်ကြီးထောင့်မြို့နယ်အတွင်း စားဖိုဆောင်သီးနှံ ၂၃၀၉ ဧက စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ၁၉၈၅ ဧက စိုက်ပျိုးပြီးစီးပါပြီ။ ကျန်တဲ့ ဧကတွေကို ဆက်လက် စိုက်ပျိုးနေပါတယ်။ စားဖိုဆောင်သီးနှံတွေ အခက်အခဲမရှိ စိုက်ပျိုးနိုင်ဖို့အတွက် လိုအပ်တဲ့ ပိုးမွှားရောဂါကာကွယ်ရေးလုပ်ငန်းနဲ့ စိုက်ပျိုးရေးနည်းပညာပေးလုပ်ငန်းတွေကို စိုက်ပျိုးရေးဦးစီးဌာနက ကြိုတင်ဆောင်ရွက်ပေးနေပါတယ်။ သက်ဆိုင်ရာဌာနအသီးသီးကလဲ သီးနှံတွေစိုက်ပျိုးနိုင်ဖို့ လိုအပ်သလို ချိတ်ဆက်ကူညီပေးနေပါတယ်"ဟု ခရိုင်ဦးစီးမှူး ဒေါ်အေးအေးမူက ပြောပြသည်။

ယခုနှစ် စားဖိုဆောင်သီးနှံ ၂၃၀၉ ဧက စိုက်ပျိုးရာတွင် နံနံ၊ ဂေါ်ဖီ၊ ခရမ်း၊ မုန်လာ၊ ပိန်း၊ တိုင်ထောင်ပဲ၊ ကြက်ဟင်းခါး၊ ရုံးပတီ စသည့်သီးနှံများကို အများဆုံး စိုက်ပျိုးနေကြောင်း သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံများ အောင်မြင်ဖြစ်ထွန်းပြီး အထွက်နှုန်းကောင်းအောင် စိုက်ပျိုးနိုင်ပါက နိုင်ငံတွင်းစားသုံးမှုဖူလုံစေပြီး ထုတ်လုပ်မှုနှင့် ဈေးကွက်လိုအပ်ချက်ဖြစ်သည့် ဝယ်လိုအားမျှတလာကာ လူမှုစီးပွားဘဝများ မြင့်မားလာမည်ဖြစ်သဖြင့် စားဖိုဆောင်သီးနှံများကို တိုးချဲ့စိုက်ပျိုးနိုင်ရန် ကြိုးပမ်းသင့်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်အေးအေးမူက ပြောပြ၍ သိရသည်။ **ကျော်ကျော်လင်း**

# စလင်းမြို့နယ် မြောင်းကောက်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း စစ်ဆေး

**စလင်း ဇန်နဝါရီ ၂**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စလင်းမြို့နယ် မြောင်းကောက်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေဖြင့် လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ဇန်နဝါရီ ၁ ရက်က တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သွင်နှင့် ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ မြောင်းကောက်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၃၆ ဒသမ ၆ သန်းဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်အခြားလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများ၊ လစဉ်ဖြည့်သွင်းရမည့် စာရင်းဇယားများ စနစ်တကျ ဖြည့်သွင်းထားမှုနှင့် စီမံကိန်းဆိုင်ရာ ညွှန်ကြားချက်များ၊ စည်းမျဉ်းစည်းကမ်းများအပေါ် လိုက်နာဆောင်ရွက်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သွင်က လိုအပ်သည်များ မှာကြားသည်။

အဆိုပါ မြောင်းကောက်ကျေးရွာ၌ ယခု ပဉ္စမနှစ်စက်ဝန်းတွင် စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ အရောင်းအဝယ်လုပ်ငန်း နှင့် အသေးစားစက်မှုလက်မှုလုပ်ငန်း လုပ်ကိုင်ကြသည့် အသင်းသား၊ အသင်းသူ ၈၆ ဦးကို ငွေကျပ် ၃၆ ဒသမ ၆ သန်းထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများ လည်ပတ်ဆောင်ရွက်လျက်ရှိကြောင်း စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သွင်က ပြောပြ၍ သိရသည်။

**သန်းသန်းစိုး**

# ကသာမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော အစေ့ထုတ်ပြောင်းနှင့်ဖူးစားပြောင်း ၃၉၈၅ ဧက ရိတ်သိမ်းပြီးစီး

**ကသာ ဇန်နဝါရီ ၂**


စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကသာမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သောအစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်း ၃၉၈၅ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ကသာမြို့နယ် စိုက်ပျိုးရေး ဦးစီးဌာနမှ သိရသည်။

ကသာမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီက အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်း ၃၉၈၅ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသော ပြောင်းခင်းများကို ၂၀၂၄ ခုနှစ် ဩဂုတ်လမှစတင်၍ ယနေ့ထိ ရိတ်သိမ်းခဲ့ရာ အစေ့ထုတ်ပြောင်း ၉၈၅ ဧက တစ်ဧကလျှင် ၅၀ ဒသမ ၁၄ တင်း၊ ဖူးစားပြောင်း ဧက ၃၀၀၀ တစ်ဧကလျှင် ပြောင်းဖူးရေ ၁၅၀၀၀ ထွက်ရှိခဲ့ကြောင်း သိရသည်။

"မိုးသီးနှံစိုက်ပျိုးရာသီက ကသာမြို့နယ်မှာ အစေ့ထုတ်ပြောင်းနဲ့ဖူးစားပြောင်း ၃၉၈၅ ဧကထိ စိုက်ပျိုးခဲ့ပါတယ်။ အဲဒီ စိုက်ပျိုးထားတဲ့ ပြောင်းဧကအားလုံး ရိတ်သိမ်းပြီးစီးပြီ ဖြစ်ပါတယ်။ ပြောင်းသီးနှံတွေ ဖြစ်ထွန်းအောင်မြင်ဖို့၊ ပိုးမွှားရောဂါ ကျရောက်မှုမရှိစေဖို့ အသိပညာပေးတာတွေ ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု ကသာမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုလေးက ပြောပြသည်။

ကသာမြို့နယ်တွင် အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်းစိုက် တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက သင်တန်းပေးခြင်း၊ ကွင်းသရုပ်ပြပွဲများ ဆောင်ရွက်ခြင်း၊ ဖောင်မြှောင်တောင်ပိုး ကြိုတင်ကာကွယ်ရေး၊ ဘက်စုံသီးနှံ ကာကွယ်ရေးစနစ်ဖြစ်သည့် တမာပိုးသတ်ဆေးအသုံးပြုရေး စသည့်စိုက်ပျိုးရေးဆိုင်ရာများ အသိပညာပေးခဲ့ကြောင်း သိရသည်။

ကသာမြို့နယ်တွင် အစေ့ထုတ်ပြောင်းနှင့်ဖူးစားပြောင်းများ အောင်မြင်ဖြစ်ထွန်းအောင် စိုက်ပျိုးနိုင်ပါက နိုင်ငံတွင်းစားသုံးမှုဖူလုံစေသည့်အပြင် ပြည်ပသို့ပါ တင်ပို့နိုင်ပြီး လူမှုစီးပွားဘဝ မြင့်မားလာမည်ဖြစ်သဖြင့် အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်းများကို တိုးချဲ့စိုက်ပျိုးနိုင်ရန် ကြိုးပမ်းသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဦးကိုလေးက ပြောပြ၍သိရသည်။ (၂၀၆)



# တမ်းတမ်းတတ မေ့မရတဲ့ ဆရာကြီးဇေယျ

**မောင်ငြိမ်းသူ(ကြို့ပင်ကောက်)**



ဝဏ္ဏကျော်ထင် သီရိပျံချီ ဆရာကြီးဇေယျ

**"ဝဏ္ဏကျော်ထင် သီရိပျံချီ ဆရာကြီးဇေယျ"** ၁၂၅ နှစ်ပြည့်မွေးနေ့ မြန်မာ့မျက်ပွင့်စာကြည့်တိုက်တည်ထောင်ခြင်း ၁၀ နှစ်ပြည့်နှင့် မြန်မာစာဆိုတော်ကြီးများအား ပူဇော်ခြင်းအထိမ်းအမှတ်၊ ဇီးကုန်းမြို့သား ဒေါက်တာရဲဇော်(ဖိတ်ခေါ်) စာပေ(စာမူ)ပြိုင်ပွဲကို ကျင်းပခဲ့ရာ ပဲခူးတိုင်းဒေသကြီးတာဝန်ခံ မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်း ဗဟိုအမှုဆောင်ကော်မတီဝင် ကျွန်တော်က စာပေဆုရွေးချယ်ရေးတာဝန်ကို ယူခဲ့ရပါသည်။

ကျွန်တော်နှင့်အတူ မြန်မာနိုင်ငံစာရေးဆရာအသင်း ဥက္ကဋ္ဌ၊ အမျိုးသားစာပေတစ်သက်တာဆုရ ဆရာအလင်္ကာကျော်စွာ ဦးအုန်းမောင် (မြင်းမူမောင်နိုင်မိုး)၊ အမျိုးသားစာပေတစ်သက်တာဆုရ ဆရာမအလင်္ကာကျော်စွာ ဒေါ်ချိုချိုတင်(မစန္ဒာ)၊ ထပ်ဆင့်အမျိုးသားစာပေဆုရဆရာမ မနှင်းဖွေး၊ ဆရာမောင်စိမ်းနောင်(လယ်ဝေး)နှင့် ထွန်းဖောင်ဒေးရှင်းစာပေဆုရ ဆရာအောင်ကြည်ညွန့်(တက္ကသိုလ်)တို့လည်း ပါဝင်စိစစ်ရွေးချယ်ပေးခဲ့ကြသည်။ စာပေဆုများအတွက် ကဗျာ၊ ဝတ္ထု၊ ဆောင်းပါး ပထမဆုငွေကျပ် ငါးသိန်း၊ ဒုတိယဆုငွေကျပ် သုံးသိန်း၊ တတိယဆုငွေကျပ် နှစ်သိန်း၊ အထူးဆုနှစ်ဆုငွေကျပ် တစ်သိန်းစီ စုစုပေါင်း ၁၅ ဆု ချီးမြှင့်ပွဲကို ၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၂၇ ရက် နံနက်ပိုင်းက ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် ဇီးကုန်းမြို့၌ ကျင်းပခဲ့သည်။ ထို့ကြောင့် ဇီးကုန်းမြို့သား ဆရာကြီးဇေယျကို ပြန်လည်အောက်မေ့ တမ်းတနေရပါသည်။ ၁၉၀၀ ပြည့်နှစ် ဇူလိုင် ၁ ရက်တွင် ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် ဇီးကုန်းမြို့ ၌ မွေးဖွားခဲ့သော ဆရာကြီးဇေယျသည် ၁၉၈၂ ခုနှစ် အောက်တိုဘာ ၄ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ်၌ ကွယ်လွန်ခဲ့သည်။

အသက် ၈၂ နှစ်တွင် ကွယ်လွန်သွားရှာပြီဖြစ်သော ဆရာကြီးဇေယျသာ သက်ရှိထင်ရှားရှိနေလျှင် ယခုအခါ အသက် ၁၂၅ နှစ်ကျော်သွားခဲ့လေပြီ။

လူသေသော်လည်းနာမည်မသေ၊ သူ့စာတွေ လုံးဝမသေဘဲ၊ ရှင်သန်နေဆဲပင်။

ဆရာကြီးဇေယျာ၏စာစုစာရင်းတွင် ပင်ကိုရေးကဗျာ ၁၆ ပုဒ်၊ စာညွှန့် သုံးပုဒ်၊ ဝတ္ထုဆောင်းပါး အပုဒ် ၂၀၊ ဝတ္ထုတို ၉၆ ပုဒ်၊ ခရီးသွားမှတ်တမ်း ၁၇ ပုဒ်၊ စာပေဆိုင်ရာဆောင်းပါး ၁၈၉ ပုဒ်၊ သမိုင်းဆိုင်ရာဆောင်းပါး ၆၈ ပုဒ်၊ အနုပညာဆောင်းပါး ၃၇ ပုဒ်၊ အတ္ထုပ္ပတ္တိဆိုင်ရာဆောင်းပါး ၃၉ ပုဒ်၊ အထွေထွေဆိုင်ရာဆောင်းပါး ၂၈၅ ပုဒ်ရှိကြောင်း သိရသည်။

လုံးချင်းစာအုပ်ပေါင်း ၂၀ ရှိရာ ဆောင်းပါး၊ စာတန်း၊ ဝတ္ထုတိုပေါင်းချုပ်၊ ဝတ္ထုရှည်ဘာသာပြန်၊ ဝတ္ထုဆောင်းပါးလုံးချင်းများဖြစ်ကြသည်။

ဆရာကြီးဇေယျသည် စာမျိုးစုံရေးသားခဲ့ရာ ယနေ့ခေတ်စားနေသော တက်ကျမ်းများနှင့် ဓာတိသွေးဓာတိမာန်တက်ကြွစေသောစာများလည်း ပါဝင်သည်။

၁၉၉၉ ခုနှစ်တွင် **"ရာပြည့်အကြိုဆရာကြီးဇေယျ (၁၉၀၀-၁၉၈၂)အထိမ်းအမှတ် ပထမအကြိမ် ဝါမိုးအောင်ဝတ္ထုတိုပြိုင်ပွဲ"**ကျင်းပခဲ့ပြီး ၂၀၀၀ပြည့်နှစ်တွင် **"ဆရာကြီးဇေယျ၊ ဆရာကြီးမဟာဆွေ ရာပြည့် အထိမ်းအမှတ်စာတမ်းဖတ်ပွဲနှင့် ဒုတိယအကြိမ် ဝါမိုးအောင်ဝတ္ထုတိုဆုပေးပွဲ"**ကို ကျင်းပခဲ့သည်။

ကျွန်တော်တို့ ဆယ်တန်းကျောင်းသားဘဝက၊ ဆရာကြီးဇေယျရေးသားခဲ့သော **"မြန်မာ့ မျက်ပွင့် (ရှာခလေ့)(လူခလေ့)"** စာအုပ်ကိုပြဋ္ဌာန်းခဲ့ရာ**"ကောက်ရိုးနွယ်" "ကန်စွန်းနွယ်" " သခွတ်ပွင့်ချိန်"** တို့ကိုခံစားချက်နှင့် ထပ်တူထပ်မျှခံစားကြရသောကြောင့် ဆရာကြီးဇေယျကို ကြည်ညိုလေးစားနေခဲ့သည်။ အထင်လည်းကြီးပြီး တွေ့ချင်မြင်ချင်နေခဲ့သည်။

ကျွန်တော်အသက် ၃၃ နှစ်နားနီးမှသာ ဇီးကုန်းနှင့်ကြို့ပင်ကောက်ဒေသခံချင်း စမ်းချောင်းမြို့နယ်တွင် တွေ့ဆုံခဲ့ရသောအခါ ရေငတ်တုန်းရေတွင်းထဲကျသလို ဖော်ပြနိုင်စွမ်းမရှိအောင် ဝမ်းသာပီတိဖြစ်ခဲ့ရပါသည်။ ကျောင်းသားဘဝတွင် မြင်ဆရာဖြစ်ခဲ့သော ဆရာကြီးဇေယျသည် ကျွန်တော်လူရွယ်ဘဝတွင်ပင် သင်ဆရာဖြစ်ခဲ့ရသည်။ ဆရာကြီးဇေယျက ခပ်တည်တည်ဖြင့် အရွှန်းအနောက်စကားများပြောကြားရင်း၊ ဂုဏ်သိက္ခာရှိသော စာရေးဆရာဖြစ်စေရန် လမ်းညွှန်ဩဝါဒစကားများကို အမြဲတမ်းပြောကြားခဲ့သည်။

ဆရာကြီးဇေယျက သူရေးသားခဲ့သော ကဗျာ၊ ဆောင်းပါး၊ ဝတ္ထုများ၏အနှစ်ချုပ်ကို ပမာထုတ်ကာ ရိုးရိုးရှင်းရှင်းနှင့် စာဖတ်သူနားလည်ခံစား ခံယူတတ်အောင် ရေးသားရန် နည်းလမ်းပြခဲ့သည်။ ဘဝမမေ့၊ ခလေ့ကိုမပစ်ပယ်ရန်လည်း ကျွန်တော့်ကိုသတိပေးခဲ့သည်။ ပိုင်နိုင်ကျွမ်းကျင်မှုမရှိသည့် အကြောင်းခြင်းရာများကို ဘယ်သောအခါမျှ မရေးမိစေရန်လည်း တားမြစ်ခဲ့သည်။ ခေးသွားထက် ကလောင်သွားထက်သည်မှန်သော်လည်း ပုဂ္ဂိုလ်ရေးအာဃာတ အယူအဆမတူမှုကြောင့် ပြူစူပုတ်ခတ်သည့် စာဖျင်းစာညံ့များကိုလည်း လုံးဝမရေးသားရန် တဖွဖွမှာကြားခဲ့သည်။

ကျွန်တော့်အနေဖြင့် မြင်ဆရာ၊ သင်ဆရာဖြစ်ခဲ့သော ဆရာကြီးဇေယျ၏ဩဝါဒများကို ယနေ့တိုင်မမေ့နိုင်ဘဲ သတိရတမ်းတနေမြဲပါ။ လွမ်းဆွတ်နေဆဲပါ။

ဘဝကိုမမေ့ ခလေ့ကိုမပစ်ပယ်ခဲ့သောဆရာကြီးဇေယျသည် သူကိုယ်တိုင်ရေးသားခဲ့သော **"ကောက်ပင်ဝါဝင်း"** ကဗျာ၊ **"မိုးဦးကျတွင် လွမ်းရကြောင်း"** ဘွဲ့လေးချိုး၊ **"နွေရာသီတောတောင် ဘွဲ့ရတုပိုဒ်စုံ" "မိုးဘွဲ့ကဗျာများ" "ကောက်ရိုးနွယ်"** စာညွှန့်ဆောင်းပါး **"ကန်စွန်းနွယ် ဝတ္ထုဆောင်းပါး"**၊ **"တောကအလုပ်"** ဝတ္ထုဆောင်းပါး **"ဒို့ရွာဒို့ကျောင်း" "ပျော်စရာပေါ်တဲ့ ဒို့တောရွာ" "မြခက်ကလေး၏မျက်နှာ"**ဝတ္ထုဆောင်းပါးများ၊ **"တောလားသစ်"**ဝတ္ထုတို၊ **"မြန်မာ့မျက်ပွင့် (စာခလေ့)" မြန်မာ့မျက်ပွင့်(ရွာခလေ့၊ လူခလေ့)"** လုံးချင်းစာအုပ်များက ရိုးရာယဉ်ကျေးမှုနှင့်မြန်မာ့စိတ်ရင်းကိုဖော်ပြကာ ဘဝကိုမမေ့ကြောင်း၊ ခလေ့ကိုမပစ်ပယ်ကြောင်း သက်သေပြနိုင်ခဲ့သည်။ ကျွန်တော်က စမ်းချောင်းမြို့နယ် မြို့နယ်စာပေလုပ်သားအဖွဲ့မှထုတ်ဝေခဲ့သည့် **စမ်းမြသီတာစာစောင်(မဂ္ဂဇင်း)**ကို ဆရာကြီးဇေယျမကွယ်လွန်မီ ၁၉၈၂ ခုနှစ်ဆန်းတွင် တာဝန်ယူထုတ်ဝေခဲ့ရာ ဆရာကြီးဇေယျထံမှ စာမူတောင်းခံခဲ့သည်။ ဆရာကြီးကလည်း ဒေသခံချင်းပမာ ကြင်နာစွာဖြင့် လိုလိုလားလားပင် စာမူတစ်ပုဒ်ချီးမြှင့်ခဲ့သည်။

ဆောင်းပါး၏ခေါင်းစီးက **"ဖတ်လည်းဖတ်၊ မှတ်လည်းမှတ်"**ဟုပေးထားပါသည်။ ဆရာကြီးဇေယျက သူပေးထားသောခေါင်းစီးနှင့်အညီ ရေးသားထားရာ၌ "လောက၌ဆင်းရဲသည် အောက်ကျနောက်ကျဖြစ်ရသည်များမှာ ဗဟုသုတမရှိကြသောကြောင့်ဖြစ်ကြောင်း၊ ရန်သူအမျိုးမျိုးဝိုင်းရံလျက်ရှိသော လူ့ဘဝအတွက် ဗဟုသုတသည် အကောင်းဆုံးအကာအကွယ်ဖြစ်ကြောင်း၊ ဗဟုသုတဆိုသည်မှာ တစ်ဆင့်စကားကြောင့် သိရသော**"သုတ"**၊ မျက်မြင်ကြုံတွေ့ရသော **"ဒိဋ္ဌ"**၊ ကိုယ်တွေ့ခံစားရသော **"မုတ"**ဟူ၍ သုံးမျိုးရှိကြောင်း၊ ထိုသုံးမျိုးအနက် တစ်ဆင့်စကားကြားရသော **"သုတ"**ထက် ကိုယ်တိုင် မြင်တွေ့ရသော **"ဒိဋ္ဌ"**က ပို၍ကောင်းကြောင်း **"ဒိဋ္ဌ"** ထက်ကိုယ်တိုင်ခံစားရသော ကိုယ်တွေ့ **"မုတ"**က ပို၍ကောင်းကြောင်း သို့သော် ဗဟုသုတရလိုကြသူများအနေဖြင့် ကိုယ်တွေ့မျက်မြင်မျှလောက်ဖြင့် မပြည့်စုံနိုင် တစ်ဆင့်စကားများကိုသာ အများဆုံးအားကိုးကြရမည်ဖြစ်ရာ တစ်ဆင့်စကားများပါရှိသော စာအုပ်များကိုပင် ဖတ်ရှုမှတ်ယူကြရမည်ဖြစ်ကြောင်း၊ ဘယ်လောက်ပင် ဗာဟီရအလုပ်ကိစ္စများသောသူဖြစ်စေကာမူ အားလပ်သောအချိန်ကလေးများ ရနိုင်ကြသည်ဖြစ်ရာ ထိုအချိန်ကလေးမှာ အတင်းအဖျင်းစကားပြောကြားနေကြမည့်အစား အလကားငေးမောနေကြမည့်အစား စာကိုတစ်ပိုဒ်စ၊ တစ်ခန်းစဖတ်နိုင်ကြောင်း၊ ခေါင်းထဲကိုအတင်းထိုးထည့်စရာမလိုကြောင်း၊ အရေးကြီးသည်မှာ နည်းသည်များသည်မဟုတ်ဘဲ ဖတ်မိသမျှမှတ်မိရန်လိုကြောင်း၊ နားလည်ရန်လိုကြောင်း၊ ဖတ်မိသော်လည်းမမှတ်မိ၊ မှတ်မိသော်လည်းနားမလည်လျှင် ကြက်တူရွေးစကားတတ်၍ မျောက်ဘိုးစိန်ကသကဲ့သို့သာ ရှိချေမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ဗဟုသုတလိုချင်လျှင် စာဖတ်ရမည်ကို မကြောက်နှင့်။ ဖတ်နိုင်သလောက်သာဖတ် မှတ်မိနိုင်သလောက်မှတ်ပါ။ တစ်နေ့လျှင် တစ်ခုပဲမှတ်မိပါက ၃၆၅ ရက်၊ တစ်နှစ်ကြာလျှင် ၃၆၅ ခုမှတ်မိကာ ၁၀ နှစ်ကြာလျှင် ပညာရှင်ကြီးတစ်ဦးဖြစ်နိုင်ကြောင်း သာဓကများဖြင့် ရေးသားထားရာ၊ စာပေတက်ကျမ်းတစ်ပုဒ်ဟု သတ်မှတ်နိုင်ပါသည်။ အလွန်ပင်မှတ်သားနာယူဖွယ်ကောင်းလှပါသည်။

ဆရာကြီးဇေယျ ၁၉၈၂ ခုနှစ်ကရေးခဲ့သော အဆိုပါဆောင်းပါးမှာ ယနေ့ကျွန်တော်တို့ စဉ်ဆက်မပြတ်ဆောင်ရွက်နေသော **စာဖတ်ရှိန်မြှင့်တင်ရေးနှင့် စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေး** လုပ်ငန်းစဉ်၏ ရှေ့ပြေးလှုံ့ဆော်ရေးသားချက်ဆိုလျှင် မမှားပေ။ **စာမဖတ်သူပပျောက်ရေး**ဆောင်ပုဒ်က ဆရာကြီးဇေယျက ကြိုတင်၍ ဟောကိန်းထုတ်ခဲ့သည့်နှယ် မှန်ကန်ထိရောက်တန်ဖိုးရှိလှပါပေသည်။ ရှေးပညာရှင်ကြီးများကား အမြော်အမြင်ကြီးမားလှပေစွတကား။

စာပေလောကတွင် တက်ကျမ်းများနှင့် နိုင်ငံရေးစာပေများ ရောင်းအားကောင်းဖတ်အားကောင်း မျက်နှာပန်းပွင့်ခဲ့ကြသည်။ သို့သော်အချို့က ပြည်ပမှသန်းကြွယ်သူဌေးကြီးများ၊ လုပ်ငန်းရှင်ကြီးများ ကြီးပွားတိုးတက်လာကြပုံကို ဘာသာပြန်၍ထုတ်ဝေနေကြခြင်းဖြစ်သည်။

အင်္ဂလိပ်စာကျွမ်းကျင်ပြီး ဘာသာပြန်တော်သော ဆရာကြီးဇေယျကမူ တောခလေ့၊ ရွာခလေ့၊ လူခလေ့များကိုရေးသားရင်းဖြင့် မြန်မာ့လူ့ဘောင်လောကထဲမှ တက်ကျမ်းဆန်သောစာပေများကို ကြိုတင်၍ရေးသားခဲ့ပေသည်။ မည်သူငြင်းဆန်ဝံ့မည်နည်း။

ပမာတင်ပြရလျှင် ကျွန်တော်တို့ အထက်တန်းကျောင်းသားဘဝက သင်ကြားခဲ့ကြရသော **"မြန်မာ့မျက်ပွင့်"(ရွာခလေ့၊ လူခလေ့)စာအုပ်ထဲမှ၊ "ကန်စွန်းနွယ်"**ကို ဖတ်ရှုကြည့်နိုင်သည်။

"နှင်းဆီသည်ကောင်းပါ၏။ လှပါ၏။ သို့သော် လူတို့က စိုက်နိုင်၊ ပျိုးနိုင်၊ ရေလောင်းနိုင်၊ ပြုစုနိုင်မှ ပေါက်သည်။ လူကပြုစုမပေးနိုင်သည်နှင့် ပျောက်ကွယ်ကုန်၏။ လယ်ကန်သင်းရေစပ်မှ ကန်စွန်းနွယ် ကလေးကား၊ မည်သူမျှမပြုရဘဲ သေသည်ပျောက်သည်မရှိ၊ အမြဲထာဝရရှင်လန်းပေါက်ရောက်လျက်ရှိ၏" ဆရာကြီးဇေယျက ရိုးရှင်းစွာရေးသားထားသော်လည်း အလွန်ပင်လေးနက်တာသွားလှပါပေသည်။

ဆရာကြီးဇေယျ၏ တက်ကျမ်းစာညွှန့်တစ်ပုဒ်ကို ကောက်နုတ်ဖော်ပြရလျှင် **"မြန်မာ့မျက်ပွင့်"** (ရွာခလေ့၊ လူခလေ့များ)စာအုပ်ထဲမှ **"ကောက်ရိုးနွယ်"**ကိုလည်း ဖတ်ရှုအတုယူသင့်ကြပါသည်။

"ရိုးပြတ်များကိုလိမ်၍၊ ပတ်ကြားအက်များကို ကျော်လျက်၊ ပေါက်သွားသောကောက်ရိုးနွယ်ကလေး၊ အတော်သန်ပုံရ၏။ အရင်းဘက်တွင်၊ အရွက်များရင့်လျက် လက်ခွကြားမှ အပွင့်ကလေးတစ်ပွင့်ထွက်နေ၏။ လက်သန်းဖျားလောက်ရှိ၏။ အနားဖြူ၍ အလယ်တွင် ခရမ်းရောင်လိုလိုရှိ၏။ အနွယ်ကလေးကလည်း ရိုးရိုးဖြစ်၏။ အရွက်ရောအပွင့်ပါ ရိုးရိုးကလေးဖြစ်၏။ မြေကြီးကိုတွား၍ပေါက်ရ၏။ ပတ်ကြားအက်များကြားတွင် ပျော်ရ၏။ တော်တော်ရိုး၏။ တော်တော် အောက်တန်းကျ၏။ သို့သော် အနွယ်ကလေးမှာ အားလျော့ပုံမရ။ အညွှန့်ကလေးတစ်ညွှန့်သည် တစ်ထွာကျော်ကျော်မျှရှိသော ရိုးပြတ်ကလေးကိုလိမ်တက်၍ ခေါင်းကလေးမော်ကာ ဟိတ်ဟန်ထုတ်နေပုံရ၏။ နွေခေါင်ခေါင်၊ မြေခြောက်ခြောက်တွင် ခေါင်းထောင်နိုင်သူဖြစ်၏။ စာဆိုတော်ကြီးများချီးကျူးကြသော နှင်းဆီ၊ စံပယ်တို့ အဘယ်သို့ရောက်ကုန်ကြပြီနည်း။ ကံကော်၊ စွယ်တော်၊ သဇင်၊ ကြက်ရုန်းတို့သည် အဘယ်သို့ရောက်ကုန်ကြပြီနည်း။ ပျောက်ကုန်ကြပြီ။ ကောက်ရိုးနွယ်လေးကား၊ ကျန်နေ၏။ အားယူနေ၏။ လယ်ကန်သင်းဘေး ပတ်ကြားအက်အကြားတွင် ပျော်ပျော်ပါးပါးကြီးတည်၍သွားကြမည်ဖြစ်သတည်း။

ကျွန်တော်သည်ကောက်ရိုးနွယ်ထဲမှ လိုရင်းကိုသာကောက်နုတ်ဖော်ပြခြင်းဖြစ်သည်။ ဆရာကြီးဇေယျက ကောက်ရိုးနွယ်လေးနှင့်အတူ ကောက်သင်းကောက်သည့်အပျိုစင်လေးကိုပါ ထပ်တူထပ်မျှဖွဲ့ဆိုထားသည့်အပြင် လူကုံထံများ၊ လူချမ်းသာများ၊ စာဆိုတော်ကြီးငယ်များကိုလည်း ချစ်စဖွယ် ကျီစယ်ထားပါသေးသည်။

"ရာသီကောင်းကိုခိုကာ ခေါင်းတထောင်ထောင်နှင့် မော်တတ်ကြွားတတ်၍ ရာသီဆိုးသည်နှင့် ပြိုလဲပျောက်ပျက်ကုန်သောပန်းတို့ကို စာဆိုတော်ကြီး၊ စာဆိုတော်ငယ်အသီးသီးတို့သည် ကကြီးမှအ အဆုံး၊ သင်ပုန်းကြီးတစ်ခုလုံးအတွင်းရှိ အက္ခရာတို့ဖြင့် အမျိုးမျိုးအဖုံဖုံ၊ အထပ်ထပ်အဖန်ဖန် ဖွဲ့နွဲ့သီဆိုကြွေးကြော် ချီးကျူးခဲ့ကြသော်လည်း မြန်မာစာပေဟူသမျှတို့၌ ကောက်ရိုးနွယ်ဘွဲ့ ဒွေးချိုးလေးတစ်ပုဒ် တေးထပ်ကလေးတစ်ပုဒ် ရှိဖို့မဆိုထားဘိ အမည်ကလေးမျှဖြင့် စပ်ကာဟပ်ကာ ရှာမရခဲ့။"

စာမျက်နှာ ၅ သို့ ➤

❖ဆရာကြီးဇေယျက သူရေးသားခဲ့သောကဗျာ၊ ဆောင်းပါး၊ ဝတ္ထုများ၏အနှစ်ချုပ်ကိုပမာထုတ်ကာ ရိုးရိုးရှင်းရှင်းနှင့် စာဖတ်သူနားလည်ခံစား ခံယူတတ်အောင်ရေးသားရန် နည်းလမ်းပြခဲ့သည်။ ဘဝမမေ့၊ ခလေ့ကို မပစ်ပယ်ရန်လည်း ကျွန်တော့်ကိုသတိပေးခဲ့သည်။ ပိုင်နိုင်ကျွမ်းကျင်မှုမရှိသည့်အကြောင်းခြင်းရာများကို ဘယ်သောအခါမျှမရေးမိစေရန်လည်း တားမြစ်ခဲ့သည်။ ခေးသွားထက် ကလောင်သွားထက်သည် မှန်သော်လည်း ပုဂ္ဂိုလ်ရေးအာဃာတအယူအဆမတူမှုကြောင့် ပြူစူပုတ်ခတ်သည့် စာဖျင်းစာညံ့များကိုလည်း လုံးဝမရေးသားရန် တဖွဖွမှာကြားခဲ့သည်။❖

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**“လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အဓမ္မဝင်ရောက်နေထိုင်နေသည့်မြို့ရွာများ၌ တပ်မတော်၏တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကိုလုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေ ကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အဓမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့ရွာများရှိပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်ကြောင်း။”**

( ၃-၉-၂၀၂၄ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှကောက်နုတ်ချက် )

➤ **စာမျက်နှာ ၄ မှအဆက်**

မည်သူ့ကိုမျှ မထိခိုက်စေဘဲ ချစ်စရာကောင်း၊ ပြုံးရယ်ချင်စရာကောင်းအောင် ကလိထား၊ ရိထားသည့်အပြင် ကောက်ရိုးနွယ်ကလေးဘက်မှရပ်တည်ပြီး လောကဓံကိုကြံ့ကြံ့ခံနိုင်ကြစေရန်လည်း တင်စားညွှန်းဆိုထားသည်။ တကယ်တော့ ဆရာကြီးဇေယျ၏ **“ကောက်ရိုးနွယ်”** စာညွှန့်ဆောင်းပါးသည်ရသပါသောရေးခေတ်**“တက်ကျမ်း”**လေးပင်မဟုတ်ပါလား။

ဆရာကြီးဇေယျက**“သခွတ်ပွင့်ချိန်”**ဆောင်းပါးထဲတွင်၊ “သခွတ်ပွင့်ကို ကောင်းကောင်းပြုတ်၊ ငါးပိရည်ကို၊ မန်ကျည်းမှည့်ကလေး၊ ငရုတ်သီးကလေး၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူကလေးနဲ့ထောင်းပြီးဖျော်၊ ပုစွန်ခြောက်၊ ငါးကျည်းခြောက်ကလေးရှိရင်လည်း ထောင်းပြီးထည့် မရှိလည်းကိစ္စမရှိဘူး။ လယ်တော၊ ထင်းတောကအပြန် မောမောနဲ့သခွတ်ပွင့်ပြုတ်နဲ့တို့စားလိုက်ရရင်ကွာ၊ မင်းတို့ဒံပေါက်တို့၊ ကြက်သားတို့ဆိုတာတွေနဲ့ ဘယ်မှာလဲလိမ့်မလဲ။ ထမင်းစားပြီး ရေကလေးသောက်လိုက်ရင်တောင် ချိုဆိမ့်ပြီးခံတွင်းရှင်းသွားတယ်။ လယ်ကြားထဲက သခွတ်ပွင့်ကိုကောက်စားတယ်ဆိုတာ ပိုက်ဆံလည်းမကုန်ဘူးကွ။ ပြီးတော့ သခွတ်ပွင့်မှာ အခါးဓာတ်ကလေးပါတဲ့အတွက် နူတ်ကိုလည်းမြိန်စေတယ်။ သွေးသားကိုလည်း စင်ကြယ်စေတယ်။ အေး- “မစားတတ်တော့ခါးသတဲ့၊ မလုပ်တတ်တော့ဖားသတဲ့”။ တော်ရုံလျော်ရုံလုပ်စားတော့ ခါးတာပေါ့ကွ”ဟုရေးသားထားရာ သခွတ်ပွင့်နှင့်မြန်မာ့ရိုးရာအစားအစာသဘာဝကို ပေါ်လွင်လှပါသည်။

ထို့ပြင် တောပန်းတောင်ပန်း ခတ္တာပန်းကလေးများကိုပင် မြို့သုံးပန်းများရှားပါးနေချိန်တွင် အသုံးဝင်ပုံကိုလည်း ရေးဖွဲ့ထားပါသေးသည်။ တောသူတောင်သားတိုင်းမြင်ယောင်မိကြပေလိမ့်မည်။

ယခုလိုခေတ်မီလာချိန်တွင် သခွတ်ပွင့်ကိုအခြောက်လှမ်းပြီး ကြာရှည်ခံအောင်ထားကာ သုပ်စား၍ရနေသည်ကို ဆရာကြီးဇေယျက သိသွားပါက ပို၍ပင်ဇာချဲ့စာဖွဲ့ပေဦးမည်။ ကောက်ရိုးနွယ်နှင့်ငါးခူချက်စားပါက၊ ဆီးကျောက်တည်သူများ ရောဂါလုံးဝပျောက်ကင်းသွားသည်ကို ဆရာကြီးဇေယျသိသွားပါလျှင် ဆရာကြီး၏ စာပေစွမ်းအားကြောင့် ကျန်းမာရေးအတွက်ပို၍ အကျိုးပွားသွားပေမည်။

“တောင်ကတစ်ဝိုက် မြောက်ကတစ်ပြန် လေရူးကလေးထန်လျက်၊ အိမ်ခေါင်းရင်းက ယင်းတိုက်ပင်ကလေးတွင် စိမ်းလဲ့လဲ့၊ နုမျစ်မျစ်နှင့် ရွက်သစ်ကလေးများ တက်နေသည်ကိုမြင်လျှင်၊ အမေ့မောင်ဦးလေးရဲ့ စကားများကို ပြန်လည်ကြားယောင်နေမိတယ်။ ကိုယ့်မိရွာဖရွာဆိုတာ၊ မမေ့ကောင်းဘူးကွယ့် မသေမပျောက်ခင် တစ်ခါတစ်ခေါက်လောက်ဆိုသလို ရောက်ကောင်းတယ်”ဟု “ယင်းတိုက်နုချိန်”ဆောင်းပါးတွင် ဆရာကြီးဇေယျက ရေးသားထားရာ ကျေးလက်တောရွာမှ မြို့ကြီးပြကြီးပေါ်တက်ပြီး အလုပ်လုပ်ကြရင်းက အခြေချနေထိုင်ကြသူများ မွေးရပ်မြေမိရွာဖရွာကိုမမေ့ကောင်းဘူးဟု မီးမောင်းထိုးပြထားသည်။

ဆရာကြီးဇေယျသည် စာမျိုးစုံရေးသားခဲ့ရာတွင် ကျွန်တော်တို့စာရေးဆရာဆရာမများကိုလည်း “မြန်မာ့မျက်ပွင့်”(စာစလေ့)စာအုပ်ထဲ၌“ကလောင်သွားနှင့် မုန့်ဟင်းခါး”ဟူသောဆောင်းပါးဖြင့် သတိပေးခဲ့ပါသေးသည်။ ထိုစာအုပ်ကို တက္ကသိုလ်အတွက်ပြဋ္ဌာန်းခဲ့သည်။

“စားရလျှင်ပြီးရော ငွေရလျှင်ပြီးရော အမည်ရလျှင်ပြီးရော စာရေးရလျှင်ပြီးရောဆိုသောသဘောမျိုးနှင့် အမှုမဲ့အမှတ်မဲ့ရေးသားနေကြလျှင် ကလောင်တုံးသွားရုံသာရှိကြမည်။ လူ့ဘဝကိုတစ်နည်း ကောင်းအောင်ပြုပြင်မည်။ အရုပ်ဆိုးဘဝကြီးကနေပြီး လှပသောဘဝကြီးသို့ ပို့ဆောင်မည်ဟူသောရည်ရွယ်ချက် ကြွေးကြော်သံပါရှိလေသည်။ လူ့ဘဝကိုကောင်းအောင်မဖန်တီးနိုင်လျှင် ကျွန်တော်တို့တာဝန်မကင်းချေ။

“ကိုယ့်တာဝန် ကိုယ်မသိ ရေးရလျှင်ပြီးရော ပိုက်ဆံရလျှင်ပြီးရော နာမည်ကြီးလျှင်ပြီးရော တာဝန်ကင်းသဘောထားကြလျှင် လက်ထဲက ကလောင်လေးကို လမ်းဘေးအမှိုက်ပုံထဲပစ်ထည့်၍ ဈေးတောင်းခေါင်းရွက် မုန့်ဟင်းခါးတစ်ထမ်းနှင့် လမ်းတကာလည်၍ ရောင်းခြင်းက ပို၍သင့်မြတ်ပေလိမ့်မည်ဟုရေးသားခဲ့လေရာ ယနေ့မျက်မှောက်ကာလတွင်း မသမာသောနည်းလမ်းများဖြင့်လုပ်စားနေကြသော နာမည်ကြီးပြီးရောသဘောထားနေကြသည့်ကလောင်အရေခြုံအတုအယောင်များ၏ ရင်ဝကိုလှံခသွားသည့်ပမာ ခံစားနေကြရမည်မှာသေချာလှပါသည်။

ဆရာကြီးဇေယျသည်ဝတ္ထုအရေးအသားလည်း အလွန်ကောင်းသူဖြစ်သည်။ BARONESS OREZY ၏ THE SCARLET PIMPERML ကို မှီး၍ ရေးသားထားသော **“မြတ်လေးရွှေခေါပိုလ်”**ရာဇဝင်စွန့်စားခန်းဝတ္ထုရှည်ကြီးဆိုလျှင် ကျွန်တော်တို့ ငယ်စဉ်ကလေးဘဝကတည်းက အသည်းစွဲဝတ္ထုကြီးဖြစ်ခဲ့သည်။ ဇာတိမာန်တက်ကြွစေခဲ့သောကြောင့်ပင်တည်း။ **“မြတ်လေးရွှေခေါပိုလ်"**ဝတ္ထုကြီးအပြီးတွင်၊ ဒဂုံမဂ္ဂဇင်း၌ လျှို့ဝှက်သည်းဖိုစွန့်စားခန်း **“သိန်းလေးဆယ်” အခန်းဆက်ဝတ္ထုကြီးကို** ရေးသားထုတ်ဝေခဲ့ရာတွင်လည်း အောင်မြင်ကျော်ကြား လူကြိုက်များခဲ့သည်။ ဆရာကြီးဇေယျသည် **"မြနှင်းနွယ်" “မြန်မာစာ၊ မြန်မာ့စိတ်၊ မြန်မာ့မာန်”** စာအုပ်များဖြင့် ဇာတိမာန်၊ အမျိုးသားစိတ်၊ အမျိုးသားအရေးများကိုလည်းနှိုးဆွပေးခဲ့သည်။ ထို့ကြောင့် **“ဆရာထီလာစစ်သူ၏** "စာပေပညာရှင်စာရေးဆရာကြီးဇေယျ၏စာကဗျာ" စာတမ်း၊ **“ဆရာတိုက်စိုး၏** "ဇေယျစာတမ်း"၊ **“ဆရာမြဝင်း(ဒဿန)”**၏ **“ဇေယျ၏ရသပညာ"** စာတမ်းများကို နားရည်ဝခဲ့သလို ဆက်လက်လေ့လာစူးစမ်းချင်စိတ်လည်း ပြင်းပြလာခဲ့ပါသည်။ အားကျအတုယူချင်သောဆန္ဒကလည်း လှုံ့ဆော်လာပါသည်။ အထူးသဖြင့် ဘဝမမေ့ ဓလေ့ကိုမတော်လှန်ဘဲ ရိုးရာယဉ်ကျေးမှုကိုအစဉ်ရှေးရှုရေးသားခဲ့သော ဆရာကြီးဇေယျ၏ မွန်မြတ်သည့်စာပေစိတ်ဓာတ်နှင့်ကလောင်လက်နက်၊ ကလောင်စွမ်းရည်ကို၊ အလေးအနက်ထားကာ လေးစားကြည်ညိုနေခဲ့ပါသည်။ ဧရာဝတီတိုင်းဒေသကြီး၊ ဖျာပုံမြို့သား မြစ်ဝကျွန်းပေါ်ဒေသခံ **"အမျိုးသားစာဆိုကြီးဆရာဇော်ဂျီ"** က **“အယက်အကန်ခံလို့ ဗေဒါပျံ့အံကိုခဲ၊ ပန်းပန်လျက်ပဲ”**ဟု အနင်းခံဗေဒါကို စာကဗျာဖွဲ့ပြီး တင်စားခဲ့ပါသည်။

ထိုနည်းတူပင် ပဲခူးတိုင်းဒေသကြီး ဇီးကုန်းမြို့သား မြေလတ်သားဒေသခံ **“ဆရာကြီးဇေယျ”** ကလည်း မည်သူမျှသတိမထားမိကြသော “အညတရကောက်ရိုးနွယ်"ကို စာစကားပြေသီကုံးပြီး ဂုဏ်တင့်ဂုဏ်ဝင့်စေခဲ့ပါသည်။

ဆရာကြီးဇေယျက ကန်စွန်းနွယ်၊ သခွတ်ပွင့်၊ ခတ္တာပန်း၊ တောပန်းတောင်ပန်းနှင့် ယင်းတိုက်နုများကိုပင် တင်စားခဲ့ပါသေးသည်။ တောသားစစ်မှတောသဘာဝအရသာကိုခံစားနားလည်နိုင်ပါသည်။ မြန်မာစာပေလောကနှင့်စာပေသမိုင်းတွင် **“အမူကွန်း”**တင်၍ ကျန်ရစ်ခဲ့ကြခြင်းမှာ အများနဲ့မတူကြဘဲ စာပေစွမ်းဆောင်ရည် တစ်မူထူးခြားနေကြသောကြောင့်ပင်တည်း။ **လူသေပေမဲ့၊ နာမည်မသေ၊ စာမသေသော ဆရာကြီးဇေယျကို တမ်းတနေကြဆဲပါ။**

**ကိုးကား**

- **ဆရာကြီးဇေယျ၏ မြန်မာ့မျက်ပွင့်(စာဓလေ့) (ရွာဓလေ့) (လူဓလေ့ စာအုပ်နှစ်အုပ်)**
- **ဝါ စိုးအောင်စာပေတိုက်ထုတ် ရာပြည့်အကြို ဆရာကြီးဇေယျ ဆရာကြီးဇေယျ ရာပြည့်အထိမ်းအမှတ်၊ ဝါမိုးအောင် ဝတ္ထုတိုပြိုင်ပွဲစာအုပ်နှစ်အုပ်၊**
- မြန်မာကဗျာနှင့် ပင်ရင်းမြန်မာစကားပြေ(နဝမတန်း)စာအုပ်၊

## နှစ်သစ်ဦးမှာ

– နှစ်သစ်ဦးမှာ
မင်္ဂလာ
မုန်စွာရှိမြဲပွဲပါစေ။

– နှစ်သစ်ဦးမှာ
နှင်းမှုန်ဖြာ
ငွေလွှာဖွေးဖွေး အေးပါစေ။

– နှစ်သစ်ဦးမှာ
ခွာညိုပြာ
ဝတ်လွှာထုံနံ့ ပျံ့ပါစေ။

– နှစ်သစ်ဦးမှာ
သီးနှံဖြာ
ရိက္ခာကြွယ်ဝ ပေါပါစေ။

– နှစ်သစ်ဦးမှာ
ငှက်တေးဖြာ
သံသာခွန်းဆင့် တင့်ပါစေ။

– နှစ်သစ်ဦးမှာ
စဉ်ဝေးကွာ
ဘယာကင်းပ လှပါစေ။

– နှစ်သစ်ဦးမှာ
ရွှင်လန်းဖြာ
သာယာချမ်းမြေ မွေ့ပါစေ။ ။

**မန်းတင့်မော်**

ကိုဗစ် -၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

ငရုတ်သီး၊ ငရုတ်ကောင်းတို့၏ အပူဓာတ်သည် သွေးလည်ပတ်စီးဆင်းမှုကိုအားကောင်းစေပြီး အသက်ရှူလမ်းကြောင်းအတွင်း ရောဂါပိုးများဝင်ရောက်ခြင်းကို တိုက်ထုတ်ပေးသည်။



# နိုင်ငံတကာ သတင်းများ

## တရုတ်(တိုင်ပေ) အနီး တရုတ်စစ်လေယာဉ်များနှင့် စစ်သင်္ဘောများ စစ်ရေးလေ့ကျင့်မှုပြုလုပ်



ပေကျင်း ဇန်နဝါရီ ၂

တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် (ပီအယ်လ်အေ) စစ်လေယာဉ်များနှင့် စစ်သင်္ဘောများသည် ၂၀၂၅ ခုနှစ်၏ ပထမဆုံး စစ်ရေးလေ့ကျင့်မှုကို ဇန်နဝါရီ ၁ ရက်တွင် တရုတ်(တိုင်ပေ)ဝန်းကျင်၌ စတင်ပြုလုပ်နေသည်။

ဇန်နဝါရီ ၁ ရက်တွင် တရုတ်စစ်လေယာဉ် ၁၂စင်းနှင့် စစ်သင်္ဘောများပူးတွဲ၍ တိုက်ပွဲဝင် အသင့်အနေအထား ကင်းလှည့်မှုများကို တရုတ်(တိုင်ပေ)အနီး ပြုလုပ်ခဲ့ကြောင်း တရုတ်(တိုင်ပေ) တပ်မတော်က သတင်းထုတ်ပြန်ထားသည်။

တရုတ်အစိုးရနှင့်ဆွေးနွေးရန် ဆန္ဒရှိကြောင်း တရုတ်(တိုင်ပေ) သမ္မတ လိုင်ချင်တီးက ပြောကြားခဲ့ပြီးနောက် တရုတ်စစ်သင်္ဘောများနှင့်စစ်လေယာဉ်များက တရုတ်(တိုင်ပေ)အနီး စစ်ရေးလေ့ကျင့်မှုပြုလုပ်နေခြင်းဖြစ်သည်။

တရုတ်(တိုင်ပေ) တပ်မတော်၏ သတင်းထုတ်ပြန်ချက်နှင့်ပတ်သက်၍ တရုတ်ကာကွယ်ရေးဝန်ကြီးဌာနက တစ်စုံတစ်ရာတုံ့ပြန်မှုမရှိသေးကြောင်း သိရသည်။

တရုတ်နိုင်ငံသည် တရုတ်(တိုင်ပေ)ကို ပြည်မကြီးခွဲထွက်နယ်မြေအဖြစ် သတ်မှတ်ထားပြီး ပြည်မကြီးနှင့်ပြန်လည်ပေါင်းစည်းရေးအတွက် ကြိုးပမ်းလျက်ရှိသည်။

တရုတ်ပြည်မကြီးနှင့် တရုတ်(တိုင်ပေ)ပြန်လည်ပေါင်းစည်းမှုကို မည်သူကမျှ တားဆီးနိုင်မည်မဟုတ်ကြောင်း တရုတ်သမ္မတ ရှီကျင့်ဖျင်က ၂၀၂၅ ခုနှစ် နှစ်သစ်ကူးမိန့်ခွန်းတွင် ပြောကြားထားကြောင်း သိရသည်။

Ref : RT
Trs : KKO

## အမေရိကန်နိုင်ငံ နယူးအော်လင်းစ်မြို့၌ အမျိုးသားတစ်ဦးက လူအုပ်ကို ကုန်တင်ယာဉ်ဖြင့်ဝင်တိုက်

နယူးယောက် ဇန်နဝါရီ ၂

အမေရိကန်နိုင်ငံ နယူးအော်လင်းစ်မြို့၌ ဇန်နဝါရီ ၁ ရက်တွင် စစ်ပြန်အမျိုးသားတစ်ဦးက လူအုပ်ကို ကုန်တင်ယာဉ်ဖြင့် ဝင်တိုက်ခဲ့ရာ လူ ၁၅ ဦးသေဆုံးခဲ့ရကြောင်း သိရသည်။

လူအုပ်ကို ကုန်တင်ယာဉ်ဖြင့် ဝင်တိုက်ခဲ့သည့် ယာဉ်မောင်းအမျိုးသားမှာ ရဲတပ်ဖွဲ့ဝင်များနှင့် အပြန်အလှန်ပစ်ခတ်မှုဖြစ်ပွားစဉ် သေဆုံးခဲ့ရကြောင်း အမေရိကန်မီဒီယာများက သတင်းထုတ်ပြန်ထားသည်။

လူအုပ်ကို ကုန်တင်ယာဉ်ဖြင့် ဝင်တိုက်ခဲ့သူမှာ ရှမ်ဆက်ဒင်ဂျက်ဘာအမည်ရှိ အသက် ၄၂ နှစ်အရွယ် စစ်ပြန်တစ်ဦးဖြစ်သည်။

တက္ကဆက်ပြည်နယ်၌ နေထိုင်သည့် ရှမ်ဆက်ဒင်ဂျက်ဘာသည် အာဖဂန်နစ္စတန်၌ တာဝန်ထမ်းဆောင်ခဲ့ဖူးသည့် စစ်ပြန်တစ်ဦးဖြစ်သည်။

နယူးအော်လင်းစ်တိုက်ခိုက်မှုအတွင်း လူပေါင်း ၃၀ ခန့်လည်း ဒဏ်ရာများရရှိခဲ့ကြောင်း နယူးအော်လင်းစ်ရဲတပ်ဖွဲ့က ပြောကြားခဲ့သည်။

လူအုပ်ကို ဝင်တိုက်ရာတွင် အသုံးပြုခဲ့သည့် ကုန်တင်ယာဉ်ပေါ်တွင် အစ္စလာမ်မစ်အကြမ်းဖက်အုပ်စု(အိုင်အက်စ်) အလံတစ်ခုနှင့်အတူ လက်နက်ခဲယမ်းများနှင့် ဖောက်ခွဲရေးပစ္စည်းတစ်မျိုးတို့ကို ရှာဖွေတွေ့ရှိထားရာ နယူးအော်လင်းစ်တိုက်ခိုက်မှုမှာ ပါဝင်သူတစ်ဦးမကရှိနိုင်သော အကြမ်းဖက်တိုက်ခိုက်မှုဖြစ်နိုင်သည်ဟု အမေရိကန်ရဲတပ်ဖွဲ့က သုံးသပ်ထားကြောင်း သိရသည်။

Ref : Xinhua
Trs : KKO




## မူးယစ်ဆေးဝါးမှောင်ခိုမှုဖြင့် သေဒဏ်ချမှတ်ခံရသော အီရန်နိုင်ငံသားခြောက်ဦးကို ဆော်ဒီအာရေဗျကွပ်မျက်

တီဟီရန် ဇန်နဝါရီ ၂

မူးယစ်ဆေးဝါး မှောင်ခိုမှုဖြင့် သေဒဏ်ချမှတ်ခံထားရသော အီရန်နိုင်ငံသား ခြောက်ဦးကို ဆော်ဒီအာရေဗျနိုင်ငံက ကွပ်မျက်ခဲ့ကြောင်း ဆော်ဒီအစိုးရမီဒီယာများက ဇန်နဝါရီ ၁ ရက်တွင် သတင်းထုတ်ပြန်ထားသည်။

သေဒဏ်ကျတရားခံ အီရန်နိုင်ငံသားများ ကွပ်မျက်ခံခဲ့ရပြီးနောက် အီရန်နိုင်ငံခြားရေးဝန်ကြီးဌာနက အီရန်နိုင်ငံဆိုင်ရာ ဆော်ဒီသံအမတ်ကြီးကိုဆင့်ခေါ်ကန့်ကွက်ခဲ့ကြောင်း သိရသည်။

အဆိုပါ အီရန်နိုင်ငံသားခြောက်ဦးတို့ကို ဆော်ဒီအာရေဗျနိုင်ငံအတွင်းသို့ ဆေးခြောက်များတင်သွင်းလာမှုဖြင့် ဖမ်းဆီးခဲ့ပြီးနောက် တရားစွဲဆို သေဒဏ်ချခဲ့ခြင်းဖြစ်ကြောင်း ဆော်ဒီမီဒီယာများ၏ သတင်းထုတ်ပြန်ချက်၌ ဖော်ပြထားသည်။

၎င်းအီရန်နိုင်ငံသား ခြောက်ဦးတို့အား မည်သည့်အချိန်တွင် ကွပ်မျက်ခဲ့သည်ကို ဆော်ဒီမီဒီယာများက ထုတ်ဖော်ကြေညာခြင်းမရှိခဲ့ကြောင်း သိရသည်။

အီရန်နိုင်ငံသားများ ကွပ်မျက်ခံရမှုအတွက် ကန့်ကွက်လွှာကို အီရန်နိုင်ငံခြားရေးဝန်ကြီးဌာနက ဇန်နဝါရီ ၁ ရက်တွင် ဆော်ဒီသံအမတ်ကြီးကို ဆင့်ခေါ်ပေးအပ်ခဲ့ကြောင်း အီရန်မီဒီယာများက သတင်းထုတ်ပြန်ထားသည်။

အီရန်နှင့် ဆော်ဒီအာရေဗျတို့သည် ခြောက်နှစ်ကြာသံတမန်ဆက်ဆံရေး ပြတ်တောက်ခဲ့ပြီးနောက် တရုတ်နိုင်ငံ၏ ကြားဝင်စေ့စပ်မှုဖြင့် ၂၀၂၃ ခုနှစ်တွင် တရားဝင် သံတမန်ဆက်ဆံရေး ပြန်လည် ထားရှိခဲ့ကြကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

## မွန်တီနီဂရိုး၌ သေနတ်ပစ်ခတ်မှုဖြစ်ပွားခဲ့သောကြောင့် အနည်းဆုံး လူ ၁၀ ဦး သေဆုံး

ဆီတင်ဂျီ ဇန်နဝါရီ ၂

မွန်တီနီဂရိုးနိုင်ငံ ဆီတင်ဂျီအမည်ရှိမြို့ငယ်တစ်မြို့၌ ဇန်နဝါရီ ၁ ရက်က သေနတ်သမားတစ်ဦး၏ ရမ်းကား ပစ်ခတ်မှုများကြောင့် အနည်းဆုံး လူ ၁၀ ဦးသေဆုံးခဲ့ရကြောင်း သိရသည်။

အဆိုပါဖြစ်စဉ်သည် အော်လ်ကန်ဒေသ နိုင်ငံငယ်တစ်နိုင်ငံဖြစ်သော မွန်တီနီဂရိုးနိုင်ငံအတွက် အဆိုးရွားဆုံး လူအစုလိုက်အပြုံလိုက်သတ်ဖြတ်ခံရမှုတစ်ခု ဖြစ်ခဲ့ရသည်။

သေနတ်ပစ်ခတ်မှုများ ကျူးလွန်ခဲ့သောအမျိုးသားမှာ အလက်ဇန်းဒါးမာတီနိုဗစ်အမည်ရှိအသက် ၄၅ နှစ်အရွယ် အမျိုးသားတစ်ဦးဖြစ်ကြောင်း သိရသည်။

၎င်းအမျိုးသားသည် စားသောက်ဆိုင်တစ်ဆိုင်တွင် လူလေးဦးကို သေနတ်ဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ပြီးနောက် အခြားနေရာသုံးခုကိုဆက်လက်ပစ်ခတ်တိုက်ခိုက်ခဲ့ရာ လူခြောက်ဦးထပ်မံသေဆုံးခဲ့ရသည်။

ပစ်ခတ်မှုများ ကျူးလွန်ချိန်တွင် သေနတ်သမားအနေဖြင့် အရက်သေစာအလွန်အကျွံသောက်စားထားကြဖွယ်ရှိကြောင်း မွန်တီနီဂရိုးရဲတပ်ဖွဲ့က သတင်းထုတ်ပြန်ထားသည်။

လက်ရှိအချိန်တွင် သေနတ်သမားအမျိုးသားမှာ ထွက်ပြေးလွတ်မြောက်နေဆဲဖြစ်ရာ ၎င်းကိုဖမ်းဆီးရေးအတွက် မွန်တီနီဂရိုးရဲတပ်ဖွဲ့က ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။

Ref : RT
Trs : KKO




## လစ်ဗျားမှအီတလီသို့ ထွက်ခွာလာသောရေယာဉ်နစ်မြုပ်မှုဖြစ်ပွား ရွှေ့ပြောင်းဝင်ရောက်သူ အနည်းဆုံး ၂၀ ပျောက်ဆုံး

ရောမ ဇန်နဝါရီ ၂

လစ်ဗျားနိုင်ငံမှ အီတလီနိုင်ငံဘက်သို့ ရေလမ်းဖြင့်ထွက်ခွာလာစဉ် ရေယာဉ်နစ်မြုပ်မှုကြောင့် ရွှေ့ပြောင်းဝင်ရောက်သူ အနည်းဆုံး ၂၀ပျောက်ဆုံးနေကြောင်း အီတလီတာဝန်ရှိသူများက ဇန်နဝါရီ ၁ ရက်တွင် သတင်းထုတ်ပြန်ထားသည်။

အဆိုပါရေယာဉ်သည် ဒီဇင်ဘာ ၃၁ ရက်တွင် နစ်မြုပ်ခဲ့ခြင်းဖြစ်ပြီး ရေယာဉ်ပေါ်လိုက်ပါလာသူများအနက် ခုနစ်ဦးကို ကယ်တင်နိုင်ခဲ့ကြောင်း အီတလီနိုင်ငံ လမ်ပီဒူဆာကျွန်း တာဝန်ရှိသူများက ပြောကြားခဲ့သည်။

ရေယာဉ် နစ်မြုပ်မှုကြောင့် ပျောက်ဆုံးနေသည့် တရားမဝင် ရွှေ့ပြောင်းဝင်ရောက်သူ၂၀ထဲတွင် အမျိုးသမီးငါးဦးနှင့် ကလေးသုံးဦး ပါဝင်ကြောင်း သိရသည်။

အဆိုပါ ရေယာဉ်ငယ်သည် လစ်ဗျားနိုင်ငံ ဇူဝါရာမြို့မှ ၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၃၀ ရက်တွင်စတင်ထွက်ခွာလာခဲ့ပြီးနောက် ဒီဇင်ဘာ ၃၁ ရက်တွင် နစ်မြုပ်ခဲ့ခြင်းဖြစ်သည်။

လက်ရှိအချိန်တွင် အီတလီကမ်းခြေစောင့်တပ်က ပျောက်ဆုံးနေသူများကို ရှာဖွေလျက်ရှိသည်။

အာဖရိကနှင့် ဥရောပကြားပင်လယ်ရေကြောင်းလူဝင်မှုလမ်းကြောင်းသည် ကမ္ဘာပေါ်၌ အန္တရာယ်အများဆုံးလူဝင်မှုလမ်းကြောင်းများထဲတွင် ပါဝင်ပြီး ၂၀၁၄ ခုနှစ်မှစ၍ လက်ရှိထိ ယင်းရေလမ်းကြောင်းပေါ်၌ လူပေါင်း ၂၄၅၀၀သေဆုံး သို့မဟုတ် ပျောက်ဆုံးခဲ့ရကြောင်း သိရသည်။

Ref : RT
Trs : KKO

# SCIENCE AND TECHNOLOGY

## ၂၀၂၅ ခုနှစ်တွင် လကြတ်မှုဖြစ်စဉ်နှစ်ရပ်ကို ကမ္ဘာ့လူသားများကြုံတွေ့ကြရမည်



**ဝါရှင်တန် ဇန်နဝါရီ ၂**

၂၀၂၅ ခုနှစ်တွင် လကြတ်မှုဖြစ်စဉ်နှစ်ရပ်ကို ကမ္ဘာ့လူသားများ ကြုံတွေ့ကြရမည်ဖြစ်ကြောင်း အမေရိကန် သိပ္ပံပညာရှင်များက ဇန်နဝါရီ ၁ ရက်တွင် ပြောကြားသည်။

၂၀၂၅ ခုနှစ်၏ ပထမဆုံး လကြတ်မှုဖြစ်စဉ်မှာ မတ် ၁၄ ရက်တွင် ပေါ်ပေါက်မည်ဖြစ်ပြီး မြောက်အမေရိကနှင့်တောင်အမေရိက၏ ကောင်းကင်ယံ၌ တစ်နာရီကျော်ကြာမျှ လပျောက်ကွယ်နေမည်ဖြစ်ကြောင်း သိရသည်။

၂၀၂၅ ခုနှစ်၏ ဒုတိယမြောက် လကြတ်မှုမှာ စက်တင်ဘာလအတွင်း ဖြစ်ပွားမည်ဖြစ်ပြီး ၎င်းလကြတ်မှုဖြစ်စဉ်ကို ဥရောပ၊ အာရှ၊ အာဖရိကနှင့် ဩစတြေးလျနိုင်ငံမှ ပြည်သူများ မြင်တွေ့ခွင့်ရမည်ဖြစ်သည်။

သိပ္ပံပညာရှင်များ၏ တွက်ချက်မှုအရ ၂၀၂၅ ခုနှစ်တွင် နေအပြည့်ကြတ်မှုဖြစ်စဉ် ပေါ်ထွက်လာမည်မဟုတ်ဘဲ တစ်စိတ်တစ်ပိုင်း နေကြတ်မှုဖြစ်စဉ် နှစ်ရပ်သာ ပေါ်ထွက်မည်ဖြစ်ကြောင်း သိရသည်။

ကမ္ဘာ့လူသားများ အနေဖြင့် နေအပြည့်ကြတ်မှုဖြစ်စဉ်ကို ၂၀၂၆ ခုနှစ်မှသာ ထပ်မံမြင်တွေ့ခွင့်ရမည်ဖြစ်ကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

၂၀၂၅ ခုနှစ်အတွင်း ဘူမိသံလိုက်စက်ကွင်း မုန်တိုင်းများ ပေါ်ထွက်မှု ပိုများလာနိုင်သည်ဖြစ်ရာ တောင်နှင့်မြောက်ဝင်ရိုးစွန်း အလင်းရောင်များပေါ်ထွက်မှုလည်း ပိုများလာနိုင်သည်ဟု သိပ္ပံပညာရှင်များက ခန့်မှန်းထားကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : KKO**

## လာမည့်စက်တင်ဘာလအတွင်း ရောမကြယ်ကြီးတစ်စင်းပေါ်ထွက်လာနိုင်

**ဝါရှင်တန် ဇန်နဝါရီ ၂**


T Coronae Borealis ခေါ် ရောမကြယ်ကြီးတစ်စင်းပေါ်ထွက်လာမှုကို ကမ္ဘာ့လူသားများအနေဖြင့် တွေ့ မြင်နိုင်မည်ဖြစ်ကြောင်း သိပ္ပံပညာရှင်များက ဇန်နဝါရီ ၁ ရက်တွင် ပြောကြားသည်။

အဆိုပါ ကြယ်ကြီးပေါ်ထွက်လာချိန်တွင် ကမ္ဘာ့လူသားများအနေဖြင့် ပြန်လည်မပျောက်ကွယ်မီထိ နှစ်ရက်ကြာမျှ မြင်တွေ့ခွင့်ရမည်ဖြစ်ကြောင်း အမေရိကန်သိပ္ပံပညာရှင်များက ပြောကြားသည်။

သိပ္ပံပညာရှင်များ၏ တွက်ချက်မှုအရ T Coronae Borealis ကြယ်သည် လက်ရှိအချိန်နှင့် ယခုနှစ် စက်တင်ဘာလအတွင်း တစ်ရက်ရက်တွင် ပေါ်ထွက်လာနိုင်ကြောင်း သိရသည်။

T Coronae Borealis ကြယ်သည် ကမ္ဘာမြေနှင့် အလင်းနှစ် ၄၀၀၀ အကွာတွင် တည်ရှိသော အလင်းအား အလွန်နည်းပါးသော နှစ်စင်းတွဲကြယ်စနစ်ဖြစ်သည်။

သို့ရာတွင် ၎င်းနှစ်စင်းတွဲကြယ်စနစ်အတွင်းရှိကြယ်တစ်စင်းက ကျန်ကြယ်တစ်စင်း၏ လေထုလွှာခေတ်ငွေ့များကို ဝါးမျိုနေတတ်ရာ နှစ် ၈၀ လျှင် တစ်ကြိမ်ကျ အဆိုပါကြယ်စနစ်၌ သာမိုနျူကလီးယား ပေါက်ကွဲမှုဖြစ်ပွားတတ်ပြီး ကြယ်စနစ်၏အလင်းအားမှာလည်း ရုတ်တရက် မြင့်မားလာတတ်သည်။



ထိုသို့အလင်းအားရုတ်တရက် မြင့်တက်လာချိန်တွင် မူလက မှေးမှိန်ပျောက်ကွယ်နေသည့် T Coronae Borealis ကြယ်စနစ်မှာ ကမ္ဘာ့ညကောင်းကင်ယံ၌ ပေါ်ထွက်လာတတ်သည်ဟု သိပ္ပံပညာရှင်များက ပြောကြားကြောင်း သိရသည်။

**Ref : Russia Today**

**Trs : KKO**

## မားစ်အိတ်စပရက် အင်္ဂါဂြိုဟ်လေ့လာရေးအာကာသယာဉ်က အင်္ဂါဂြိုဟ်တောင်ဝင်ရိုးစွန်းနယ်မြေ၏ ဆောင်းရှုခင်းကို ဓာတ်ပုံရိုက်ကူးနိုင်ခဲ့

**ပဲရစ် ဇန်နဝါရီ ၂**

ဥရောပ အာကာသအေဂျင်စီ၏ မားစ်အိတ်စပရက် အင်္ဂါဂြိုဟ်လေ့လာရေးအာကာသယာဉ်သည် အင်္ဂါဂြိုဟ် တောင်ဝင်ရိုးစွန်းနယ်မြေ၏ ဆောင်းရှုခင်းကို ဓာတ်ပုံရိုက်ကူးနိုင်ခဲ့ကြောင်း ဇန်နဝါရီ ၁ ရက် သတင်းများအရ သိရသည်။



သို့ရာတွင် အင်္ဂါဂြိုဟ် တောင်ဝင်ရိုးစွန်း ဆောင်းရာသီမြင်ကွင်းမှာ ကမ္ဘာမြေကဲ့သို့ နှင်းကျမှုကြောင့်ပေါ်ထွက်လာသည့် ရှုခင်းမျိုးမဟုတ်ဘဲ ကာဗွန်ဒိုင်အောက်ဆိုက် ရေခဲလွှာများနှင့် ဖုန်မှုန့်လွှာများကြောင့် ပေါ်ထွက်လာရသည့် မြင်ကွင်းမျိုးဖြစ်ကြောင်း သိရသည်။

အင်္ဂါဂြိုဟ်၏ ဆောင်းရာသီတွင် အပူချိန်မှာ အနုတ် ၁၉၀ ဒီဂရီဖယ်ရင်ဟိုက်ထိ ကျဆင်းသွားတတ်ကြောင်း သိရသည်။

သို့ဖြစ်ရာ အင်္ဂါဂြိုဟ်ဆောင်းရာသီကာလအတွင်း ရေခဲနှင့် ကာဗွန်ဒိုင်အောက်ဆိုက်များမှာ နှင်းများအဖြစ် ကျဆင်းလာတတ်ကြောင်း သိရသည်။

ဥရောပ အာကာသအေဂျင်စီသည် မားစ်အိတ်စပရက် အင်္ဂါဂြိုဟ်လေ့လာရေးအာကာသယာဉ်ကို ၂၀၀၃ ခုနှစ်တွင် လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ အာကာသယာဉ်သည် ပြီးခဲ့သည့် နှစ် ၂၀ ကျော်အတွင်း အင်္ဂါဂြိုဟ်လေထုလွှာ ဓာတုဖွဲ့စည်းပုံကို ဖော်ထုတ်ပေးနိုင်ခဲ့ပြီး အင်္ဂါဂြိုဟ်မြေပြင်ရှုခင်းများကိုလည်း ဓာတ်ပုံများရိုက်ကူးနိုင်ခဲ့ကြောင်း သိရသည်။

**Ref : Xinhua News**

**Trs : KKO**

# HEALTH

## ခွေးများသက်တမ်းရှည်ရေးထုတ်ထားသည့် ဆေးတစ်မျိုးက လူသားများအပေါ်တွင်လည်း အကျိုးသက်ရောက်မှုရှိနိုင်

**နယူးယောက် ဇန်နဝါရီ ၂**

ခွေးသတ္တဝါများ သက်တမ်းရှည်ရေးအတွက် ရည်ရွယ်ထုတ်လုပ်ထားသော ဆေးတစ်မျိုးသည် လူသားများ အပေါ်တွင်လည်း အလားတူ အကျိုးသက်ရောက်မှုမျိုးရှိနိုင်ကြောင်း သုတေသနပညာရှင်များက ဇန်နဝါရီ ၁ ရက်တွင် ပြောကြားသည်။

အမေရိကန်နိုင်ငံ အခြေစိုက် Loyal အမည်ရှိ ဇီဝနည်းပညာကုမ္ပဏီသည် ခွေးများ၏ဘဝသက်တမ်းကို ဆန့်ထုတ်ပေးနိုင်မည့် Loy-002 အမည်ရှိဆေးတစ်မျိုးကို ယခုနှစ်အတွင်း ဈေးကွက်တင်ရန် စီစဉ်ထားသည်။

Loy-002 ဆေးသည် ခွေးများ အိုမင်းလာမှုနှင့်ဆက်စပ်နေသည့် ဇီဝဓာတု ပြောင်းလဲမှုဖြစ်စဉ်ကို အရှိန်လျှော့ချပေးခြင်းဖြင့် ခွေးများ၏ဘဝသက်တမ်းကို ဆွဲဆန့်ပေးနိုင်သည်။

သို့ရာတွင် Loy-002 ကဲ့သို့ ဆေးများသည် ခွေးသတ္တဝါများ၏ သက်တမ်းကို ဆန့်ထုတ်ပေးနိုင်သကဲ့သို့ လူသားတို့၏သက်တမ်းကိုလည်း ဆန့်ထုတ်ပေးနိုင်ဖွယ်ရှိကြောင်း သိရသည်။

ခွေးများသည်လည်း လူသားများကဲ့သို့ပင် အသက်အရွယ်နှင့် ဆက်စပ်သည့် ရောဂါများဖြစ်ပွားတတ်ရာ Loy-002 ဆေးအနေဖြင့် ခွေးများ၏သက်တမ်းကို ဆန့်ထုတ်ပေးနိုင်ခဲ့ပါက လူသားများအပေါ်တွင်လည်း အလားတူအကျိုးကျေးဇူးမျိုး ရှိနေနိုင်ကြောင်း သုတေသန ပညာရှင်များက သုံးသပ်ထားသည်။

**Ref : Russia Today**

**Trs : KKO**

## ကျန်းမာရေးနှင့်မညီသော အပင်ထွက်အစာများ အလွန်အကျွံစားသုံးပါက သေချိန်မတိုင်ဘဲ အသက်ဆုံးပါးနိုင်ခြေ မြင့်မားနိုင်

**လန်ဒန် ဇန်နဝါရီ ၂**

ကျန်းမာရေးနှင့် မညီသော အပင်ထွက်အစားအစာများအလွန်အကျွံစားသုံးပါက သေချိန်မတိုင်ဘဲ အသက်ဆုံးပါးနိုင်ခြေ မြင့်မားလာနိုင်ကြောင်း ဇန်နဝါရီ ၁ ရက် သတင်းများအရ သိရသည်။

ကျန်းမာရေးနှင့် မညီညွတ်သည့် အပင်ထွက်အစားအစာများ အလွန်အကျွံစားသုံးပါက သက်လတ်ပိုင်းအရွယ်တွင် ရုပ်ပိုင်းအရ အားအင်ချည့်နဲ့လာတတ်ကြောင်း ဗြိတိန် သုတေသန ပညာရှင်များက ပြောကြားသည်။

သက်လတ်ပိုင်းအရွယ်တွင် ရုပ်ပိုင်းဆိုင်ရာအရ အားအင်ချည့်နဲ့လာမှုသည် သေချိန်မတန်ဘဲ သေဆုံးရနိုင်ခြေရှိလာမှု၏ ရှေ့ပြေးလက္ခဏာဖြစ်ကြောင်း ဗြိတိန် သုတေသနပညာရှင်များ၏ အဆိုအရ သိရသည်။

သက်လတ်ပိုင်းအရွယ်၌ ရုပ်ပိုင်းဆိုင်ရာအရ အားအင်ချည့်နဲ့လာသူများသည် ရောဂါဝေဒနာတစ်ခုခု ဝင်ရောက်ချိန်၊ ဒဏ်ရာအနာတရ ရရှိချိန်များတွင် အပြည့်အဝပြန်လည်နာလန်ထူရန် ခက်ခဲနေတတ်သည်။

သို့ရာတွင် ကျန်းမာရေးနှင့် ညီညွတ်သည့် အပင်ထွက်အစားအစာ စားသုံးသူများမှာမူ သက်လတ်ပိုင်းအရွယ်တွင် ရုပ်ပိုင်းဆိုင်ရာ ကြံ့ခိုင်သန်စွမ်းမှုကို ထိန်းထားနိုင်ကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : KKO**



# MFF Vita Max Futsal League-I ပြိုင်ပွဲ ပွဲစဉ်(၂) ပွဲစဉ်များ ဆက်လက်ယှဉ်ပြိုင်ကစား



**ရန်ကုန် ဇန်နဝါရီ ၂**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဖူဆယ်နှင့် သဲသောင်ပြင်ကော်မတီက ကြီးမှူးကျင်းပလျက်ရှိသည့် MFF Vita Max Futsal League–I ပြိုင်ပွဲ ပွဲစဉ်(၂)ပွဲစဉ်များကို ယနေ့နံနက် ၉ နာရီမှစတင်ပြီး ရန်ကုန်မြို့ MFF Futsal တွင် ဆက်လက် ယှဉ်ပြိုင်ကစားခဲ့ကြကြောင်း သိရသည်။

MFF Vita Max Futsal League –I ပြိုင်ပွဲ ပွဲစဉ်(၂)ပွဲစဉ်များအဖြစ် ယနေ့နံနက် ၉ နာရီတွင် VUC FC အသင်းနှင့် YRG FC အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ နှစ်ဂိုးစီသရေ ရလဒ်ဖြင့်လည်းကောင်း၊ နံနက် ၁၀နာရီခွဲတွင် SGF FC အသင်းနှင့် YCDC Marga FCအသင်းတို့ယှဉ်ပြိုင်ကစားခဲ့ရာ SGF FC အသင်းက ငါးဂိုး သုံးဂိုးဖြင့်လည်းကောင်း၊ မွန်းတည့် ၁၂ နာရီတွင် MIU FC အသင်းနှင့် M2K FC အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ MIU FC အသင်းက ငါးဂိုး ဂိုးမရှိဖြင့်လည်းကောင်း အသီးသီးအနိုင်ရရှိခဲ့ကြသည်။

အလားတူ မွန်းလွဲ ၁နာရီခွဲတွင် Generations FC အသင်းနှင့် MH Dream Teamအသင်းတို့ယှဉ်ပြိုင်ကစားခဲ့ရာ နှစ်ဂိုးစီ သရေရလဒ် ထွက်ပေါ်ခဲ့ပြီး ညနေ ၃ နာရီတွင် Winner Soccer FC အသင်းနှင့် Futsal Chit Thu FC အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာတွင်လည်း နှစ်ဂိုးစီ သရေရလဒ် ထွက်ပေါ်ခဲ့သည်။

MFF Vita Max Futsal League–I ပြိုင်ပွဲ ပွဲစဉ်(၂)ပွဲစဉ်များအပြီးတွင် MIU FC အသင်းက ရမှတ်ခြောက်မှတ်ဖြင့် အမှတ်ပေးဇယားထိပ်ဆုံးမှ ဦးဆောင်နိုင်ခဲ့ကြောင်း သိရသည်။ **STA**

# နိုင်ငံတကာ အားကစားသတင်းများ

## Brisbane International ကွာတားဖိုင်နယ်သို့ ဂျိုကိုဗစ်တက်ရောက်

**ဘရစ္စဘိန်း ဇန်နဝါရီ ၂**

ဩစတြေးလျနိုင်ငံ ဘရစ္စဘိန်းမြို့တွင် ကျင်းပနေသည့် Brisbane International တင်းနစ်ပြိုင်ပွဲ ဒုတိယအဆင့် ပွဲစဉ်တစ်ပွဲအဖြစ် ဆားဘီးယားတင်းနစ်ကစားသမား ဂျိုကိုဗစ်နှင့် ပြင်သစ်တင်းနစ်ကစားသမားမွန်ဖီးလ်တို့ ယှဉ်ပြိုင်ကစားခဲ့ရာ ဂျိုကိုဗစ်က (၆–၃၊ ၆–၃) ရလဒ်ဖြင့် အနိုင်ရရှိကာ ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

ဝါရင့်ကစားသမားနှစ်ဦး၏ထိပ်တိုက်တွေ့ဆုံမှုဖြစ်သလို ဂျိုကိုဗစ်အနေဖြင့် သမိုင်းမှတ်တမ်းတစ်ခုအတွက် ၂၀၂၅ ခုနှစ် တင်းနစ်ရာသီကို ဆက်လက်ဖြတ်သန်းမည်ဖြစ်သောကြောင့် ရလဒ်ကောင်းရရှိရန် အကောင်းဆုံးအာရုံစိုက်ကစားခဲ့သည်။

ဂျိုကိုဗစ်သည် ဩစတြေးလျတင်းနစ်ကစားသမား နစ်ခ်ကိုင်ဂျီအို့စ်နှင့် နှစ်ယောက်တွဲတင်းနစ်ပြိုင်ပွဲတွင် ရလဒ်မကောင်းခဲ့သော်လည်း တစ်ဦးချင်းပွဲစဉ်တွင် အကောင်းဆုံး စွမ်းဆောင်ရည်ပြသထားနိုင်ခဲ့သည်။

ဂျိုကိုဗစ်က "ကွာတားဖိုင်နယ်အဆင့်ကို တက်ရောက်နိုင်ခဲ့လို့ ဝမ်းသာဂုဏ်ယူပါတယ်။ ကျွန်တော့်အတွက်တော့ တကယ့်ကိုခက်ခဲတဲ့ ပွဲစဉ်ဖြစ်ပါတယ်။ ဒါပေမယ့်လဲ ကျွန်တော် အကောင်းဆုံးလုပ်ပြနိုင်ခဲ့တယ်လို့ထင်ပါတယ်"ဟုပြောကြားခဲ့သည်။

ဂျိုကိုဗစ်သည် ကွာတားဖိုင်နယ်အဆင့်တွင် အမေရိကန်တင်းနစ်ကစားသမား အိုပယ်ကာနှင့် ယှဉ်ပြိုင်ကစားသွားရမည်ဖြစ်သည်။

အိုပယ်ကာသည် ဒုတိယအဆင့်တွင် အီတလီတင်းနစ်ကစားသမား အာနန်ဒီနှင့် ယှဉ်ပြိုင် ကစားခဲ့ရပြီး အိုပယ်ကာက (၇–၆၊ ၇–၆) ရလဒ်ဖြင့်အနိုင်ရရှိကာ ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်နိုင်ခဲ့ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : AZL**



## ရင်းနက်အသင်းက ဆော်ဒီကလပ် အယ်နာဆာအသင်းမှ ဖိုဖန်နာကို ခေါ်ယူ

**ပဲရစ် ဇန်နဝါရီ ၂**

ပြင်သစ်လီဂူးကလပ် ရင်းနက်အသင်းသည် ဆော်ဒီကလပ် အယ်နာဆာအသင်းမှ ကွင်းလယ်ကစားသမားဖိုဖန်နာကို ပြောင်းရွှေ့ကြေး ယူရို သန်း ၂၀ ဖြင့် အပြီးသတ် ခေါ်ယူခဲ့ကြောင်း သိရသည်။



ကွင်းလယ်ကစားသမား ဖိုဖန်နာသည်လန်းအသင်းတွင် ကစားခဲ့စဉ်ကခြေစွမ်းပြသနိုင်ခဲ့ပြီး အသင်းကို အမှတ်ပေးဇယား အဆင့်(၂)ထိ ပို့ဆောင်နိုင်ခဲ့ပြီးနောက် ဆော်ဒီကလပ် အယ်နာဆာအသင်းက ၂၀၂၃ ခုနှစ်တွင် ခေါ်ယူခဲ့သည်။

၎င်းသည် အယ်နာဆာအသင်းတွင် ပုံစံကောင်းပျောက်ဆုံးခဲ့သောကြောင့် ယခုရာသီတွင် အယ်အီသီဖတ်အသင်းသို့ အငှားစေလွှတ်ခံရပြီး ယခုအခါ ရင်းနက်အသင်းသို့ အပြီးသတ် ပြောင်းရွှေ့ခဲ့ကြောင်း သိရသည်။

ရင်းနက်အသင်းသည်အသက် ၂၉နှစ်ရှိကွင်းလယ်ကစားသမားကို ပြောင်းရွှေ့ကြေး ယူရို သန်း ၂၀ဖြင့် ခေါ်ယူကာ ၂၀၂၉ ခုနှစ်ထိ လေးနှစ်ခွဲစာချုပ် ချုပ်ဆိုခဲ့သည်။

ရင်းနက်အသင်းသည် ယခုနှစ် အမှတ်ပေးပြိုင်ပွဲ ၁၅ ပွဲကစားခဲ့ရာတွင် ရမှတ် ၁၇ မှတ်သာရရှိခဲ့ပြီး အဆင့် ၁၂ နေရာတွင် ရပ်တည်နေသောကြောင့် အသင်းအနေဖြင့် ရလဒ်ပိုင်း တိုးတက်လာစေရန်အတွက် ကစားသမားဖြည့်တင်းမှု ပြုလုပ်ခဲ့ကြောင်း သိရသည်။

**Ref : Goal com**
**Trs : ML**

## အားကစားသတင်းအတိုအထွာများ

- ❑ ပီအက်စ်ဂျီအသင်းသည် လာမည့်နွေရာသီတွင် လီဗာပူးအသင်းမှ အလွတ်ပြောင်းရွှေ့ခွင့်နှင့် ထွက်ခွာမည့် တိုက်စစ်မှူး ဆာလာဟ်ကို တစ်ပတ်လုပ်ခ စတာလင်ပေါင် ၅၀၀၀၀၀ပေး၍ သုံးနှစ်စာချုပ်ဖြင့် ထပ်မံကမ်းလှမ်းခဲ့ကြောင်း သိရသည်။
- ❑ ဖီနာဘာချီအသင်းနည်းပြ မော်ရင်ဟိုက ယခင်စပါးအသင်းတွင် လက်တွဲခဲ့ဖူးသည့် ဆွန်ဟောင်မင်ကို တိုက်စစ်ပိုင်းလိုအပ်ချက်အတွက် ခေါ်ယူသွားမည်ဖြစ်ကြောင်း သိရသည်။
- ❑ စပါးအသင်းတွင် ပွဲထွက်ခွင့်အတွက်ရုန်းကန်နေရသည့် ကွင်းလယ်ကစားသမား ကူလူဆက်စကီးကို အေစီမီလန်နည်းပြသစ် ကွန်စီကာအိုက ခေါ်ယူရန် ကြိုးပမ်းနေကြောင်း သိရသည်။
- ❑ မန်ယူအသင်းနှင့် မန်စီးတီးအသင်း တိုက်စစ်မှူးဟောင်း ရော်ဘင်ကို စတုတ်အသင်းက နည်းပြအဖြစ်ခန့်အပ်ခဲ့သည်။
- ❑ ဆော်ဒီထိပ်တန်းကလပ် အသင်းသုံးသင်းက မန်စီးတီးအသင်း ခေါင်းဆောင် ဝေါကာကို အပြိုင်ကမ်းလှမ်းရန်အတွက် ကြိုးပမ်းလျက်ရှိနေကြောင်း သိရသည်။ ML

## ဘာစီလိုနာအသင်း၏ အိုမိုနှင့် ပေါလ်ဗစ်တာတို့အတွက် ကစားသမားစာရင်းမှတ်ပုံတင်ရန် အယူခံတင်သွင်းမှုကို စပိန်လာလီဂါအဖွဲ့ချုပ် ပယ်ချ

**မက်ဒရစ် ဇန်နဝါရီ ၂**

ဘာစီလိုနာအသင်းက အသင်းမှ အဓိကကွင်းလယ်ကစားသမား အိုမိုနှင့်လူငယ်ကစားသမားပေါလ်ဗစ်တာတို့အတွက် အသင်းကစားသမားစာရင်း မှတ်ပုံတင်သွင်းခွင့်ရရှိရန် စပိန်လာလီဂါအဖွဲ့ချုပ်ထံ အယူခံ တင်သွင်းခဲ့သော်လည်း ပယ်ချခံခဲ့ရသည့်အတွက် ၎င်းတို့နှစ်ဦးအနေဖြင့် ကလပ်အသင်းလက်မဲ့ကစားသမားများဖြစ်လာခဲ့ကြကြောင်း သိရသည်။

ဘာစီလိုနာအသင်းသည် လက်ရှိတွင် အသင်းဘဏ္ဍာရေးအကျပ်အတည်းနှင့် ကြုံတွေ့နေရပြီး ဖြေရှင်းနိုင်ခြင်း မရှိသေးသည့်အတွက် အိုမိုနှင့် ပေါလ်ဗစ်တာတို့ကို လက်ကျန် ဒုတိယရာသီဝက်အတွက် အသင်းကစားသမားစာရင်းမှတ်ပုံတင်သွင်းနိုင်ခြင်း မရှိခဲ့ဘဲ ရုန်းကန်နေရခြင်းဖြစ်သည်။

ဘာစီလိုနာအသင်းသည် အိုမိုကို ပြီးခဲ့သည့် နွေရာသီကစားသမားအပြောင်းအရွှေ့ကာလက လိုက်ပ်ဇစ်အသင်းထံမှ ခေါ်ယူခဲ့ခြင်းဖြစ်ပြီး အသင်းဘဏ္ဍာရေး အကျပ်အတည်းကြောင့် ယခုနှစ်ဘောလုံးရာသီအစပိုင်းကလည်း အိုမိုကို အသင်းကစားသမားစာရင်းမှတ်ပုံတင်နိုင်ရန်ခက်ခဲခဲ့ပြီး ရာသီအစပိုင်းပွဲစဉ်များကို လွဲချော်ခဲ့ကာ စပိန်လာလီဂါပွဲစဉ်(၃)မှသာ စတင်အသုံးပြုနိုင်ခဲ့ခြင်းဖြစ်သည်။

လက်ရှိတွင် ဘာစီလိုနာအသင်းသည် ကြွေးမြီ စတာလင်ပေါင် တစ်ဘီလီယံထိရှိနေပြီး စပိန်လာလီဂါအဖွဲ့ချုပ်၏ ဘဏ္ဍာရေးကန့်သတ်စည်းမျဉ်းနှင့် ကိုက်ညီအောင်ဆောင်ရွက်နိုင်ခြင်းမရှိသေးသည့်အတွက် အိုမိုနှင့်ပေါလ်ဗစ်တာတို့ကို အသင်းကစားသမားစာရင်းမှတ်ပုံမတင်နိုင်ခဲ့ခြင်းဖြစ်သည်။

ဘာစီလိုနာအသင်းသည် အိုမိုနှင့် ပေါလ်ဗစ်တာတို့ကို ပြီးခဲ့သည့် ဒီဇင်ဘာ ၃၁ရက်နောက်ဆုံးထားပြီး အသင်းကစားသမားစာရင်းမှတ်ပုံတင်သွင်းရမည် ဖြစ်သော်လည်း ဘာစီလိုနာအသင်းအတွက် ဘဏ္ဍာရေးအကျပ်အတည်းကြောင့် ၎င်းတို့နှစ်ဦး ကစားသမားစာရင်းမှတ်ပုံတင်နိုင်ခြင်း မရှိခဲ့သည့်အတွက် လက်ရှိတွင်ကလပ်အသင်းလက်မဲ့ကစားသမားများ ဖြစ်နေခဲ့သော်လည်း ဘာစီလိုနာအသင်းက ၎င်းတို့အတွက် ကစားသမားစာရင်းမှတ်ပုံတင်နိုင်ရန် လက်မလျှော့သေးဘဲ ဆက်လက်ကြိုးပမ်းလျက်ရှိနေကြောင်း သိရသည်။

**Ref : Fabrizio Romano**
**Trs : STA**

# ရီးရဲလ်မက်ဒရစ်အသင်းက အာဆင်နယ်အသင်းမှ ဆာလီဘာကို စံချိန်တင်ပြောင်းရွှေ့ကြေးတစ်ရပ်ဖြင့် ကမ်းလှမ်းရန်ပြင်ဆင်နေ



**မက်ဒရစ် ဇန်နဝါရီ ၂**

ရီးရဲလ်မက်ဒရစ် အသင်းက အာဆင်နယ်အသင်းမှ ခံစစ်ကစားသမားဆာလီဘာကို မြင့်မားသည့် စံချိန်တင်ပြောင်းရွှေ့ကြေးတစ်ရပ်ဖြစ်သည့် စတာလင်ပေါင် ၈၃သန်းဖြင့် ခေါ်ယူရန်အတွက် ပြင်ဆင်လျက်ရှိနေကြောင်း သိရသည်။

ရီးရဲလ်မက်ဒရစ် အသင်းသည် လက်ရှိ အသင်းဗဟိုခံစစ်ပိုင်းတွင် ရူဒီဂါ၊ အလာဘာနှင့် မီလီတာအို တို့ရှိနေသော်လည်း မီလီတာအို အနေဖြင့် မကြာခဏဒဏ်ရာရရှိနေသကဲ့သို့ အလာဘာသည်လည်း ဒဏ်ရာ ပြဿနာများကြောင့် ကာလရှည်အနားယူနေရပြီး ရူဒီဂါ တစ်ဦးတည်းကိုသာ အားပြုနေရသည့်အတွက် ဆာလီဘာကို ရေရှည်အသုံးပြုရန် စံချိန်တင် ပြောင်းရွှေ့ကြေးတစ်ရပ်ဖြင့် ကမ်းလှမ်းရန်ပြင်ဆင်နေခြင်းဖြစ်သည်။

အသက် ၂၃နှစ်ရှိ ဆာလီဘာသည် ပြီးခဲ့သည့် ၂၀၁၉ ခုနှစ်က စိန့်အက်တီယန်အသင်းမှအာဆင်နယ်အသင်းသို့ ပြောင်းရွှေ့ကစားခဲ့သော်လည်း ၂၀၁၉ ခုနှစ်တွင်ပင် စိန့်အက်တီယန်အသင်း၌ တစ်ရာသီအငှားစာချုပ်ဖြင့် ကစားခဲ့ပြီးနောက် နိုက်အသင်း၊ မာဆေးအသင်းတို့တွင် အငှားစာချုပ်များဖြင့် ပြောင်းရွှေ့ကစားခဲ့ပြီး ၂၀၂၂ ခုနှစ်က အသင်းနှင့်စတင်ပူးပေါင်းခဲ့ခြင်းဖြစ်သည်။

ဆာလီဘာသည် အသင်းနှင့် ပူးပေါင်းခဲ့ပြီးနောက် အဓိက ဗဟိုခံစစ်ကစားသမားအဖြစ် ပါဝင်ကစားခွင့်ရရှိခဲ့ပြီး လက်ရှိပရီးမီးယားလိဂ် ပြိုင်ပွဲတွင်လည်း အကောင်းဆုံး ဗဟိုခံစစ်ကစားသမားများမှ တစ်ဦးအပါအဝင်ရပ်တည်နေသူ ဖြစ်သည့်အတွက် ရီးရဲလ်မက်ဒရစ်အသင်းက ဆာလီဘာကို စံချိန်တင်ပြောင်းရွှေ့ကြေးတစ်ရပ်ဖြင့် ကမ်းလှမ်းရန်ပြင်ဆင်နေခြင်းဖြစ်ကြောင်း သိရသည်။

Ref : Goal.com

Trs : STA

# ပရီးမီးယားလိဂ်ပြိုင်ပွဲ၏ ဒီဇင်ဘာလအတွက် တစ်လတာအကောင်းဆုံး ကစားသမားဆု ဆန်ခါတင်ကစားသမားစာရင်း ထုတ်ပြန်

**လန်ဒန် ဇန်နဝါရီ ၂**

ပရီးမီးယားလိဂ်ဘောလုံးအဖွဲ့ချုပ်က လစဉ်ပေးအပ်ချီးမြှင့်သည့်ဆုဖြစ်သည့် ပရီးမီးယားလိဂ်ပြိုင်ပွဲ၏ ဒီဇင်ဘာလအတွက် တစ်လတာ အကောင်းဆုံးကစားသမားဆု ဆန်ခါတင်စာရင်းကို ထုတ်ပြန်ကြေညာခဲ့ကြောင်း သိရသည်။

ပရီးမီးယားလိဂ်ပြိုင်ပွဲ၏ ဒီဇင်ဘာလအတွက် တစ်လတာ အကောင်းဆုံး ကစားသမားဆု ဆန်ခါတင် ကစားသမားစာရင်းတွင် လီဗာပူးအသင်းနှင့် နယူးကာဆယ်အသင်းတို့မှကစားသမားနှစ်ဦးစီပါဝင်လာခဲ့ပြီး လီဗာပူးအသင်း တိုက်စစ်ကစားသမား ဆာလာဟ်က အဆိုပါဆုအတွက် ထိပ်ဆုံးမှ ရေပန်းစားလျက်ရှိနေသည်။

ဆာလာဟ်သည် ပြီးခဲ့သည့် ဒီဇင်ဘာလအတွင်း ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် အသင်းနှင့်အတူကစားခဲ့သည့်ပွဲစဉ်များ၌ မန်စီးတီးအသင်းနှင့်ပွဲစဉ်တွင် သွင်းဂိုးတစ်ဂိုးနှင့် ဂိုးဖန်တီးမှုတစ်ကြိမ်၊ နယူးကာဆယ် အသင်းနှင့်ပွဲစဉ်တွင် သွင်းဂိုး နှစ်ဂိုးနှင့် ဂိုးဖန်တီးမှု တစ်ကြိမ်၊ ဖူလ်ဟမ်အသင်းနှင့် ပွဲစဉ်တွင် ဂိုးဖန်တီးမှု တစ်ကြိမ်၊ စပါးအသင်းနှင့်ပွဲစဉ်တွင် သွင်းဂိုး နှစ်ဂိုးနှင့် ဂိုးဖန်တီးမှုနှစ်ကြိမ်၊ လက်စတာ အသင်းနှင့်ပွဲစဉ်တွင် သွင်းဂိုးတစ်ဂိုး၊ဝက်စ်ဟမ်းအသင်းနှင့်ပွဲစဉ်တွင် သွင်းဂိုး တစ်ဂိုးနှင့် ဂိုးဖန်တီးမှုနှစ်ကြိမ် ပြုလုပ်နိုင်ခဲ့ပြီး သွင်းဂိုး ခုနစ်ဂိုးနှင့် ဂိုးဖန်တီးမှု နှစ်ကြိမ် ပြုလုပ်နိုင်ခဲ့သည်ထိ ခြေစွမ်းပြသနိုင်ခဲ့ခြင်းဖြစ်သည်။




ပရီးမီးယားလိဂ်ပြိုင်ပွဲ၏ဒီဇင်ဘာလအတွက် တစ်လတာ အကောင်းဆုံး ကစားသမားဆု ဆန်ခါတင် ကစားသမားစာရင်းတွင် ဆာလာဟ်နှင့်အတူအသင်းဖော်အာနိုး၊ နော်တင်ဟမ်အသင်းမှ ဂစ်ဗ်ဝိုက်၊ ဘုန်းမောက်အသင်းမှ ဒင်းဟောက်ဆန်၊ နယူးကာဆယ်အသင်းမှ အစ်ဆက်၊ ဂျက်ကော့မာဖီ၊ ချဲလ်ဆီးအသင်းမှ ကိုးလ်ပယ်မာနှင့် ဖူလ်ဟမ်အသင်းမှ ရော်ဘင်ဆင်တို့ပါဝင်ခဲ့ကြကြောင်း သိရသည်။

Ref : Fotmob

Trs : STA

# မန်ယူအသင်းအနေဖြင့် အခြေခံသဘောတူညီချက်များမအောင်မြင်ပါက စပွန်ဆာစာချုပ်ဆုံးရှုံးနိုင်ဟုဆို

**မန်ချက်စတာ ဇန်နဝါရီ ၂**

မန်ယူအသင်းသည် Adidas အားကစားကုမ္ပဏီနှင့် စတာလင်ပေါင် သန်း ၉၀၀ တန်ဖိုးရှိသည့် စပွန်ဆာစာချုပ်တွင် အခြေခံသဘောတူညီချက်များ ပါဝင်ခဲ့ပြီး မအောင်မြင်ပါက စာချုပ်ဖျက်သိမ်းမည်ဖြစ်ကြောင်း သိရသည်။

မန်ယူအသင်းသည် ၂၀၂၃ ခုနှစ်က Adidas အားကစားကုမ္ပဏီနှင့် စတာလင်ပေါင် သန်း ၉၀၀ တန်ဖိုးရှိ ကာလရှည်စာချုပ်ချုပ်ဆိုခဲ့ပြီး ပရီးမီးယားလိဂ်သမိုင်းတွင် တန်ကြေးအကြီးဆုံး စပွန်ဆာ စာချုပ်ဖြစ်ခဲ့သော်လည်း ကလပ်အသင်းအနေဖြင့် အခြေခံရည်မှန်းချက်များ ကျရှုံးပါက စာချုပ် ဖျက်သိမ်းသွားမည်ဖြစ်ကြောင်း သိရသည်။

မန်ယူအသင်းသည် Adidas အသင်းနှင့်စာချုပ်တွင် တစ်နှစ် စတာလင်ပေါင် သန်း ၉၀ ရရှိနေသဖြင့် ၁၀ နှစ်စာချုပ်အတွက် စတာလင်ပေါင်သန်း ၉၀၀ ထိ ရရှိခဲ့သည်။

အသင်းအနေဖြင့် ဘောလုံးရာသီတစ်ခုတွင် ထိပ်သီးလိဂ်မှ တန်းဆင်းရပါက အကျိုးအမြတ် ၅၀ ရာခိုင်နှုန်းသာရရှိမည်ဖြစ်ကာ ကုမ္ပဏီဘက်မှ စာချုပ်ဖျက်သိမ်းခွင့်ရှိကြောင်း သိရသည်။

မန်ယူအသင်းသည် ယခုရာသီတွင် ရလဒ်ပိုင်းကျဆင်းနေသည့် နည်းပြတန်ဟတ်ကို ရာထူးမှ ထုတ်ပယ်၍ နည်းပြအာမိုရင်ကို ခန့်အပ်ခဲ့ရာ နောက်ဆုံးလေးပွဲဆက် ရှုံးနိမ့်ခဲ့သဖြင့် အမှတ်ပေးဇယား အဆင့် ၁၄ တွင် ရောက်ရှိခဲ့ပြီး အဆင့် ၁၈ တန်းဆင်းဇုန်မှ အစ်ဗ့စ်အသင်းနှင့် ရမှတ် ခုနစ်မှတ်သာ ကွာဟနေကြောင်း သိရသည်။

Ref : Daily Mail

Trs : ML

## ပရီးမီးယားလိဂ်ပြိုင်ပွဲ ပွဲစဉ်(၂၀) ပွဲကြိုသုံးသပ်ချက်များ

**စပါး** Vs **နယူးကာဆယ်**

ကစားမည့်ရက်/အချိန် ၄-၁-၂၀၂၅ (ည ၀၇း၀၀ နာရီ)

နောက်ဆုံးတွေ့ဆုံမှုရလဒ်

နယူးကာဆယ် ၂ - ၁ စပါး

နောက်ဆုံးသုံးပွဲ နိုင် / ရှုံးရလဒ်

| | | | | |
|---|---|---|---|---|
| စပါး | - | အိမ်(ရှုံး) | ဝေး(ရှုံး) | အိမ်(သရေ) |
| နယူးကာဆယ် | - | ဝေး(နိုင်) | အိမ်(နိုင်) | ဝေး(နိုင်) |

သုံးပွဲဆက်နိုင်ပွဲပျောက်ဆုံးထားတဲ့ စပါးအသင်းအတွက် အိမ်ကွင်းမှာ နိုင်ပွဲပြန်လည်ရရှိအောင် ပြင်ဆင်လာမှာပါ။နယူးကာဆယ်အသင်းကလဲ နောက်ဆုံးကစားခဲ့တဲ့ ငါးပွဲဆက်နိုင်ပွဲရရှိထားတယ်ဆိုပေမယ့် အဝေးကွင်းခြေစွမ်းပိုင်းကတော့ စိတ်ချလို့မရပါဘူး။ ဒါကြောင့် စပါးအသင်းကိုပဲ အားပေးရမှာပါ။

ခန့်မှန်းရလဒ် - စပါး ၂ - ၁ နယူးကာဆယ်

**မန်စီးတီး** Vs **ဝက်စ်ဟမ်း**

ကစားမည့်ရက်/အချိန် ၄-၁-၂၀၂၅ (ည ၀၉း၃၀ နာရီ)

နောက်ဆုံးတွေ့ဆုံမှုရလဒ်

ဝက်စ်ဟမ်း ၁ - ၃ မန်စီးတီး

နောက်ဆုံးသုံးပွဲ နိုင် / ရှုံးရလဒ်

| | | | | |
|---|---|---|---|---|
| မန်စီးတီး | - | ဝေး(ရှုံး) | အိမ်(သရေ) | ဝေး(နိုင်) |
| ဝက်စ်ဟမ်း | - | အိမ်(သရေ) | ဝေး(နိုင်) | အိမ်(ရှုံး) |

ပြီးခဲ့တဲ့ပွဲစဉ်က နိုင်ပွဲပြန်လည်ရရှိခဲ့တဲ့ မန်စီးတီးအသင်းဟာ အခုအိမ်ကွင်းပွဲစဉ်မှာလဲ ဝက်စ်ဟမ်းအသင်းကိုအကောင်းဆုံးဖိအားပေးကစားနိုင်မှာပါ။ ခြေစွမ်းပိုင်းတည်ငြိမ်မှုမရှိတဲ့ဝက်စ်ဟမ်းအသင်းကတော့ အခုပွဲစဉ်မှာလဲ ရှုံးကန်ရမှာပါ။ ဒါကြောင့် မန်စီးတီးအသင်းပဲနိုင်ပွဲဆက်သွားပါလိမ့်မယ်။

ခန့်မှန်းရလဒ် - မန်စီးတီး ၂ - ၀ ဝက်စ်ဟမ်း

## ပြင်သစ်လီဂူး ပွဲစဉ်(၁၆) ပွဲကြိုသုံးသပ်ချက်

**လိုင်ယွန်** Vs **မောင့်ပယ်လီယာ**

ကစားမည့်ရက်/အချိန် ၅-၁-၂၀၂၅ (နံနက် ၀၂း၃၀ နာရီ)

နောက်ဆုံးတွေ့ဆုံမှုရလဒ်

မောင့်ပယ်လီယာ ၁ - ၂ လိုင်ယွန်

နောက်ဆုံးသုံးပွဲ နိုင် / ရှုံးရလဒ်

| | | | | |
|---|---|---|---|---|
| လိုင်ယွန် | - | အိမ်(နိုင်) | ဝေး(ရှုံး) | ဝေး(နိုင်) |
| မောင့်ပယ်လီယာ | - | ဝေး(ရှုံး) | အိမ်(သရေ) | ဝေး(ရှုံး) |

ဒီရာသီမှာ ပုံစံကောင်းရရှိနေတဲ့ လိုင်ယွန်အသင်းဟာ အိမ်ကွင်းမှာ မောင့်ပယ်လီယာအသင်းကို ခြေစွမ်းပိုင်းအသာနဲ့ ဖိအားပေးနိုင်မှာပါ။ မောင့်ပယ်လီယာအသင်းကတော့ ငါးပွဲဆက်ရှုံးနိမ့်ထားပြီး ရလဒ်တွေ ဆိုးရွားနေပါတယ်။ ဒါကြောင့် အခုပွဲစဉ်မှာ အိမ်ရှင်အားသာချက်နဲ့ ဖိအားပေးကစားလာမယ့် လိုင်ယွန်အသင်းကိုပဲ အားပေးရမှာပါ။

ခန့်မှန်းရလဒ် - လိုင်ယွန် ၂ - ၀ မောင့်ပယ်လီယာ

## စပိန်ကိုပါဒယ်ရေးဗလားပြိုင်ပွဲ(၃၂)သင်း ရှုံးထွက် ပွဲကြိုသုံးသပ်ချက်

**ဟူစကာ** Vs **ဘတ်တစ်**

ကစားမည့်ရက်/အချိန် ၄-၁-၂၀၂၅ (ည ၀၉း၀၀ နာရီ)

နောက်ဆုံးတွေ့ဆုံမှုရလဒ်

ဘတ်တစ် ၁ - ၀ ဟူစကာ

နောက်ဆုံးသုံးပွဲ နိုင် / ရှုံးရလဒ်

| | | | | |
|---|---|---|---|---|
| ဟူစကာ | - | ဝေး(နိုင်) | အိမ်(နိုင်) | ဝေး(သရေ) |
| ဘတ်တစ် | - | ဝေး(နိုင်) | အိမ်(နိုင်) | အိမ်(သရေ) |

ဟူစကာအသင်းဟာ နောက်ပိုင်းပွဲစဉ်တွေမှာ ရလဒ်တွေကောင်းမွန်နေတယ်ဆိုပေမယ့် ဘတ်တစ်အသင်းကို ရင်ဆိုင်ဖို့အတွက်တော့ခက်ခဲမှာပါ။ ဘတ်တစ်အသင်းကလဲ ခြေစွမ်းပိုင်းပြန်လည်တည်ငြိမ်နေလို့ ဟူစကာအသင်းကို ဖိအားပေးကစားနိုင်မှာပါ။ ဒါကြောင့် ခြေစွမ်းပိုင်းအသာစီးမှာရှိနေတဲ့ ဘတ်တစ်အသင်းပဲ အနိုင်ရယူသွားပါလိမ့်မယ်။

ခန့်မှန်းရလဒ် - ဟူစကာ ၀ - ၂ ဘတ်တစ်

# ထိန်းသိမ်းစောင့်ရှောက်ကာကွယ်ပေး မြန်မာနိုင်ငံလွတ်လပ်ရေး

စိန်ငွေးလှိုင်(ပခုက္ကူ)

၁၉၄၈ ခုနှစ် ဇန်နဝါရီ ၄ ရက်ဟာ မြန်မာနိုင်ငံရဲ့ လွတ်လပ်ရေးရရှိတဲ့နေ့ဖြစ်ပါတယ်။ လွတ်လပ်ရေးဆိုတာ လူတစ်ယောက်ရဲ့ ယုံကြည်ချက်၊ ထင်မြင်ယူဆချက်၊ ကြိုးစားအားထုတ်မှုတို့မှာ ကိုယ်ပိုင်ဆုံးဖြတ်ချက်နဲ့ လုပ်ကိုင်ခွင့်ရရှိမှုကို ခေါ်ဆိုပါတယ်။ ဒါ့ပြင် မိမိအကျိုးစီးပွားကို ဥပဒေဘောင်အတွင်းကနေ လုပ်ကိုင်နိုင်တာကို နိုင်ငံသားတစ်ယောက်ရဲ့ လွတ်လပ်ခွင့်လို့ ခေါ်ဆိုပါတယ်။ တိုင်းပြည်တစ်ခုရဲ့ နိုင်ငံရေး၊ စီးပွားရေးနဲ့ လူမှုရေးတို့မှာ အခြားတိုင်းပြည်အပေါ် မှီခိုအားကိုးမှုမရှိတာကို နိုင်ငံရေးလွတ်လပ်ခွင့်လို့ သတ်မှတ်ကြပါတယ်။ ပြည်နယ်၊ တိုင်းဒေသကြီးတို့ စုပေါင်းတာ၊ ဗဟိုအာဏာကနေ ခွဲထုတ်ပြီး ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသသတ်မှတ်ပေးတာ၊ ဗဟိုအုပ်ချုပ်မှုအောက်မှ အာဏာခွဲဝေပေးတာတို့ဟာ လွတ်လပ်ရေးပဲဖြစ်ပါတယ်။

လွတ်လပ်ရေးရဲ့ ဆန့်ကျင်ဘက်ဟာ မလွတ်လပ်တာ ဒါမှမဟုတ် ဖိနှိပ်ချုပ်ချယ်ခံရတာဖြစ်ပါတယ်။ အထူးသဖြင့် တိုင်းတစ်ပါးသားအုပ်ချုပ်တာကို ခံနေရပြီး ကိုယ့်နိုင်ငံကထွက်ရှိတဲ့ သယံဇာတကအစ ဘာသာရေးထိ သူတို့စိတ်တိုင်းကျ ခြယ်လှယ်အမြတ်ထုတ်အုပ်ချုပ်ကြပါတယ်။ ကျွန်းမာမှုရဲ့ တန်ဖိုးကို မကျန်းမာတဲ့အခြေအနေရောက်တဲ့အခါ သိရသလို လွတ်လပ်မှုရဲ့ တန်ဖိုးအနှစ်သာရကို လွတ်လပ်ရေးဆုံးရှုံးတဲ့အခါ ပိုမိုသိရပါတယ်။

မြန်မာနိုင်ငံဟာ အတိတ်သမိုင်းမှာ လွတ်လပ်ရေးဆုံးရှုံးခဲ့ရပါတယ်။ မြန်မာနိုင်ငံဟာ ကိုယ့်ဘုရင်၊ ကိုယ့်သခင်နဲ့ ရပ်တည်ခဲ့တဲ့ တိုင်းပြည်ဖြစ်ပါတယ်။ ပုဂံခေတ်၊ ပင်းယခေတ်၊ အင်းဝခေတ်၊ တောင်ငူခေတ်၊ ညောင်ရမ်းခေတ်နဲ့ ကုန်းဘောင်ခေတ်တွေမှာ ပဒေသရာဇ်မင်းတို့ အုပ်စိုးကြပါတယ်။ ကမ္ဘာပေါ်မှာ ကိုလိုနီစနစ်ဟာ အေဒီ ၁၉ ရာစုမှာ ပေါ်ပေါက်ခဲ့ပါတယ်။ ကိုလိုနီစနစ်ဆိုတာ အင်အားကြီးနိုင်ငံက အခြားနိုင်ငံကို တရားဝင် တိုက်ရိုက်ထိန်းချုပ်နိုင်တဲ့ နိုင်ငံရေးနဲ့ စစ်ရေးလွှမ်းမိုးမှုကို ခေါ်ဆိုပါတယ်။ အရှေ့တောင်အာရှမှာတည်ရှိတဲ့ မြန်မာနိုင်ငံဟာ သယံဇာတကြွယ်ဝပြီး ပထဝီအနေအထားအရ အချက်အချာကျတာကြောင့် နယ်ချဲ့ဗြိတိသျှတို့က သိမ်းပိုက်လိုပါတယ်။ ၁၈၂၄ ခုနှစ်မှာ ပထမအင်္ဂလိပ်-မြန်မာစစ်ပွဲဖြစ်ပွားခဲ့ပြီး ရခိုင်နဲ့ တနင်္သာရီဒေသကို သိမ်းပိုက်ခဲ့ပါတယ်။ ၁၈၅၂ ခုနှစ်မှာ ဒုတိယအင်္ဂလိပ်-မြန်မာစစ်ပွဲဖြစ်ပွားခဲ့ပြီး ဟံသာဝတီပဲခူးကို သိမ်းယူခဲ့ပါတယ်။ ၁၈၈၅ ခုနှစ်မှာ တတိယ အင်္ဂလိပ်-မြန်မာစစ်ပွဲဖြစ်ခဲ့ပြီး တစ်နိုင်ငံလုံးကို သိမ်းပိုက်ခဲ့ပါတယ်။ "ထီးသုဉ်းနန်းသုဉ်းမြို့သုဉ်းသုညာ သုဉ်းသုံးဝဖြင့် သုဉ်းပြေနန်းလစ်၊ သုညခေတ်ဝယ်၊ ဖြစ်လာရလေ၊ တို့တစ်တွေသည် သေသော်မှတည့်၊ သြော်...ကောင်း၏" ဆိုတဲ့ ဆီးပန်းနီဆရာတော်ရဲ့ ဧကပိုဒ်ရတုထဲက အတိုင်း မြန်မာနိုင်ငံဟာ အင်္ဂလိပ်လက်အောက်ကို ကျရောက်ခဲ့ရပါတယ်။

ဒီအချိန်မှာ တိုင်းရင်းသားအသီးသီးတို့ဟာ ရရာလက်နက်ကို စွဲကိုင်တော်လှန်ကြပါတယ်။ ပုပ္ပားနယ်မှ ဗိုလ်နက်ကျော်၊ ပုဂံဒေသမှ ဗိုလ်ချို၊ ဝဲလောင်ဒေသမှ ဗိုလ်ရာညွန့်၊ ချင်းပြည်နယ်မှ ဗိုလ်ဆွန်ပက်ခေါ်ကြွမ်ခံတို့မှာ ထင်ရှားတဲ့မျိုးချစ်တော်လှန်ရေးသမားတွေဖြစ်ကြပါတယ်။ ဒါပေမဲ့ တစ်တိုင်းပြည်လုံးစည်းရုံးနိုင်မှုမရှိတာ၊ လက်နက်အင်အား၊ လူအင်အားမမျှတမှုတို့ကြောင့် အောင်မြင်မှုမရရှိခဲ့ပါ။ အားမသန်လို့ မာန်လျော့ခဲ့ရပေမဲ့ နယ်ချဲ့ကို တော်လှန်လိုတဲ့စိတ်ဓာတ်မှာ လျော့နည်းမသွားခဲ့ပါ။

မြန်မာတို့ဟာ အင်္ဂလိပ်ကို ဆန့်ကျင်ဖို့ရာ အဖွဲ့အစည်းတွေ ဖွဲ့ခဲ့ကြပါတယ်။ ဦးဘဘေ၊ အမ်အေဦးမောင်ကြီး၊ ဒေါက်တာဦးဘရင်တို့ ဦးဆောင်ပြီး ဗုဒ္ဓဘာသာကလျာဏယုဝအသင်းကြီး (ဝိုင်အမ်ဘီအေ)ကို ၁၉၀၆ ခုနှစ် မေ ၁၀ ရက်မှာ တည်ထောင်ခဲ့ပါတယ်။ ဒီအသင်းကို ၁၉၂၀ ပြည့်နှစ် စက်တင်ဘာလမှာ မြန်မာအသင်းချုပ်ကြီး (ဂျီစီဘီအေ) အဖြစ် တိုးချဲ့ဖွဲ့စည်းလိုက်ပါတယ်။ ဒါ့ပြင် တို့ဗမာအစည်းအရုံးကို ၁၉၃၀ ပြည့်နှစ် မေ ၃၀ ရက်မှာ ဖွဲ့စည်းခဲ့ပြီး လွတ်လပ်ရေးရဖို့ လုပ်ဆောင်ရာမှာ နယ်ချဲ့ကို လက်နက်ကိုင်တော်လှန်မှသာ ရနိုင်မယ်လို့ နားလည်လာကြပါတယ်။ ၁၉၃၉ ခုနှစ် စက်တင်ဘာ ၃ ရက်မှာ ဒုတိယကမ္ဘာစစ်ကြီးဖြစ်ပွားတဲ့အခါ အင်္ဂလိပ်တို့ဟာ စစ်ကြီးအတွက် လုံးပန်းနေရပါတယ်။ မြန်မာတို့က "အင်္ဂလိပ်အခက် ဗမာအချက်"ဆိုတဲ့စကားကို ကြွေးကြော်ပြီး နယ်ချဲ့ကို လက်နက်နဲ့ ပြန်လည်တိုက်ခိုက်ရမဲ့ နည်းလမ်းရှာဖွေကြပါတယ်။ တို့ဗမာအစည်းအရုံးမှ သခင်အောင်ဆန်းခေါ်ဆောင်တဲ့ ရဲဘော်သုံးကျိပ်တို့ဟာ စစ်သင်တန်းတက်ရောက်ဖို့ရာ အသုတ်လေးသုတ်ခွဲပြီး ပြည်ပကို ထွက်ခွာကြပါတယ်။ တရုတ်နိုင်ငံ တောင်ပိုင်း ဟိုင်နန်ကျွန်းမှာ စစ်ပညာကို ပင်ပင်ပန်းပန်းသင်ယူကြပါတယ်။ ရဲဘော်သုံးကျိပ်တို့ဟာ တရုတ်ကအပြန် ထိုင်းနိုင်ငံ ဗန်ကောက်မြို့မှာ ဗမာ့လွတ်လပ်ရေးတပ်မတော်(ဘီအိုင်အေ)ကို ၁၉၄၁ ခုနှစ် ဒီဇင်ဘာ ၂၇ ရက်မှာဖွဲ့စည်းလိုက်ပါတယ်။ ဘီအိုင်အေတပ်ဟာ ဂျပန်တပ်မနဲ့ ပူးပေါင်းပြီး မြန်မာနိုင်ငံအတွင်းကို စစ်ကြောင်းလေးကြောင်းနဲ့ ဝင်လာကြပါတယ်။ ရန်ကုန်မြို့ကို ၁၉၄၂ ခုနှစ် မတ်လမှာ သိမ်းပိုက်နိုင်ပါတယ်။ ဒါ့ပြင် တပ်မကြီးနှစ်ခုကို ထပ်မံဖွဲ့စည်းပြီး ဂျပန်တပ်နဲ့အတူ မြန်မာနိုင်ငံအထက်ပိုင်းကို ဆက်လက်ချီတက်ကာ အဲဒီနှစ် ဇူလိုင်မှာ မြန်မာတစ်နိုင်ငံလုံးကို သိမ်းပိုက်နိုင်ပါတယ်။ ဂျပန်တပ်မတော်စစ်သေနာပတိ ဒုတိယဗိုလ်ချုပ်ကြီး ကာဝါဘီက စစ်အုပ်ချုပ်ရေးဖျက်သိမ်းကြောင်းကို ၁၉၄၃ ခုနှစ် ဩဂုတ် ၁ ရက်မှာ ကြေညာပြီး လွတ်လပ်ရေးပေးပါတယ်။ ရွှေရည်စိမ်လွတ်လပ်ရေးသာ ဖြစ်ခဲ့ပါတယ်။ ဂျပန်တို့က ဖက်ဆစ်စနစ်နဲ့ အုပ်ချုပ်ပြန်ပါတယ်။ မြန်မာ့တပ်မတော်မှာလဲ ဂျပန်လက်အောက်ခံတပ်မတော်အဖြစ်နဲ့သာ ရပ်တည်နေရပါတယ်။ ဖ ၁၉၄၅ ခုနှစ် မတ် ၂၇ ရက်မှာ တစ်တိုင်းပြည်လုံးအနေနဲ့ ဖက်ဆစ်တော်လှန်ရေးကြီးကို စတင်ဆင်နွှဲလိုက်ပါတယ်။ ဂျပန်တို့ထွက်ခွာသွားတဲ့အခါ အင်္ဂလိပ်တို့ပြန်ဝင်လာချိန်မှာ လွတ်လပ်ရေးရဖို့ အာမခံချက်ဖြစ်တဲ့ အောင်ဆန်း-အက်တလီစာချုပ်ကို ၁၉၄၇ ခုနှစ် ဇန်နဝါရီ ၂၇ ရက်မှာ ချုပ်ဆိုနိုင်ပါတယ်။ စာချုပ်မှာ အချက်ကြီး ၁၀ ချက်ပါရှိပြီး "တစ်နှစ်အတွင်း လွတ်လပ်ရေးပေးရန်" ဆိုတဲ့ အချက်လဲ ပါဝင်နေပါတယ်။ ဒါကြောင့် မြန်မာနိုင်ငံဟာ လွတ်လပ်ရေးရရှိခဲ့ပါတယ်။

> ❖မြန်မာနိုင်ငံဟာ ကိုလိုနီစနစ်၊ ဖက်ဆစ်စနစ်တို့နဲ့ အုပ်ချုပ်တာကို နှစ်ပေါင်းရာကျော်ကြာ ခါးခါးသီးသီးခံစားခဲ့ရပါတယ်။ အင်္ဂလိပ်တို့က မြန်မာတိုင်းရင်းသားအချင်းချင်းကို သွေးခွဲအုပ်ချုပ်ခဲ့ပါတယ်။ ဒီအမွေဆိုးကြောင့် လွတ်လပ်ရေးရပြီးချိန်မှာ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမရှိခဲ့ပါ။ ယနေ့ထက်တိုင် စည်းလုံးညီညွတ်မှုအားနည်းကာ အပြည့်အဝငြိမ်းချမ်းမှုမရှိတာကြောင့် တိုင်းပြည်ရဲ့ ဖွံ့ဖြိုးတိုးတက်မှုမှာ နောက်ကျနေပါတယ်။ လက်ရှိကာလမှာ ပြည်ပအားကိုးပုဆိန်ရိုးတွေဟာ လွတ်လပ်ရေးဆုံးရှုံးစေနိုင်တဲ့ အကြမ်းဖက်လုပ်ရပ်တွေကို လုပ်ဆောင်နေကြပါတယ်။ ❖

လွတ်လပ်ရေးမော်ကွန်းကျောက်တိုင် အုတ်မြစ်ချပွဲအခမ်းအနားကို ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် မဟာဗန္ဓုလပန်းခြံမှာ ကျင်းပခဲ့ပါတယ်။ ဖဆပလအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးဗဆွေက သစ္စာအဓိဋ္ဌာန် ကိုးချက်တိုင်ပေးကာ လူထုကြီးက ကြက်သီးမွေးညင်းထကာ သံပြိုင်ဆိုကြပါတယ်။ သစ္စာအဓိဋ္ဌာန်ကိုးချက်မှာ "ငါတို့သည် ဤနေ့ ဤအချိန်မှစ၍ ငါတို့အား လွတ်လပ်သောလမ်းသို့ ပို့ဆောင်ခဲ့သော ငါတို့၏ ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းချမှတ်ခဲ့သည့် လမ်းစဉ်အတိုင်း တစ်သဝေမတိမ်းချီတက်မည်။ ငါတို့သည် ဤနေ့ ဤအချိန်မှစ၍ ငါတို့သည် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး၏ သစ္စာကို မသွေမဖည်စောင့်ထိန်းမည်။ ငါတို့သည် ဤနေ့ ဤအချိန်မှစ၍ လွတ်လပ်သော နိုင်ငံသားတို့၏ မွန်မြတ်သောအခွင့်အရေးကို ခံယူသည့်နည်းတူ လွတ်လပ်သော နိုင်ငံသားတို့၏ တာဝန်နှင့် ဝတ္တရားများကိုလည်း မတိမ်းမငဲ့ ထမ်းဆောင်မည်။ ငါတို့သည် ဤနေ့ ဤအချိန်မှစ၍ ငါတို့ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏လုံ့လဥဿာဟဖြင့် ရရှိပြီဖြစ်သော အမျိုးသားညီညွတ်ရေးကို ကျောက်စိုင်ကျောက်ခဲကဲ့သို့ ခိုင်မြဲအောင်ထိန်းသိမ်းမည်။ ငါတို့သည် ဤနေ့ဤအချိန်မှစ၍ ငါတို့၏နိုင်ငံသားဟူသရွေ့ကို ကြီးငယ်နီးဝေးမခြားတစ်သွေးတစ်သားပြု၍ နည်းများနိမ့်မြင့်မရှိစေရ ညီတူညီမျှပြုမည်။ ငါတို့သည် ဤနေ့ ဤအချိန်မှစ၍ သူတစ်ပါးကိုလည်း မတရားမပြု ငါတို့အားမတရားပြုသည်ကိုလည်း မခံ၊ အသက်နှင့်လဲ၍ ကာကွယ်မည်။ ငါတို့သည် ဤနေ့ဤအချိန်မှစ၍ ငါတို့နိုင်ငံတော်ကြီး၏ တရားဥပဒေများကို ရိုသေစွာလိုက်နာကျင့်သုံးမည်။ ငါတို့သည် ဤနေ့ ဤအချိန်မှစ၍ ငါတို့နိုင်ငံနှင့် ငါတို့၏ လွတ်လပ်ရေးကို အသက်နှင့်လဲ၍ ကာကွယ်စောင့်ရှောက်မည်။ လုံးဝလွတ်လပ်သော ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး ကမ္ဘာ့အရှည် တည်မြဲရေးတာဝန်သည် ငါတို့နှင့်တကွ ငါတို့ သားမြေး နောင်လာအဆက်ဆက်တို့အပေါ်၌ တည်စေမည်။ ဤငါတို့၏ သစ္စာအဓိဋ္ဌာန်မှန်သည့်အတိုင်း ငါတို့ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးသည် ကမ္ဘာ့အရှည်တည်စေသတည်း။ တို့ဖြစ်ကြပါတယ်။ ဒါ့ပြင် မြန်မာနိုင်ငံအနှံ့အပြားမှာ မော်ကွန်းကျောက်တိုင်များ စိုက်ထူကြပြီး မြန်မာသက္ကရာဇ် ၁၃၀၉ ခုနှစ် ပြာသိုလဆုတ် ၉ ရက် တနင်္ဂနွေနေ့တွင် "ဤငါတို့မြန်မာပြည် လုံးဝလွတ်လပ်သော အချုပ်အခြာအာဏာပိုင်ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးအဖြစ် ကောင်းစွာရောက်သတည်း"လို့ ဆိုကာ ကမ္ပည်းရေးထိုးကြကြောင်း လေ့လာသိရှိရပါတယ်။

မြန်မာနိုင်ငံဟာ ကိုလိုနီစနစ်၊ ဖက်ဆစ်စနစ်တို့နဲ့ အုပ်ချုပ်တာကို နှစ်ပေါင်းရာကျော်ကြာ ခါးခါးသီးသီး ခံစားခဲ့ရပါတယ်။ အင်္ဂလိပ်တို့က မြန်မာတိုင်းရင်းသားအချင်းချင်းကို သွေးခွဲအုပ်ချုပ်ခဲ့ပါတယ်။ ဒီအမွေဆိုးကြောင့် လွတ်လပ်ရေးရပြီးချိန်မှာ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမရှိခဲ့ပါ။ ယနေ့ထက်တိုင် စည်းလုံးညီညွတ်မှုအားနည်းကာ အပြည့်အဝငြိမ်းချမ်းမှု မရှိတာကြောင့် တိုင်းပြည်ရဲ့ ဖွံ့ဖြိုးတိုးတက်မှုမှာ နောက်ကျနေပါတယ်။ လက်ရှိကာလမှာ ပြည်ပအားကိုးပုဆိန်ရိုးတွေဟာ လွတ်လပ်ရေးဆုံးရှုံးစေနိုင်တဲ့ အကြမ်းဖက်လုပ်ရပ်တွေကို လုပ်ဆောင်နေကြပါတယ်။ စစ်မှန်ပြီး စည်းကမ်းပြည့်ဝတဲ့ ပါတီစုံဒီမိုကရေစီပြည်ထောင်စုကြီးကို တည်ဆောက်မယ်ဆိုရင် တိုင်းရင်းသားအားလုံးမှာ အေးအတူပူအမျှ လွတ်လပ်စွာ နေထိုင်ရင်း မနာလိုဝန်တိုစိတ်မရှိဘဲ အကျိုးစီးပွားပူးပေါင်းကူညီမှု၊ အပြန်အလှန်လေးစားမှု၊ နားလည်ယုံကြည်မှုတို့နဲ့ နေထိုင်ပြုမူရပါမယ်။

မြန်မာနိုင်ငံမှာ နှစ်စဉ် လွတ်လပ်ရေးနေ့ရောက်တိုင်း ဗိုလ်ရွှေဘင်၊ အလံတင်အခမ်းအနား၊ ဟောပြောပွဲ၊ ဘွဲ့ထူးဂုဏ်ထူးပေးအပ်ပွဲ၊ အားကစားပြိုင်ပွဲနဲ့ စာပေပြိုင်ပွဲတွေကို ခေတ်အဆက်ဆက်မှ ယနေ့တိုင် ကျင်းပမြဲဖြစ်ပါတယ်။ (၇၇) နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားကို ဦးတည်ချက် (၅)ရပ်နဲ့ ကျင်းပမှာဖြစ်ပါတယ်။

အချုပ်အားဖြင့်ဆိုရင် နယ်ချဲ့လက်အောက်မှ လွတ်မြောက်ခဲ့တဲ့ ပထမဆုံးလွတ်လပ်ရေးနေ့မှာ ကိုလိုနီခေတ်မြန်မာနိုင်ငံသားတို့ရဲ့ ဝမ်းသာကြည်နူးမှုဟာ ဘယ်အရာနဲ့မှ နှိုင်းယှဉ်လို့ရမှာ မဟုတ်ပါ။ သူတို့ရွတ်ဆိုတဲ့ သစ္စာအဓိဋ္ဌာန်ကိုးချက်က သက်သေပြခဲ့ပါတယ်။ တိုင်းရင်းသားအပေါင်းတို့ဟာ လွတ်လပ်မှုနဲ့ မလွတ်လပ်မှုသဘောတရားကို တွေ့ကြုံခံစားခဲ့ရပါတယ်။ လွတ်လပ်ရေးဆုံးရှုံးခဲ့တာကြောင့် နိုင်ငံတော်မှာ အဘက်ဘက်က နိမ့်ကျခဲ့ရပါတယ်။ မျိုးချစ်ပုဂ္ဂိုလ်ကြီးတွေရဲ့ ခေါင်းဆောင်မှုအောက်မှာ ပြည်သူတို့ဟာ အသက်၊ သွေး၊ ချွေးပေးဆပ်ပြီး လွတ်လပ်ရေးကို ရယူခဲ့ရပါတယ်။ ရရှိပြီးတဲ့ လွတ်လပ်ရေးကို ထိန်းသိမ်းနေရုံနဲ့ မပြီးသေးဘဲ ထာဝစဉ်တည်တံ့ဖို့ရာ နိုင်ငံသူ နိုင်ငံသားအပေါင်းက ကာကွယ်စောင့်ရှောက်ထားကြရမှာ ဖြစ်ကြောင်း ရေးသားလိုက်ရပါတယ်။

**ကိုးကား**

- ဦးသန့်၏ ပြည်တော်သာခရီး။

## သစ္စာဝိုင်ဇာတ်လမ်းတွဲကို Shwe Sandar Min Production Youtube Channel မှ ဇန်နဝါရီ ဒုတိယပတ်အတွင်းထုတ်လွှင့်သွားမည်




**ရန်ကုန် ဇန်နဝါရီ ၂**

Shwe Sandar Min Film Production မှ ရိုက်ကူးထုတ်လုပ်သည့် သစ္စာဝိုင်ဇာတ်လမ်းတွဲကို Shwe Sandar Min Production Youtube Channel မှ ဇန်နဝါရီ ဒုတိယပတ်အတွင်း ထုတ်လွှင့်ပေးသွားမည်ဖြစ်ကြောင်း အဆိုပါ သစ္စာဝိုင်ဇာတ်လမ်းတွဲကို တာဝန်ယူပုံဖော် ရိုက်ကူးထားသူ ဒါရိုက်တာကြည်ထံမှ သိရသည်။

အဆိုပါ သစ္စာဝိုင်ဇာတ်လမ်းတွဲ၏ ဝတ္ထုဇာတ်လမ်းကို မယ်ခိုင်နှင့် Sky Ward Art Team တို့က ရေးသားထားကာ Shwe Sandar Min Film Production အတွက် ဒါရိုက်တာကြည်က တာဝန်ယူပုံဖော်ရိုက်ကူးထားကြောင်းလည်း သိရသည်။

"ဒီဇာတ်လမ်းတွဲလေးက ဒရာမာ သီးသန့်ဇာတ်လမ်းတွဲလေး ဖြစ်ပါတယ်။ သံယောဇဉ်နဲ့ ကရုဏာတရားတွေပြည့်နေတဲ့ အချစ်က နှစ်ချို့ဝိုင် တစ်ခွက်လိုပါပဲလို့ အချစ်နဲ့ဝိုင်ကို တင်စားထားတဲ့ အချစ်ဒရာမာဇာတ်ကား သန့်သန့်လေးဖြစ်ပါတယ်။ သစ္စာဝိုင်ဇာတ်လမ်းတွဲကို Shwe Sandar Min Production Youtube Channel ကနေ အခမဲ့ကြည့်ရှုခံစားရမှာဖြစ်လို့ Youtube Channel ကို Subscribe လုပ်ထားဖို့ မမေ့နဲ့နော်"ဟု ဒါရိုက်တာကြည်က ပြောပြသည်။

အဆိုပါ ဇာတ်လမ်းတွဲတွင် သရုပ်ဆောင်များအဖြစ် ဧယျ၊ ရဲရင့်မြတ်သူ၊ ကျော်ထွန်းနေ၊ ဘုန်းသီရိကျော်နှင့် အနုပညာရှင်များစွာပါဝင်ထားပြီး ဇန်နဝါရီ ဒုတိယပတ်အတွင်း Shwe Sandar Min Production Youtube Channel မှ ထုတ်လွှင့်သွားမည် ဖြစ်ကြောင်းလည်း သိရသည်။ ASH

## မင်းသားတွမ်ခရုစ်က Mission: Impossible ဇာတ်ကားသစ်များအတွက် သရုပ်ဆောင်တစ်ဦးရှာဖွေနေ

**နယူးယောက် ဇန်နဝါရီ ၂**

ကမ္ဘာကျော် အက်ရှင်မင်းသား တွမ်ခရုသည် Mission: Impossible ဇာတ်ကားသစ် နှစ်ကားအတွက် လူငယ်သရုပ်ဆောင်တစ်ဦးကိုရှာဖွေနေကြောင်း ဇန်နဝါရီ ၁ ရက် သတင်းများအရ သိရသည်။

အထက်ပါ လူငယ်သရုပ်ဆောင်သည် Mission: Impossible ဇာတ်ကားများ၏ ပင်တိုင်ဇာတ်ကောင် ထောက်လှမ်းရေးသမား အီသန်ဟန့်၏ လူငယ်ဘဝကို သရုပ်ဆောင်ရမည်ဖြစ်သည်။

အသက် ၆၂ နှစ်အရွယ် မင်းသားတွမ်ခရု ထပ်မံရိုက်ကူးမည့် Mission: Impossible ဇာတ်ကားသစ်များတွင် အီသန်ဟန့်၏လူငယ်ဘဝကို အဓိကပုံဖော်သွားမည်ဖြစ်သည်။

မင်းသားတွမ်ခရု၏ နောက်ဆုံး Mission: Impossible The Final Reckoning ဇာတ်ကားမှာ ယခုနှစ် မေ ၂၃ ရက်တွင် ဒါရိုက်တာ ခရစ္စတိုဖာမက်ကွာရီက စတင်တာဝန်ယူ ရိုက်ကူးပေးထားသည်။

Mission: Impossible ဇာတ်ကားသစ်နှစ်ကားကိုလည်း ဒါရိုက်တာခရစ္စတိုဖာကွာရီကပင် ဆက်လက်တာဝန်ယူရိုက်ကူးသွားမည်ဖြစ်ကြောင်း သိရသည်။

**Ref : Russia Today**

**Trs : KKO**



## ဗိုလ်တထောင်မြို့နယ်ရှိ Artistic Space Art Gallery တွင် Spectrums 2025 Group Art Exhibition ပန်းချီပြပွဲ ပြသသွားမည်

**ရန်ကုန် ဇန်နဝါရီ ၂**

ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်မြို့နယ်ရှိ Artistic Space Art Gallery တွင် Spectrums 2025 Group Art Exhibition ပန်းချီပြပွဲကို ဇန်နဝါရီ ၄ ရက်မှ စတင်ကာ ဇန်နဝါရီ ၈ ရက် ထိ ပြသသွားမည်ဖြစ်ကြောင်း အဆိုပါ ပန်းချီပြပွဲတွင် ပါဝင်ပြသမည့် ပန်းချီ အောင်သီဟထံမှ သိရသည်။

အဆိုပါ "Spectrums 2025" အမည်ရှိ Group Art Exhibition ပန်းချီပြပွဲတွင် ပန်းချီ ဆရာ ၁၁ ဦး ပါဝင်ရေးဆွဲထားသည့် လက်ရာစုံ၊ အရောင်အသွေးစုံ၊ အကြောင်းအရာစုံ ပန်းချီကားများကို ပြသသွားမည်ဖြစ်ကြောင်းလည်း သိရသည်။

"Artistic Space Art Gallery မှာ Spectrums 2025 လို့ အမည်ပေးထားတဲ့ ဝါရင့်ပန်းချီဆရာ ၁၁ ဦးတို့ရဲ့ Group Art Exhibition ပြပွဲကို ပြသသွားမှာဖြစ်ပါတယ်။ ဒီပြပွဲကို မနက် ၁၀ နာရီကနေ ညနေ ၅ နာရီထိ ပြသသွားမှာဖြစ်လို့ လာရောက်ကြည့်ရှုအားပေးကြဖို့ လေးစားစွာ ဖိတ်ကြားလိုက်ရပါတယ်"ဟု ပန်းချီ အောင်သီဟက ပြောပြသည်။




အဆိုပါ ပန်းချီပြပွဲတွင် ပန်းချီ မောင်မောင်(ပိုစတာ)၊ မာဇာဟိန်း၊ ကျော်စိုး၊ မင်းကျော်၊ ကြည်လှိုင်အောင်၊ မျိုးကျော်၊ သန့်ဇင်၊ သုဝဏ်၊ မင်းရီ၊ အောင်သီဟ၊ အောင်မျိုးမြတ်တို့ ရေးဆွဲထားသည့် ပန်းချီကားများ ပါဝင်ပြသသွားမည် ဖြစ်ကြောင်းလည်း သိရသည်။

အဆိုပါပြပွဲတွင် ပြသပေးမည့် ပန်းချီကားများ၏ အရွယ်အစားများမှာ ၂၄ x ၂၄ လက်မ၊ ၃၆ x ၂၄ လက်မ၊ ၁၈ x ၂၄ လက်မ၊ ၁၈ x ၁၈ လက်မ စသည်ဖြင့် အရွယ်အစားမျိုးစုံ ပါဝင်ပြီးဈေးနှုန်းအနေဖြင့် အနည်း ဆုံးငွေကျပ် ၅ သိန်းမှ ၁၀ သိန်းထိရှိကြောင်း သိရသည်။

ASH

## စတီဗင်စပီးဘာ့၏ ဇာတ်ကားသစ်ကို ၂၀၂၆ ခုနှစ် မေ ၁၅ ရက်တွင် ရုံတင်မည်

**နယူးယောက် ဇန်နဝါရီ ၂**

ကမ္ဘာကျော်ဒါရိုက်တာ စတီဗင်စပီးဘာ့ရိုက်ကူးမည့် လျှို့ဝှက်ရုပ်ရှင်ဇာတ်ကားနှင့် ပတ်သက်၍ အသေးစိတ်အချက်အလက်များ ထပ်မံ ပေါ်ထွက်လာကြောင်း ဇန်နဝါရီ ၁ ရက် သတင်းများအရ သိရသည်။

အဆိုပါ ရုပ်ရှင်ဇာတ်ကားသစ်ကို ၂၀၂၆ ခုနှစ် မေ ၁၅ ရက်တွင် ယူနီဗာဆယ်ကုမ္ပဏီက ရုံတင်ပြသမည်ဖြစ်ကြောင်း အဆိုပါ ဇာတ်ကားအတွက် ဇာတ်ညွှန်းကို ပူးတွဲရေးပေးထားသော ဒေးဗစ်ကိုအက်က အတည်ပြုပြောကြားခဲ့ခြင်းဖြစ်သည်။

အမျိုးအမည်မသိ အာကာသယာဉ်ပျံများပါဝင်မည့် အဆိုပါ ဇာတ်ကားသစ်၌ ဇာတ်လမ်း ဇာတ်အိမ်တစ်ခုလုံးမှာ ဒါရိုက်တာ စတီဗင်စပီးဘာ့၏ စိတ်ကူးကို အခြေခံထားကြောင်း ဒေးဗစ်ကိုအက်က ဆက်လက်ပြောပြသည်။

အဆိုပါ ဇာတ်ကားတွင် မင်းသမီး အမ်မီလီဘလန့်နှင့် မင်းသားဂျို့အိုကွန်နာတို့ ပါဝင်သရုပ်ဆောင်မည်ဖြစ်သည်။

လက်ရှိအချိန်တွင် ၎င်းဇာတ်ကား၏ တရားဝင်ဇာတ်ကားနာမည်ကိုပင် မသိရသေးပေ။

**Ref : Sputnik News**

**Trs : KKO**



## သရုပ်ဆောင် ခန့်စည်သူမိသားစုက နယ်စပ်နှင့်တောင်တန်းဒေသများ၌ သာသနာပြု သံဃာတော်များအတွက် ဆွမ်းအလှူတော်ငွေကျပ် သိန်း ၁၀၀ လှူဒါန်း

**ရန်ကုန် ဇန်နဝါရီ ၂**

သရုပ်ဆောင် ခန့်စည်သူမိသားစုက နယ်စပ်နှင့် တောင်တန်းဒေသများ၌ သာသနာပြု သံဃာတော်များအတွက် ဆွမ်းအလှူတော်ငွေကျပ် သိန်း ၁၀၀ လှူဒါန်းခြင်းကို ဇန်နဝါရီ ၁ ရက်က ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်မြို့နယ်ရှိ ကံသာ ဓမ္မရိပ်သာကျောင်းတိုက်တွင် ပြုလုပ်ခဲ့ကြောင်း သရုပ်ဆောင် အကယ်ဒမီ ခန့်စည်သူထံမှ သိရသည်။

သရုပ်ဆောင် ခန့်စည်သူ မိသားစုက သွားလာရန် ခက်ခဲသော နယ်စပ်နှင့်တောင်တန်းဒေသများတွင် သာသနာပြုနေကြသည့် သံဃာတော်များ ဆွမ်းအခက်အခဲမဖြစ်စေရန်အတွက် အလှူတော်ငွေကျပ်သိန်း ၁၀၀ လှူဒါန်းခဲ့ကြောင်းသိရသည်။

"ကံသာဓမ္မရိပ်သာကျောင်းတိုက် ပဓာန နာယကဆရာတော်ကြီးနှင့် ကျောင်းရှိ သံဃာတော်များကို သင်္ကန်းများ၊ မွေ့ရာနှင့် စောင်များ၊ အလှူငွေများနှင့် နေ့ဆွမ်းတို့ကို ဆက်ကပ်လှူဒါန်းခဲ့ပါတယ်။ သွားရေး၊ လာရေးခက်ခဲတဲ့ နယ်စပ်နှင့် တောင်တန်းဒေသများတွင် သာသနာပြုနေကြတဲ့ သံဃာတော်များ ဆွမ်းအခက်အခဲ မဖြစ်စေရန်အတွက် အလှူတော်ငွေကျပ် သိန်း ၁၀၀ တိတိကို ရေစက်သွန်းချ လှူဒါန်းခဲ့ပါတယ်"ဟု သရုပ်ဆောင် ခန့်စည်သူက ပြောပြသည်။ ASH

# Judicial College of Union Supreme Court inaugurated






SAC Secretary General Aung Lin Dway addresses the inauguration of the Judicial College of the Union Supreme Court, on behalf of SAC Chairman Prime Minister Senior General Min Aung Hlaing.

**Nay Pyi Taw January 2**

The opening ceremony of new Judicial College building of Union Supreme Court in Ottarathiri Township, Nay Pyi Taw Council Area was held this morning. On behalf of Chairman of State Administration Council Prime Minister Senior General Min Aung Hlaing, SAC Secretary General Aung Lin Dway formally opened it.

Also present were SAC members, union level officials, union ministers, senior military officers from Office of Commander-in-Chief, the Nay Pyi Taw Command commander, deputy ministers, Supreme Court judges, members of the Constitutional Tribunal, members of Anti-Corruption Commission, region/state high court chief justices, the chair of Union Legal-Aid Association, officials of ministries and legal officers of Union Supreme Court.

Union Chief Justice U Tha Htay, Chair of Constitutional Tribunal U Aung Zaw Thein, and Union Minister for Construction U Myo Thant formally opened the new building.

The SAC Secretary unveiled the signboard of the Judicial College building, and posed for documentary photo together with attendees.

The SAC Secretary and attendees sprinkled scented water on the plaque of the building.

At the second part of the ceremony, they watched a video clip on the Judicial College.

The Union Construction Minister handed over the related papers to the Union Chief Justice, who presented a commemorative gift to the SAC Secretary.

On behalf of the Senior General, the SAC Secretary delivered address. He said today, Judicial College, the first advanced level judicial studies centre, was opened. Hence, the Day goes down in the annals of the nation with pride, in addition to the judicial sector.

World countries have set up centres under various names, such as Judicial Academy, Judicial College, Judicial Training Centre, for improving the judicial sector, and development of judicial knowledge. They invite judges from the world countries, and conduct trainings, discussions, talks, knowledge exchange programs for development of judicial system. Judicial exchange program not only provides assurance for foreign investments but also enhances friendly relations between countries. Hence, it is a curial centre for the country.

The grand college built at a huge cost will open learning and study courses for foreign scholars as well as new judges, mid-level judges and senior judges of Myanmar. Hence, it can be effectively used for enhancing the capacity of judges.

The State Administration Council, in accordance with Article 419 of the Constitution, is exercising the three branches of state power—legislative, executive, and judicial—in compliance with the law. In carrying out these functions, the judicial independence stipulated under Article 19 of the Constitution is upheld, ensuring a fair and expeditious judiciary. Moreover, under Article 11 of the Constitution, legislative and executive powers are exercised without interference in judicial matters, adhering as much as possible to the principle of separation of powers. These constitutional principles, responsibilities, and authorities related to the judiciary are fully entrusted to and exercised by the Union Supreme Court, as widely recognized.

Additionally, the government wishes to highlight its efforts to promote the development and advancement of the judiciary and establish a judicial system that earns public trust and confidence. In fostering a trusted judicial system, the prudence, integrity, and competence of judges play a crucial role, as do the proper structuring and well-being of court institutions, which are also vital elements.

Therefore, to ensure that courts are well-equipped and meet proper standards, the government has constructed new High Courts in regions such as Mandalay and Mon State, as well as five new District Courts. In addition, the government has implemented measures to support the judiciary by providing outfit allowances for all judges in Myanmar, as well as additional allowances for mandatory outfits required for their official duties. These efforts demonstrate the government's commitment to addressing the needs of the judicial sector.

In acknowledging these governmental efforts to promote the development of the judiciary, a special message is directed to the judges of the Union Supreme Court and various subordinate courts. It emphasizes that "in judicial proceedings, it is not only essential to render just decisions but also to ensure that such justice is visibly demonstrated to the public." Judges are urged to uphold their love for justice, foster goodwill and compassion for the nation and its people, and strive to be capable and exemplary judges in their roles.

At present, the State Administration Council is fulfilling various national responsibilities in accordance with the Constitution, guided by its Five-Point Roadmap and Nine Objectives. Among these, the emphasis on "the rule of law" has been clearly stated and prioritized. To fully realize the rule of law, accuracy and expediency in the judicial process play a critical role. Therefore, judges are urged to exert their utmost efforts in fulfilling their responsibilities effectively in their respective roles.

In line with the objectives for the establishment and inauguration of the new Judicial College, this institution aims to foster cooperation with international partners, including ASEAN member states, through dialogue and exchange on judicial matters. By promoting international collaboration, it seeks to strengthen Myanmar's reputation as a nation that offers judicial protection and instills confidence for investment. Judges are encouraged to work towards ensuring that Myanmar's judiciary is recognized not only within ASEAN but globally, as a system that upholds fairness, independence, and equality. This would reflect the universal principles of justice, liberty, and equity.



The ribbon being cut to open the Judicial College of the Union Supreme Court.

The efforts aim to enhance Myanmar's standing as a respected and admired judiciary on the global stage.

Afterward, the Chief Justice of the Union delivered a note of gratitude, and following the ceremony, the Secretary of the State Administration Council and other attendees toured the interior of the new Judicial College building.

100

# Monsoon paddy plantations harvested in Ayadaw Township


Monsoon paddy being harvested using machinery.

**Ayadaw January 2**

Local farmers have reaped 5,673 acres of monsoon paddy planted this year's monsoon in Ayadaw Township of Sagaing Region, according to the statistics of Monywa District Agriculture Department.

They grew monsoon paddy on 21,479 acres of farmlands as monsoon crops in Ayadaw Township this year. They started harvesting of crops in November 2024. So far, they have reaped 5,673 acres of monsoon paddy, yielding 77.90 baskets of paddy per acre.

Daw San San Myint, Head of Monywa District Agriculture Department unveiled: "Local farmers have so far harvested more than 5,000 acres of monsoon paddy out of more than 21,000 acres of paddy in Ayadaw Township. Our department provides necessary assistance and agricultural techniques for local farmers and urges them to grow monsoon in time."

This year, officials of relevant township Agriculture Department cooperate with local farmers in growing monsoon paddy without any difficulties.

Officials of the department raise farmer awareness with agricultural techniques to prevent pests, minimize loss and waste of crops and keep crops under shelter in time.

Moreover, staff members of the Township Department of Agriculture participate in selecting quality strains of crops, conducting surveillance against pests, weeding the paddy plantations, removing different strains of crops and giving training to local farmers to systematically use fertilizers. 206

# Farmers harvest more than 6,000 acres of corns in Sagaing Township

**Sagaing January 2**

According to Sagaing Township Agriculture Department, local farmers have harvested 6,403 acres of corns planted in monsoon in Sagaing Township of Sagaing Region.

Local farmers could grow 6,403 acres of corn as monsoon crops in Sagaing Region. Farmers started harvesting of crops in August this year. So far, they have reaped all 6,403 acres of corns in the township, producing 15,000 pieces of corn per acre.

U Zaw Oo, Head of Sagaing Township Department of Agriculture, clarified: "Farmers have so far harvested all 6,403 acres of corns in the township with high yield of crops. Our department helped local farmers prevent pests to boost per-acre yield of crops."

Officials of the Township Agriculture Department lectured local farmers and agricultural staff to share agricultural techniques of growing corns in the township with field demonstration and prevention of FAW and other pests. In addition, officials trained the local farmers make natural fertilizers and pests with the use of traditional raw materials obtained from vicinity.


Newly harvested corns.

Farmers need to spend more than K500,000 per acre of growing the corns. It yields 15,000 pieces of corns per acre in Sagaing Township. 206

# Strong demand for dried Spanish mackerel boosts trade in Bogale Township

**Bogale January 2**

In Ayeyawady Region's Bogale Township, dried fish products, particularly dried Spanish mackerel, are experiencing strong demand and good trade activity, according to Daw Htway Htway, a local dried fish trader.

In Bogale Township, a variety of dried fish, including dried Spanish mackerel, are systematically produced and sold. Since the second week of December until today, dried Spanish mackerels have seen high demand, and trade activity has been thriving. It is reported that between 200 and 350 viss of dried Spanish mackerel are being traded daily in the region.

"Dried Spanish mackerels are selling well. The trade has been strong since around the second week of this month. The prices have also slightly decreased. Dried fish, including locally produced dried Spanish mackerel, are in high demand from the Yangon market. Among the varieties, dried Spanish mackerels are seeing the highest sales," said Daw Htway Htway.

It was further noted that traders in Bogale Township process and sell fish products like fermented fish and various dried fish, including local dried Spanish mackerel, which are then transported to Yangon markets. Currently, the price of 10 viss of dried Spanish mackerels is reaching up to 305,000 kyats.

Kyaw Kyaw Lin

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ ammunition is tantamount to protecting the lives and property of innocent people.

# Farmers plant more than 33,000 acres of groundnut in Taze Township

**Taze January 2**

A total of 33,156 acres of groundnut has been grown in Taze Township of Sagaing Region, according to YeU District Agriculture Department.

Township authorities adopted a plan to grow 33,531 acres of groundnut in Taze Township in 2024-25 cold season but local farmers have so far planted 33,156 acres of groundnut against the target cultivation.

U Zaw Myint Tun, Head of YeU District Agriculture Department explained: "Farmers have grown 33,156 acres of groundnut in Taze Township against the target of 33,531 acres. They are striving for meeting the target cultivation. Groundnut plantations are thriving in the township successfully. Sown acreage of groundnut is on the rise yearly."

Farmers use 1.5 baskets of groundnut seeds per acre and cost more than K200,000 per acre for quality seeds, labour charge, fertilizers and pesticides. Each acre of groundnut yields more than 50 baskets per acre.

Staff members of the Township Agriculture Department help local farmers prevent pests and weed the plantations for thriving.

206


A groundnut plantation.

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## ဂျပန်နိုင်ငံက ကင်းလှည့်စစ်ရေယာဉ်များအတွက် V-BAT မောင်းသူမဲ့ကင်းထောက်လေယာဉ်များ ဝယ်ယူမည်



ဂျပန်နိုင်ငံသည် ၂၀၂၅ ဘဏ္ဍာနှစ်အတွက် ကာကွယ်ရေးဘတ်ဂျက် အဆိုပြုချက်၏ တစ်စိတ်တစ်ပိုင်းအဖြစ် V-BAT မောင်းသူမဲ့ ကင်းထောက်လေယာဉ်များ ဝယ်ယူရန် ဂျပန်နိုင်ငံအစိုးရအဖွဲ့က အတည်ပြုခဲ့သည်ဟု The Defense Post သတင်းဌာနက ၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၃၀ ရက်တွင် ရေးသားဖော်ပြခဲ့ကြောင်း သိရသည်။

ဂျပန်နိုင်ငံ ပင်လယ်ရေကြောင်း ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့ရှိ စစ်ရေယာဉ်စုများအတွက် ကာကွယ်ရေး ဘတ်ဂျက်အဆိုအရ ထောက်လှမ်းမှု၊ စောင့်ကြည့်ထောက်လှမ်းရေး သတင်းအချက်အလက်များ စုဆောင်းမှုစွမ်းရည်များ အဆင့်မြှင့်တင်ရန် အမေရိကန်ဒေါ်လာ ၂၅သန်းခွဲဝေချထားပေးခဲ့ကြောင်း သိရသည်။

ထို့အတွက် Shield AI ကုမ္ပဏီထုတ် ဒေါင်လိုက် အတက်အဆင်းပျံသန်းနိုင်သော မောင်းသူမဲ့လေယာဉ်များကိုဝယ်ယူရန်စီစဉ်ထားပြီး ကင်းလှည့်စစ်ရေယာဉ်များပေါ်တွင် တပ်ဖြန့်အသုံးပြုသွားမည်ဖြစ်ကြောင်း The Diplomat မဂ္ဂဇင်းက ရေးသားဖော်ပြခဲ့သည်။

ဂျပန်နိုင်ငံသည် ၂၀၂၅ ဘဏ္ဍာနှစ်အတွက် ကာကွယ်ရေးအသုံးစရိတ် အမေရိကန်ဒေါ်လာ ၅၅ ဒသမ ၁ ဘီလီယံကို အတည်ပြုခဲ့ပြီး ၂၀၂၄ ဘဏ္ဍာနှစ်နှင့် နှိုင်းယှဉ်ပါက ၉ ဒသမ ၄ ရာခိုင်နှုန်း သို့မဟုတ် အမေရိကန်ဒေါ်လာ ၄ ဒသမ ၈ ဘီလီယံထိ တိုးမြှင့်သုံးစွဲသွားမည်ဖြစ်ကြောင်း သိရသည်။ ဂျပန်နိုင်ငံသည် တရုတ်နိုင်ငံ၏ စစ်ရေးစွမ်းရည်များ ကြီးထွားမြင့်မားလာခြင်းအပေါ် တန်ပြန်ယှဉ်ပြိုင်နိုင်ရန် နိုင်ငံ၏ကာကွယ်ရေး အခြေခံအဆောက်အအုံကို စဉ်ဆက်မပြတ် တိုးမြှင့်လုပ်ဆောင်နေလျက်ရှိသောကြောင့် ကာကွယ်ရေးအသုံးစရိတ်သည် ဆက်တိုက် စံချိန်တင်မြင့်မားခဲ့သည်ကို တွေ့မြင်ခဲ့ရသည်။

V-BAT မောင်းသူမဲ့လေယာဉ်များသည် လေပြင်းများတိုက်ခတ်ခြင်းကဲ့သို့ ရာသီဥတုအခြေအနေများ၌ လေယာဉ်ဆင်းသက်ရေးနေရာပါရှိသည့် စစ်ရေယာဉ်များပေါ်တွင်ပါ တပ်ဖြန့်အသုံးပြုနိုင်ရန် ဒီဇိုင်းထုတ်ထားခြင်း ဖြစ်သည်။ ၎င်း၏ ပန်ကာဒီဇိုင်းသည် အခြားမောင်းသူမဲ့လေယာဉ်များ၏ အင်ဂျင်ပါဝါထက် တွန်းအား ၈၀ ရာခိုင်နှုန်း ပိုမိုမြင့်မားမည်ဖြစ်သည်။ အဆိုပါပင့်တင်အား သို့မဟုတ် တွန်းအားသည် ကြမ်းတမ်းသော ရာသီဥတုအခြေအနေများကြားတွင် မောင်းသူမဲ့လေယာဉ် ပျံသန်းလုပ်ဆောင်မှုများကို ကောင်းမွန်စွာထိန်းချုပ်ဆောင်ရွက်နိုင်စေပြီး ဘေးအန္တရာယ်ကင်းစွာ ရည်မှန်းချက်တာဝန်များ ထမ်းဆောင်နိုင်မည်ဖြစ်သည်။ လေထဲတွင် တစ်ဆက်တစ်စပ်တည်း ၁၀ နာရီကြာ အမြင့်ပေ ၂၀၀၀၀ ထိ ပျံသန်းနိုင်စွမ်းရှိသည်။ အများဆုံး ပျံတက်နိုင်သည့် အလေးချိန် ၁၂၅ ပေါင်ရှိပြီး Payload အလေးချိန် ၂၅ ပေါင် သယ်ဆောင်နိုင်စွမ်းရှိကာ အလျင်နှုန်း တစ်နာရီလျှင် ၅၆ မိုင်ဖြင့် ပျံသန်းနိုင်သည်။ V-BAT မောင်းသူမဲ့လေယာဉ်တွင် Electro-Optical/Medium-Wave Infra-red ကင်မရာများ၊ အလိုအလျောက် စိစစ်ခွဲခြားရေးစနစ်နှင့် AI နည်းပညာသုံး မြေပြင်၊ ရေပြင်ဧရိယာ စောင့်ကြည့်ထောက်လှမ်းရေးစနစ်များ အစရှိသဖြင့် Payload အမျိုးမျိုး လဲလှယ်တပ်ဆင်အသုံးပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။

**Japan to Buy V-BAT Surveillance Drones for Future Patrol Vessels ကို ဘာသာပြန်ဆိုထားပါသည်။**

## Roketsan ကုမ္ပဏီက ဒရုန်းအုပ်များကိုတန်ပြန်ဖျက်ဆီးနိုင်သော ALKA တိုက်ရိုက်စွမ်းအင်သုံးလေဆာလက်နက်စနစ်ကို စမ်းသပ်ခဲ့

တူကီယဲနိုင်ငံ ကာကွယ်ရေးကုမ္ပဏီ Roketsan သည် ၎င်း၏ ALKA တိုက်ရိုက်စွမ်းအင်သုံး လေဆာလက်နက်စနစ်၏ စွမ်းဆောင်ရည်များကို ကျယ်ကျယ်ပြန့်ပြန့် စမ်းသပ်မှုပြုလုပ်ထားပြီး ဒရုန်းအုပ်များကို တန်ပြန်ဖျက်ဆီးနိုင်စွမ်းရှိကြောင်း Army Recognition သတင်းဌာနက ၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၃၀ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အဆိုပါ စမ်းသပ်သရုပ်ပြသမှုများတွင် စနစ်၏ဘက်စုံသုံးနိုင်မှုကို မီးမောင်းထိုးပြထားပြီး ဒရုန်းများ၊ ဖောက်ခွဲရေးပစ္စည်းများနှင့် ၁၀ မီလီမီတာအထူရှိ တံ့ပြန်သံချပ်ကာ ဘလေ့တုံးများကိုပင် လေဆာဖြင့် တိုက်ခိုက်ဖျက်ဆီးနိုင်စွမ်းရှိမည်ဖြစ်သည်။ သံချပ်ကာများကို ထိုးဖောက်တိုက်ခိုက်နိုင်စွမ်းသည် ကနဦးရည်မှန်းချက်တွင် မပါဝင်သော်လည်း တင့်ကားများ၊ သံချပ်ကာယာဉ်များကိုပင် တိုက်ခိုက်ဖျက်ဆီးနိုင်စွမ်းရှိသည့် မဟာဗျူဟာမြောက် အသုံးဝင်နိုင်မှုကိုဖော်ညွှန်းပြသလျက်ရှိသည်။

ဘက်မညီ ခြိမ်းခြောက်မှုများကို တန်ပြန်ရန် ဒီဇိုင်းထုတ်ထားသည့် ALKA လေဆာလက်နက်စနစ်သည် လျှပ်စစ်သံလိုက်လှိုင်း Jamming စနစ်ကို လေဆာတိုက်ခိုက်ရေးစနစ်ဖြင့် Soft-Kill နှင့် Hard-Kill နည်းလမ်းနှစ်ရပ်ကို ပေါင်းစည်းလုပ်ဆောင်နိုင်သည့် စနစ်မျိုးဖြစ်သည်။ ALKA စနစ်အနေဖြင့် ရေဒါနှင့် လျှပ်စစ်အလင်းခြေရာခံထိန်းကျောင်းရေး စနစ်များအသုံးပြု၍ ပစ်မှတ် ၁၀၀ ထိ တစ်ပြိုင်နက်တည်း ရှာဖွေ၊ ထောက်လှမ်း၊ ခြေရာခံထိန်းကျောင်း၊ တိုက်ခိုက်ဖျက်ဆီးနိုင်စွမ်းရှိသည်။ လေဆာ၏ ထိရောက်အကွာအဝေးမှာ မီတာ ၇၅၀ မှ မီတာ ၁၅၀၀ ထိ ဖြစ်သည်။ AlKA စနစ်သည် အသေးစားဒရုန်းများ၊ ကာမီကာဇီဒရုန်းများ၊ ရေပေါ်မိုင်းများ၊ မောင်းသူမဲ့ရေယာဉ်များအပါအဝင် ခြိမ်းခြောက်မှုအမျိုးမျိုးကို ထိရောက်စွာတုံ့ပြန်ဖျက်ဆီးနိုင်မည်ဖြစ်သည်။ သမားရိုးကျနည်းလမ်းများထက် ကုန်ကျစရိတ်သက်သာသော အနီးကပ်ကာကွယ်ရေးစနစ်အဖြစ် ရွေးချယ်အသုံးပြုနိုင်သည်။

ALKA လက်နက်စနစ်သည် ၎င်း၏ ရွေ့လျားစစ်ကစားနိုင်မှုနှင့် ပြောင်းလွယ်ပြင်လွယ်ရှိစွာ တပ်ဖြန့်အသုံးပြုနိုင်မှုတို့ကြောင့် အခြားမျိုးတူစနစ်များနှင့် နှိုင်းယှဉ်လျှင် အားသာချက်တစ်ရပ် ပိုင်ဆိုင်ထားသည်။ မိုဘိုင်း၊ လူတစ်ကိုယ်သယ်၊ အခြေစိုက်နှင့် တပ်ဖွဲ့များကြား ပူးပေါင်းဆောင်ရွက်မှု မြင့်မားကောင်းမွန်စေရန်အတွက် ကွန်ရက်ချိတ်ဆက်ပေါင်းစည်းလုပ်ဆောင်နိုင်မှုတို့ကြောင့် ရှုပ်ထွေးသော စစ်မြေပြင်အခြေအနေများအတွက် တိုက်ပွဲဝင်ထိရောက်မှု ပိုမိုမြင့်မားစေမည်ဖြစ်သည်။



မကြာသေးမီက စမ်းသပ်မှုများတွင် တုံ့ပြန်သံချပ်ကာ ဘလေ့တုံးများကို ထိုးဖောက် တိုက်ခိုက်နိုင်ခဲ့ခြင်းသည် တင့်တပ်ဖွဲ့များကို အနှောင့်အယှက်ပေးနိုင်ကာ တင့်ကားများ၊ သံချပ်ကာယာဉ်များ၏ ခံစစ်ကာကွယ်ရေးစနစ်များကို အားနည်းသွားစေခြင်းဖြင့် နောက်ဆက်တွဲတင့်ဖျက်ဒုံးကျည်များ၊ ကာမီကာဇီဒရုန်းများဖြင့် အလွယ်တကူ တိုက်ခိုက်ချေမှုန်းနိုင်စေမည်ဖြစ်သည်။ သို့သော်လည်း သံချပ်ကာယာဉ်များကို ထိရောက်စွာ တိုက်ခိုက်ဖျက်ဆီးနိုင်ရန်မှာ အကွာအဝေးနှင့် စွမ်းအင်ထုတ်လွှတ်မှုများ ပိုမိုမြင့်မားလာစေရန် အဆင့်မြှင့်တင်မှုများ လုပ်ဆောင်သွားရဦးမည်ဖြစ်ကြောင်း သိရသည်။

ALKA လေဆာလက်နက်စနစ်သည် တိုက်ရိုက်စွမ်းအင်သုံး လေဆာလက်နက်များတွင် သိသာထင်ရှားသော ဖွံ့ဖြိုးတိုးတက်မှုတစ်ရပ်ကို ကိုယ်စားပြုကာ ဆန်းသစ်သော ဘက်စုံသုံးကာကွယ်ရေးစနစ်များအဖြစ် ဦးတည်လုပ်ဆောင်လာကြပြီဖြစ်ကြောင်း သိရသည်။

**Roketsan's ALKA Laser Weapon System Tackles Growing Threat of Drone Swarm ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

# မုံရွာမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကုလားပဲ ၁၅၉၉၆ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**မုံရွာ ဇန်နဝါရီ ၂**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် မုံရွာမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ကုလားပဲ ၁၅၉၉၆ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မုံရွာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မုံရွာမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ကုလားပဲ ဧက ၁၇၇၉၀ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၁၅၉၉၆ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ မုံရွာမြို့နယ်မှာ ကုလားပဲ ဧက ၁၇၇၉၀ စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ၁၅၉၉၆ ဧက စိုက်ပျိုးပြီးစီးပြီ ဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးနေတယ်။ ကုလားပဲစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်။ ကုလားပဲ အထွက်နှုန်းနဲ့ အရည်အသွေး ကောင်းမွန်ဖို့အတွက် လိုအပ်တဲ့မျိုးကောင်းမျိုးသန့်တွေ၊ သွင်းအားစုတွေ၊ ရိတ်သိမ်းချိန်လွန် နည်းပညာပေးတာတွေကို တောင်သူတွေနဲ့ ပူးပေါင်း ဆောင်ရွက်နေပါတယ်" ဟု မုံရွာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးသက်အောင်က ပြောပြသည်။

မုံရွာမြို့နယ်၌ ကုလားပဲစိုက်ပျိုးရာတွင် ဒေသနှင့်ကိုက်ညီပြီး အထွက်နှုန်း ကောင်းမွန်သည့် ရေဆင်း(၈) နှင့် ရေဆင်း (၁၁) မျိုးတို့ကို ရွေးချယ်စိုက်ပျိုးကြကြောင်း၊ ကုလားပဲ တစ်ဧကစိုက်ပျိုးပါက ငွေကျပ် သုံးသိန်းကျော်ကုန်ကျကြောင်း သိရသည်။

တောင်သူများ ကုလားပဲသီးနှံကို ပိုမိုစိုက်ပျိုးနိုင်ပါက ပြည်တွင်းစားသုံးမှုဖူလုံသည့်အပြင် ပြည်ပပို့ကုန်အဖြစ် တင်ပို့နိုင်မည်ဖြစ်သဖြင့် ကုလားပဲကို ယခုထက်ပိုမိုစိုက်ပျိုးပြီး အထွက်နှုန်းတိုးတက်စေရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း မုံရွာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးသက်အောင်က ဆက်လက်ပြောပြ၍ သိရသည်။ (၂၀၆)

# ဟိုင်းကြီးကျွန်းမြို့ရှိ ငွေတောင်ကမ်းခြေသို့ ဒီဇင်ဘာလအတွင်း ခရီးသွားဧည့်သည် ၄၄၃၅၅ ဦးထိ လာရောက်လည်ပတ်ခဲ့

**ငပုတော ဇန်နဝါရီ ၂**

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ဟိုင်းကြီးကျွန်းမြို့ တင်းချောင်းကျေးရွာအနီးမှ ငွေတောင်ကမ်းခြေသို့ ဒီဇင်ဘာလအတွင်း ခရီးသွားဧည့်သည် ၄၄၃၅၅ ဦးထိ လာရောက်လည်ပတ်ခဲ့ကြောင်း ငပုတောမြို့နယ် ခရီးသွားလုပ်ငန်းအသင်းတာဝန်ခံ ဒေါ်နီနီမာက ပြောပြသည်။



ငပုတောမြို့နယ် ဟိုင်းကြီးကျွန်းမြို့ ငွေတောင်ကမ်းခြေသို့ နိုဝင်ဘာလအတွင်းက ခရီးသွားဧည့်သည် ၃၄၃၅၅ ဦး လာရောက်လည်ပတ်ခဲ့ပြီး ဒီဇင်ဘာ ၁ ရက်မှ ၃၁ ရက်ထိ ခရီးသွားဧည့်သည် ၄၄၃၅၅ ဦးထိ လာရောက်လည်ပတ်ခဲ့ကြောင်း သိရသည်။

"ဒီဇင်ဘာလအတွင်း ငွေတောင်ကမ်းခြေကို ခရီးသွားဧည့်သည် ၄၄၃၅၅ ယောက်ထိ လာရောက်လည်ပတ်ခဲ့ပါတယ်။ ရန်ကုန်နဲ့ နေပြည်တော်အပါအဝင် ပြည်တွင်းခရီးသွားတွေ များပါတယ်။ စနေနဲ့ တနင်္ဂနွေနေ့ ရုံးပိတ်ရက်၊ အလုပ်ပိတ်ရက်တွေ အပါအဝင် ခရစ္စမတ်ပိတ်ရက်တွေမှာ အများဆုံး လာရောက်ခဲ့ပါတယ်။ လက်ရှိမှာလဲ လာရောက်လည်ပတ်တဲ့သူတွေများနေပါတယ်။ လာမဲ့လတွေမှာ အခုထက် ခရီးသွားတွေ ပိုမိုလာရောက်လည်ပတ်ဖို့ မျှော်မှန်းထားပါတယ်"ဟု ငပုတောမြို့နယ် ခရီးသွားလုပ်ငန်းအသင်း တာဝန်ခံ ဒေါ်နီနီမာက ပြောပြသည်။

ငွေတောင်ကမ်းခြေကို ဒီဇင်ဘာလအတွင်း လာရောက်လည်ပတ်အပန်းဖြေကြသည့် ခရီးသွားဧည့်သည်များသည် ရန်ကုန်တိုင်းဒေသကြီးက အများဆုံးဖြစ်ကြောင်း၊ အဆိုပါကမ်းခြေသို့ လာရောက်အပန်းဖြေသည့် ခရီးသွားဧည့်သည်များ ခရီးစဉ်အဆင်ပြေစေရန်၊ သန့်ရှင်းမှုရရှိစေရန်၊ စနစ်တကျအနားယူနိုင်ရန် လုံခြုံရေး၊ စည်းကမ်းထိန်းသိမ်းရေး စသည့်လုပ်ငန်းများကို ခရီးသွားလုပ်ငန်းရှင်များ၊ သက်ဆိုင်ရာတာဝန်ရှိသူများက ဒေသခံများနှင့် ပူးပေါင်းဆောင်ရွက်နေကြောင်း သိရသည်။ **ကျော်ကျော်လင်း**

# ရေနံချောင်းမြို့နယ် ကြည့်မြင်ကျေးရွာ၌ အခြေခံစက်ချုပ်သင်တန်းဖွင့်

**ရေနံချောင်း ဇန်နဝါရီ ၂**

မကွေးတိုင်းဒေသကြီး ချောက်ခရိုင် ရေနံချောင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးလက်နေအမျိုးသမီးငယ်များ အလုပ်အကိုင်အခွင့်အလမ်းရရှိစေရန် ရည်ရွယ်၍ သုံးဆယ့်ခြောက် ကျေးရွာအုပ်စု ကြည့်မြင်ကျေးရွာ၌ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု အခြေခံစက်ချုပ်သင်တန်းဖွင့်ပွဲကို ဇန်နဝါရီ ၁ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ချောက်ခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မေသက်နိုင်က သင်တန်းဖွင့်အမှာစကားပြောကြားပြီး ရေနံချောင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအေးထွန်းမင်းက အခြေခံစက်ချုပ်သင်တန်း ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်၊ အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် သင်တန်းနည်းပြဆရာက သင်တန်းစည်းမျဉ်းစည်းကမ်းများနှင့် သင်တန်းတွင် ပို့ချမည့် ဘာသာရပ်များကို ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းသို့ ရေနံချောင်းမြို့နယ်အတွင်းရှိ ကြည့်မြင်ကျေးရွာ၊ သုံးဆယ့်ခြောက်ကျေးရွာ၊ ကျည်ကြီးကျေးရွာ၊ သဖန်းချောင်းကျေးရွာနှင့် ဘဲဆိပ်ကျေးရွာမှ သင်တန်းသား ၂၅ ဦး တက်ရောက်ကြပြီး သင်တန်းကို ဇန်နဝါရီ ၁ ရက်မှ ဇန်နဝါရီ ၃၀ ရက်ထိ အခမဲ့သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း ရေနံချောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။ **နော်လူး**






## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

၂-၁-၂၀၂၅

| | | |
|---|---|---|
| **ဆန်** | | |
| ရွှေဘိုဘေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၁၄၀၀၀၀/၁၄၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၁၁၀၀၀၀/၁၂၀၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၁၀၅၀၀၀/၁၁၀၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၁၀၃၅၀၀/၁၀၅၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၈၀၀၀၀/၈၅၀၀၀ |
| နွေဇီယာ(အသစ်) (တစ်အိတ်) | ကျပ် | ၇၄၅၀၀/၇၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၆၅၀၀၀/၆၇၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၅၀၀၀/၁၆၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၃၅၀၀/၁၄၀၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၄၀၀၀/၁၅၀၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၇၅၀ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၃၃၇၅ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၇၀၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၃၁၂၀ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၃၂၃၀ |

(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာ ဖြစ်ပါသည်)

**အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ**

| | | |
|---|---|---|
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၃၀၀၀၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၃၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၃၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၅၀၀ |

(၁၉၆)




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ကိုယ်စား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူး ဗိုလ်ချုပ်ကြီးအောင်လင်းဒွေး ပြည်ထောင်စုတရားလွှတ်တော်ချုပ် Judicial College အဆောက်အအုံသစ် ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

ရှေ့ဖုံးမှအဆက်

ပြည်ထောင်စုဝန်ကြီးများ၊ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးများ၊နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးအဖွဲ့ဝင်များ၊ အကတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်အဖွဲ့ဝင်များ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်များ၊ ပြည်ထောင်စုဥပဒေဆိုင်ရာအထောက်အကူပေးရေးဥက္ကဋ္ဌ၊ ဝန်ကြီးဌာနများမှ တာဝန်ရှိသူများနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ တရားရေးအရာရှိများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာထွေး၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌ ဦးအောင်ဇော်သိန်းနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်တို့က Judicial College အဆောက်အအုံသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူး ဗိုလ်ချုပ်ကြီးအောင်လင်းဒွေးက Judicial College အဆောက်အအုံသစ်ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး အခမ်းအနားတက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ငင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူးနှင့် အခမ်းအနားတက်ရောက်လာကြသူများသည် Judicial College အဆောက်အအုံသစ် ကမ္ပည်းမော်ကွန်းအား အမွှေးနံ့သာရည်များပက်ဖျန်းပေးသည်။

ယင်းနောက် အခမ်းအနားဒုတိယပိုင်းကို ဆက်လက်ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူးနှင့် အခမ်းအနား တက်ရောက်လာကြသူများသည် Judicial College နှင့်စပ်လျဉ်းသည့် Video Clip ကို ကြည့်ရှုကြသည်။

ထို့နောက် ဆောက်လုပ်ရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီးက Judicial College အဆောက်အအုံသစ်နှင့် သက်ဆိုင်သည့်စာရွက်စာတမ်းများကို ပြည်ထောင်စုတရားသူကြီးချုပ်ထံသို့ လွှဲပြောင်းပေးအပ်သည်။ ယင်းနောက် ပြည်ထောင်စုတရားသူကြီးချုပ်က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူးထံ Judicial College အဆောက်အအုံသစ် ဖွင့်ပွဲအထိမ်းအမှတ်လက်ဆောင်အား ဂါရဝပြုပေးအပ်သည်။

ငင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ကိုယ်စား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူးက အမှာစကားပြောကြားရာတွင် ယနေ့သည် မြန်မာနိုင်ငံတွင် ပထမဦးဆုံး အဆင့်မြင့်တရားစီရင်ရေးဆိုင်ရာသင်ကြားရေးဌာနတစ်ခုဖြစ်သောJudicial College အဆောက်အအုံသစ်ကြီးကို စတင်ဖွင့်လှစ်နိုင်သည့်နေ့ဖြစ်သဖြင့် တရားစီရင်ရေးမဏ္ဍိုင်အတွက်သာမကဘဲ နိုင်ငံတော်အတွက်ပါ ဂုဏ်ယူဝမ်းမြောက်စွာဖြင့် မှတ်တမ်းတင်ရမည့် နေ့တစ်နေ့ဖြစ်ကြောင်း။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူး ဗိုလ်ချုပ်ကြီးအောင်လင်းဒွေး Judicial College အဆောက်အအုံသစ်အတွင်း လှည့်လည်ကြည့်ရှုစဉ်။

ကမ္ဘာ့နိုင်ငံအသီးသီးတွင် တရားရေးကဏ္ဍမြင့်မားရေးနှင့် တရားရေးဆိုင်ရာအသိပညာဗဟုသုတများ တိုးတက်ရေးအတွက် Judicial Academy, Judicial College, Judicial Training Centre စသည့်အမည်အမျိုးမျိုးဖြင့် တည်ထောင်ထားသည်ကို တွေ့ရကြောင်း၊ အဆိုပါ သင်ကြားသင်ယူမှုဌာနများတွင် နိုင်ငံတကာတရားသူကြီးများကိုဖိတ်ခေါ်ပြီး တရားစီရင်ရေးလေ့ကျင့်သင်ကြားပေးခြင်း၊ တရားစီရင်ရေးစနစ်ထွန်းကားရန်အတွက် ညှိနှိုင်းဆွေးနွေးခြင်း၊ ဟောပြောပို့ချခြင်းအပြန်အလှန်အသိပညာဖလှယ် ပူးပေါင်းဆောင်ရွက်ခြင်းတို့ကို လုပ်ဆောင်နေကြခြင်း တွေ့ရမည်ဖြစ်ကြောင်း၊ နိုင်ငံများအကြားတရားစီရင်ရေးဖလှယ်မှုအစီအစဉ် (Judicial Exchange-Programme)သည် နိုင်ငံအချင်းချင်းချစ်ကြည်ရင်းနှီးမှုကိုဖြစ်ထွန်းစေရုံသာမကဘဲ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအတွက်ပါ အာမခံချက်ပေးနိုင်သည့် အခွင့်အလမ်းဖြစ်သဖြင့် နိုင်ငံအတွက်အရေးပါအရာရောက်သည့် နေရာတစ်ခုဖြစ်ကြောင်း။

ထို့ပြင် ယခုကဲ့သို့ နိုင်ငံတော်ငွေကုန်ကျစရိတ်များစွာကျခံပြီး ခမ်းနားထည်ဝါစွာ တည်ဆောက်ပေးထားသည့် Judicial College ကြီးတွင် ပြည်ပသင်တန်းသားများအပြင် မြန်မာနိုင်ငံက တရားသူကြီးအသစ်များ၊ အလယ်အလတ်အဆင့် တရားသူကြီးများ၊ အဆင့်မြင့်တရားသူကြီးများအတွက်လည်း လေ့လာသင်ယူဆွေးနွေးပို့ချသည့်နေရာအဖြစ် အသုံးပြုသွားမည်ဖြစ်သဖြင့် တရားသူကြီးအသီးသီး၏စွမ်းရည် တိုးတက်ရေးအကျိုးရှိရှိ ထိထိရောက်ရောက်အသုံးချနိုင်မည်ဟု ယုံကြည်မျှော်လင့်ကြောင်း။

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ၄၁၉ အရ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးဆိုသည့် နိုင်ငံတော်အာဏာသုံးရပ်ကို ဥပဒေနှင့်အညီ ကျင့်သုံးဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၉ အရ ဥပဒေနှင့်အညီလွတ်လပ်စွာတရားစီရင်ရေး၊ မှန်မှန်နှင့်မြန်မြန်တရားစီရင်ရေးရှင်သန်စေရန်၊ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၁ အရ ဥပဒေပြုမှုနှင့်အုပ်ချုပ်မှုအာဏာရပ်များက တရားစီရင်ရေးအာဏာအပေါ် ဝင်ရောက်စွက်ဖက်မှုကင်းပြီး အာဏာသုံးရပ်ပိုင်းခြား ခွဲဝေကျင့်သုံးမှုတတ်နိုင်သမျှ ဆောင်ရွက်ရန်စသည့် နိုင်ငံတော်၏ တရားစီရင်ရေးဆိုင်ရာမူများ၊ တာဝန်နှင့်လုပ်ပိုင်ခွင့်များကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်ကို အပြည့်အဝလွှဲအပ်ကျင့်သုံးလျက်ရှိသည်ကို အားလုံးအသိပင်ဖြစ်ကြောင်း။

တရားစီရင်ရေးမဏ္ဍိုင် တိုးတက်ဖွံ့ဖြိုးစေရေးနှင့် ပြည်သူအများယုံကြည်ကိုးစားသည့် တရားစီရင်ရေးစနစ်ဖြစ်ထွန်းစေရေးအတွက်နိုင်ငံတော်အစိုးရ၏ ဆောင်ရွက်ပေးနေမှုများကိုလည်း ထည့်သွင်းပြောကြားလိုကြောင်း၊ ပြည်သူအများယုံကြည်ကိုးစားသည့် တရားစီရင်ရေးစနစ်ဖြစ်ထွန်းစေရေးတွင် တရားသူကြီးများ၏ ဆင်ခြင်တုံတရား၊ စိတ်ဓာတ်နှင့်စွမ်းဆောင်ရည်မြင့်မားမှုများသည်အဓိကကျသကဲ့သို့ တရားရုံးများ၏ ဖွဲ့စည်းတည်ဆောက်မှုနှင့် ဥပဓိရုပ်ကောင်းမွန်မှုသည်လည်း အရေးပါသည့်အခန်းကဏ္ဍဖြစ်ကြောင်း။

ထို့ကြောင့် တရားရုံးများ ဥပဓိရုပ်ကောင်းမွန်ပြည့်စုံစေရန်အတွက် နိုင်ငံတော်အစိုးရအနေဖြင့် မန္တလေးတိုင်းဒေသကြီး၊ မွန်ပြည်နယ်စသည့် တရားလွှတ်တော်(High Court)များကို အသစ်ဆောက်လုပ်ပေးခဲ့သကဲ့သို့ ခရိုင်တရားရုံး ငါးခုကိုလည်း အသစ်ဆောက်လုပ်ပေးခဲ့ပြီးဖြစ်ကြောင်း၊ မြန်မာနိုင်ငံတရားသူကြီးအားလုံးအတွက် ဝန်ထမ်းတိုင်းခံစားခွင့်ရှိသည့် ဝတ်စုံစရိတ် (Outfit



ပြည်ထောင်စုတရားလွှတ်တော်ချုပ် Judicial College အဆောက်အအုံသစ်ကို တွေ့ရစဉ်။

Allowance)အပြင် လုပ်ငန်းတာဝန်အရ မဖြစ်မနေဝတ်ဆင်ရသည့် ဝတ်ရုံစရိတ်များခွင့်ပြုပေးခြင်းစသည်များကိုလည်း နိုင်ငံတော်က တရားစီရင်ရေးကဏ္ဍအတွက် လိုအပ်ချက်များကို ဆောင်ရွက်ပေးလျက်ရှိကြောင်း။

တရားစီရင်ရေးမဏ္ဍိုင် ဖွံ့ဖြိုးတိုးတက်ရန်အတွက် နိုင်ငံတော်၏ဆောင်ရွက်ပေးနေမှုများကို အသိပေးပြောကြားရင်း တရားစီရင်ရေးတွင် တာဝန်ယူဆောင်ရွက်နေကြသည့် ပြည်ထောင်စု တရားလွှတ်တော်ချုပ်နှင့် လက်အောက်ခံတရားရုံးအဆင့်ဆင့်မှ တရားသူကြီးများကို အထူးမှာကြားလိုသည့်အချက်ရှိကြောင်း၊ "တရားစီရင်ရာတွင်အမှန်ကိုဆုံးဖြတ်ရုံမျှသာမကဘဲ ထိုသို့အမှန်တရားကို စီရင်ကြောင်း အများမြင်စေရာသည်"ဆိုသော အသားကျနေသည့် စီရင်ထုံးလမ်းညွှန်ချက်အတိုင်းဖြစ်စေရန်နှင့် တရားသူကြီးများသည် အမှန်တရားကိုချစ်မြတ်နိုးရန်၊နိုင်ငံအတွက်၊ အများပြည်သူအတွက် စိတ်ကောင်းစေတနာထားရန်၊အရည်အချင်းရှိသည့် တရားသူကြီးဖြစ်အောင် ကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

ယနေ့အချိန်အခါတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက နိုင်ငံတော်၏တာဝန်အရပ်ရပ်ကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ထိန်းသိမ်းဆောင်ရွက်လျက်ရှိပြီး ရှေ့လုပ်ငန်းစဉ် (၅)ရပ်၊ဦးတည်ချက် (၉) ရပ်တို့ကို ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ အဆိုပါ ရှေ့လုပ်ငန်းစဉ်(၅)ရပ်နှင့်ဦးတည်ချက် (၉)ရပ်တို့တွင်"တရားဥပဒေစိုးမိုးရေး" ကို အလေးထားဆောင်ရွက်သွားမည်ဖြစ်ကြောင်းကို အတိအလင်းထုတ်ပြန်ကြေညာထားပြီးဖြစ်ကြောင်း၊တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အကောင်အထည်ဖော်ရာ၌ တရားစီရင်ရေး၏မှန်ကန်မှုနှင့်မြန်ဆန်မှုသည် အရေးပါသည့် အခန်းကဏ္ဍတွင်ရှိသည့်အတွက် တရားစီရင်ရေးကိုအကောင်အထည်ဖော်ကြရသည့် တရားသူကြီးများက ကျရာနေရာမှ အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်ပေးကြရန် မှာကြားလိုကြောင်း။

Judicial College အဆောက်အအုံသစ်ကြီးတည်ထောင်ဖွင့်လှစ်ရသည့် ရည်ရွယ်ချက်များအတိုင်း ယခုကျောင်းတော်ကြီးမှနေ၍ အာဆီယံအပါအဝင် မိတ်ဆွေနိုင်ငံများနှင့် နှစ်နိုင်ငံတရားစီရင်ရေးကိစ္စများကို ညှိနှိုင်းဆွေးနွေးဖလှယ်ပြီး ပူးပေါင်းဆောင်ရွက်မှုများမှတစ်ဆင့် နိုင်ငံတကာနှင့်ချစ်ကြည်ရင်းနှီးမှု၊ယုံကြည်စိတ်ချရသည့် တရားစီရင်ရေးအကာအကွယ်ရှိသော ရင်းနှီးမြှုပ်နှံမှုပြုလုပ်နိုင်သည့် နိုင်ငံအဖြစ်ပြသနိုင်မှုများဖော်ဆောင်နိုင်အောင် ဆောင်ရွက်ပေးကြရန်၊ တရားမျှတခြင်း၊လွတ်လပ်ခြင်းနှင့် ညီမျှခြင်းဆိုသည့် လောကပါလတရားများဖြစ်ထွန်းစေသည့် မြန်မာ့တရားစီရင်ရေးသည် အာဆီယံမှာသာမက ကမ္ဘာကပါလေးစားဂုဏ်ယူရသည့် တရားစီရင်ရေးဖြစ်အောင် ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုတရားသူကြီးချုပ်က ကျေးဇူးတင်စကားပြောကြားပြီး အခမ်းအနားအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူးနှင့် အခမ်းအနားတက်ရောက်လာကြသူများသည် Judicial College အဆောက်အအုံသစ်အတွင်း လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)

# မြန်မာ့လယ်ယာထွက်ကုန်စည်များ ပြည်ပသို့တိုးမြှင့်တင်ပို့ရာတွင် အထောက်အကူပြုနိုင်ရန် ဆိပ်ကမ်းတံတားများနှင့် ကုန်ကိုင်တွယ်စက်ကိရိယာများကို ပူးပေါင်းရင်းနှီးမြှုပ်နှံ၊ တိုးချဲ့တည်ဆောက်နိုင်ရေးအတွက် သဘောတူညီမှု စာချွန်လွှာ(Memorandum Of Agreement)များ လက်မှတ်ရေးထိုးပွဲကျင်းပ




ရန်ကုန် ဇန်နဝါရီ ၂

မြန်မာ့လယ်ယာထွက်ကုန်စည်များကို ပြည်ပသို့ တိုးမြှင့်တင်ပို့ရာတွင် အထောက်အကူပြုနိုင်ရန်အတွက် သီလဝါဆိပ်ကမ်းဇရိယာအကွက်အမှတ်(၂၇)၊ (၂၈)နှင့် (၂၉) တို့တွင် ကောက်ပဲသီးနှံနှင့် စားသုံးဆီတင်ချ ဆိပ်ကမ်းတံတားသစ်များတည်ဆောက်ရေးနှင့် ဆူးလေဆိပ်ကမ်းတံတားနှင့် သိုလှောင်ရုံအမှတ်(၁၊ ၂၊ ၃ နှင့် ၄)တို့တွင် အမိုးအကာပါ ကွန်ဗေယာစနစ် (Sheltered Conveying System)တပ်ဆင်ရေးလုပ်ငန်းများကို ပူးပေါင်းရင်းနှီးမြှုပ်နှံတိုးချဲ့တည်ဆောက်နိုင်ရေးအတွက် သဘောတူညီမှုစာချွန်လွှာ(Memorandum Of Agreement) များ လက်မှတ်ရေးထိုးပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် Novotel Yangon Max ဟိုတယ်၌ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ် ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေးဗဟိုကော်မတီဥက္ကဋ္ဌ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး တက်ရောက်အဖွင့်အမှာစကား ပြောကြားသည်။

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးများ၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်နှင့် ဌာနဆိုင်ရာအကြီးအကဲများ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၊ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၊ မြန်မာနိုင်ငံပဲမျိုးစုံပြောင်းနှင့်နှမ်းကုန်သည်များအသင်း၊ မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းနှင့် ဆက်စပ်ကုမ္ပဏီများ၊ Myanmar China Harbour Engineering (MCHEC) ကုမ္ပဏီမှ တာဝန်ရှိသူများနှင့်ဖိတ်ကြားထားသည့်ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာပြည်ထောင်စုဝန်ကြီးက ရန်ကုန်ဆိပ်ကမ်းအနေဖြင့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ဆန်တင်ပို့မှုတန်ချိန် ၁ ဒသမ ၇ သန်းသာရှိခဲ့သော်လည်း ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်ဧပြီမှ ဒီဇင်ဘာထိ ကိုးလတာကာလအတွင်း တန်ချိန် ၂ ဒသမ ၁ သန်းထိတင်ပို့ထားခဲ့ပြီးဖြစ်ကြောင်း၊ပြောင်းတင်ပို့မှုအနေဖြင့် ယခင်ဘဏ္ဍာနှစ်တွင် တန်ချိန် ၁ ဒသမ ၃ သန်းခန့်သာရှိခဲ့သော်လည်း ယခုဘဏ္ဍာနှစ် ကိုးလအတွင်း တန်ချိန် ၁ ဒသမ ၆ သန်းခန့်ထိ တိုးတက် ကိုင်တွယ်လာရသည့်အတွက် အထွေထွေကုန်စည်ကိုင်တွယ်မှုအပိုင်းတွင် ဆိပ်ကမ်းတံတားများ လိုအပ်လာသည့်အပြင် အလုပ်တွင်စေမည့် ခေတ်မီကုန်ကိုင်တွယ်စက်ကိရိယာများကို မဖြစ်မနေတပ်ဆင်အသုံးပြုပြီးစွမ်းဆောင်နိုင်မှု (Productivity) ကိုမြှင့်တင်ဆောင်ရွက်ရန် လိုအပ်လာပါကြောင်း၊ နိုင်ငံတော်အကြီးအကဲ၏လမ်းညွှန်ချက်ဖြစ်သည့် ပို့ကုန်နှစ်ဆတိုးမြှင့်နိုင်ရေးအထောက်အကူပြုလုပ်ငန်းစဉ်အဖြစ် ယခုလိုဆိပ်ကမ်းတံတားများနှင့် ကုန်ကိုင်တွယ်စက်ကိရိယာများကို တိုးချဲ့တည်ဆောက်ထားနိုင်ခြင်းဖြင့် တိုးတက်လာမည့်ကုန်သွယ်မှုပမာဏကို နိုင်နင်းစွာကိုင်တွယ်နိုင်ရန်အတွက် အဆင်သင့်ဖြစ်မှု (Readiness)ကို ရရှိစေနိုင်မည်ဖြစ်သည့်အတွက် ယခုစီမံကိန်းလုပ်ငန်း လေးခုစလုံးကို နှစ်ဖက်အောင်မြင်စွာ ပူးပေါင်းအကောင်အထည်ဖော်နိုင်ရန်လိုကြောင်းနှင့် ဆိပ်ကမ်းလုပ်ငန်းကဏ္ဍတွင် အစိုးရ-ပုဂ္ဂလိက(G2B)၊ ပုဂ္ဂလိက-ပုဂ္ဂလိက(B2B) ပူးပေါင်းဆောင်ရွက်မှုများ ယခုထက်ပိုမို၍ တိုးမြှင့်ဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားသည်။

သီလဝါအကွက်အမှတ်(၂၇)၌ စားသုံးဆီဆိပ်ကမ်းတံတား တည်ဆောက်ရေးလုပ်ငန်းအတွက် မြန်မာအက်ဒီဘယ်(လ်)အွိုင်း(လ်) အင်ဒတ်စထရီရယ် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်(MEICO) နှင့် MCHEC၊ သီလဝါဆိပ်ကမ်းအကွက် အမှတ်(၂၈)၌ ကောက်ပဲသီးနှံ ဆိပ်ကမ်းတံတားတည်ဆောက်ရေးလုပ်ငန်းအတွက် မြန်မာနိုင်ငံလယ်ယာစီးပွားရေး အများပိုင်ကုမ္ပဏီလီမိတက်(MAPCO)နှင့် MCHEC၊ သီလဝါဆိပ်ကမ်းအကွက်အမှတ်(၂၉)၌ ကောက်ပဲသီးနှံဆိပ်ကမ်းတံတား တည်ဆောက်ရေးလုပ်ငန်းအတွက် မြန်မာ့လယ်ယာထွက်ကုန်နှင့်အထွေထွေဖွံ့ဖြိုးတိုးတက်ရေး အများပိုင်ကုမ္ပဏီလီမိတက်(MAGDPL)နှင့် MCHEC၊ ဆူးလေသိုလှောင်ရုံအမှတ်(၁၊ ၂၊ ၃၊ ၄)တို့နှင့် ဆိပ်ကမ်းတံတားများတွင် အမိုးအကာပါ ကွန်ဗေယာစနစ်(Sheltered Conveying System) တပ်ဆင်ရေးလုပ်ငန်းအတွက် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်နှင့် MCHEC တို့အကြား သဘောတူညီမှုစာချွန်လွှာများ လက်မှတ်ရေးထိုးခဲ့ကြပြီး စီမံကိန်းများ၏ ကနဦး ရင်းနှီးမြှုပ်နှံမှုတန်ဖိုး စုစုပေါင်း အမေရိကန်ဒေါ်လာ ၆၁ သန်းဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## မှတ်ပုံတင်မော်တော်ယာဉ်များအားလုံး ယာဉ်စစ်ဆေးပြီးမှသာ ယာဉ်မှတ်ပုံတင်လုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာ

၁။ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် မှတ်ပုံတင်ထားသည့် မော်တော်ယာဉ်များအနက် Road Safety အရေးကြီးသည့် အများပြည်သူသယ်ယူပို့ဆောင်ရေး ခရီးသည်တင်ယာဉ်များ၊ ယာဉ်မှန်၊ မမှန်စစ်ဆေးခြင်း၊ ပြောင်းလဲခြင်းများအတွက် ယာဉ်စစ်ဆေးခြင်း၊ နယ်ဝင်ယာဉ်များကို စစ်ဆေးခြင်းတို့နှင့် အကျုံးဝင်သည့်ယာဉ်များ၊ Taxi အငှားယာဉ်များ၊ School Bus ယာဉ်များနှင့် နှစ်တန်နှင့်အထက် အငှားယာဉ်များကို ယာဉ်စစ်ဆေး၍ သက်တမ်းတိုးဆောင်ရွက်ပေးလျက်ရှိသည်။

၂။ ယခုအခါ ယာဉ်များကြံ့ခိုင်မှုကောင်းမွန်စေရေးနှင့် အများပြည်သူဆိုင်ရာလမ်းများပေါ်တွင် အန္တရာယ်ကင်းစွာသွားလာနိုင်ရေးအတွက် မှတ်ပုံတင်မော်တော်ယာဉ်များအားလုံးကို ၁-၁-၂၀၂၅ ရက်မှစ၍ ယာဉ်သက်တမ်းတိုးခြင်းအပါအဝင် ယာဉ်မှတ်ပုံတင်လုပ်ငန်းများအတွက် ယာဉ်စစ်ဆေးပြီးမှသာ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

## အသိပေးနှိုးဆော်ချက်

(၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားကို ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၂ ရက်တွင် အစမ်းလေ့ကျင့်ခြင်း၊ ဇန်နဝါရီ ၄ ရက် နံနက် ၄ နာရီ မိနစ် ၂၀ ၌ အလံတင်အခမ်းအနား၊ နံနက် ၇ နာရီတွင် နိုင်ငံတော်အလံအလေးပြုပွဲနှင့် လွတ်လပ်ရေးနေ့သဝဏ်လွှာဖတ်ကြားခြင်းအခမ်းအနားကို ပြည်သူ့ရင်ပြင်၌ ကျင်းပပြုလုပ်သွားမည်ဖြစ်ရာ အခမ်းအနားကျင်းပစဉ်အချိန်မှ ပြီးစီးသည့်အချိန်ထိ ပြည်လမ်းကို ခေတ္တပိတ်ထားမည်ဖြစ်သဖြင့် ပြည်လမ်းအတိုင်း မြောက်မှ တောင်သို့ မောင်းနှင်လာသော ယာဉ်များသည် မြေနီကုန်းတံတားအောက် မီးပွိုင့်တွင် ညာဘက်သို့ချိုးကွေ့၍ အောက်ကြည့်မြင်တိုင်လမ်းသို့လည်းကောင်း၊ ပြည်လမ်းအတိုင်း တောင်မှ မြောက်သို့ မောင်းနှင်လာသော ယာဉ်များသည် ပြည်ထောင်စုရိပ်သာလမ်းသို့ ချိုးကွေ့၍ ခရေပင်လမ်း၊ အလုံလမ်းမှတစ်ဆင့် အောက်ကြည့်မြင်တိုင်လမ်းသို့ လည်းကောင်း ဆက်လက်မောင်းနှင်ကြရန် အသိပေးနှိုးဆော်အပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့

**မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# အမျိုးသားရေးအသိဖြင့် သတိကြီးစွာကာကွယ်ကြရမည်



ရရှိပြီးသောလွတ်လပ်ရေးတည်တံ့ခိုင်မြဲစေရေးအတွက် ပြည်တွင်းပြည်ပအဖျက်အမှောင့်များ၏ သွေးထိုးလှုံ့ဆော်မှုများ၊ ဖိအားပေးမှုများကို တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက အမျိုးသားရေးအသိဖြင့် သတိကြီးစွာကာကွယ်ကြရမည်ဖြစ်ပါသည်။

(ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်
ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်ထံမှ
၂၀၂၃ ခုနှစ် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာမှ ကောက်နုတ်ချက်)
၅.၁.၂၀၂၃

# (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မန္တလေး ချမ်းမြသာစည်မြို့နယ်၌ နိုင်လွန်ကတ္တရာလမ်းသစ်များဖွင့်ပွဲကျင်းပ



**မန္တလေး ဇန်နဝါရီ ၂**

(၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ချမ်းမြသာစည်မြို့နယ်တွင် နိုင်လွန်ကတ္တရာလမ်းသစ်များ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ၆၂ လမ်း၊ ၁၀၇ လမ်းနှင့် ၁၁၃လမ်းကြားတွင်ကျင်းပရာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့်တာဝန်ရှိသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊မြို့မိမြို့ဖများနှင့် ဖိတ်ကြားထားသူများတက်ရောက်ကြသည်။

အခမ်းအနား၌ တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် မန္တလေးမြို့တော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် မြို့နေလူထုစိတ်ချမ်းမြေ့စွာ အချိန်တိုအတွင်းသွားလာမှုအဆင်ပြေချောမွေ့လွယ်ကူစွာရှိစေရန် လမ်းများကို မြို့အင်္ဂါရပ်နှင့်အညီဖြစ်စေရေး အလေးထားကာ အဘက်ဘက်မှကြိုးပမ်းဆောင်ရွက်ပေးနေပါကြောင်း၊ ယခု ၆၂ လမ်းမှာ အောင်မြေသာစံမြို့နယ်မှစ၍ အမရပူရမြို့နယ်ရှိ ထုံးဘို-မြစ်ငယ်ဖြတ်လမ်းသို့ တိုက်ရိုက်ဆက်သွယ်ထားသည့် လမ်းဖြစ်ပြီး အရှည် ၄၇၂၃ ပေရှည်လျားပြီး ပြည်သူလူထုအတွက် များစွာအထောက်အကူပြုသည့်လမ်းဖြစ်သဖြင့် ရေရှည်ကောင်းမွန်တည်တံ့ရေး ထိန်းသိမ်းခြင်းလုပ်ငန်းများကို ဝိုင်းဝန်းဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်ပြီး တိုင်းဒေသကြီး စည်ပင်သာယာရေးရာဝန်ကြီး ဦးကျော်ဆန်းက မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီမှ နှစ်အလိုက် ဘဏ္ဍာငွေရရှိမှုပေါ်မူတည်၍ မြို့ပေါ်ရှိလမ်းများတိုးချဲ့ခြင်း၊ အဆင့်မြှင့်တင်ခြင်းလုပ်ငန်း ဆောင်ရွက်ပေးနေမှုများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး မြို့မိမြို့ဖတစ်ဦးက ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်တာဝန်ရှိသူများက (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် နိုင်လွန်ကတ္တရာလမ်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကာ ဖွင့်ပွဲအမှတ်တရလက်ဆောင်များပေးအပ်ပြီး လမ်းတစ်လျှောက်ကြည့်ရှုကာ မြို့မိမြို့ဖများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်၍ ဘင်ခရာအဖွဲ့နှင့်ပန်းဖွားအဖွဲ့တို့ကိုဂုဏ်ပြုငွေများ ပေးအပ်ချီးမြှင့်သည်။

(၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ယနေ့ဖွင့်လှစ်ခဲ့သည့် ၆၂ လမ်း၊ ၁၀၇ လမ်း မှ ၁၁၃ လမ်းထိ အရှည်ပေ ၅၆၁၀ ၊ အကျယ် ၆၈ ပေ စုစုပေါင်းကုန်ကျငွေကျပ် ၉၈၁ ဒသမ ၄၈၇ သန်း နိုင်လွန်ကတ္တရာလမ်းသစ်နှင့်အတူ ၁၁၀လမ်း(မနော်ဟရီလမ်း) ၆၂ လမ်းမှ ၇၃လမ်းထိ အရှည်ပေ ၅၇၉၀၊ အကျယ် ၄၈ ပေ စုစုပေါင်းကုန်ကျငွေကျပ် ၆၉၀ ဒသမ ၄၇၉ သန်း၊ ရန်-မန်းလမ်းတံခွန်တိုင်အဝိုင်းမှ စက်မှုပန်းခြံလမ်းထိ အရှည် ၅၀၆၆ ပေ၊ အကျယ် ပေ ၆၀ စုစုပေါင်းကုန်ကျငွေကျပ် ၈၇၈ ဒသမ ၃၆၃သန်း ထပ်ပိုးလွှာတင် နိုင်လွန်ကတ္တရာလမ်းသစ်များကို ဖွင့်လှစ်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**မျိုးကျော်**

## မြန်မာ- ဂျပန် ချစ်ကြည်ရေးအသင်း ဖွဲ့စည်းပြီးစီး

**နေပြည်တော် ဇန်နဝါရီ ၂**

မြန်မာ-ဂျပန် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးတက်ခိုင်မာစေရန်နှင့် နှစ်နိုင်ငံအကြား လူမှုစီးပွားဆက်ဆံမှုပိုမိုမြင့်မားခိုင်မာတိုးတက်စေရေး ကူညီဆောင်ရွက်ပေးရန်အတွက်လည်းကောင်း၊ နှစ်နိုင်ငံကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုကို အရင်းခံ၍ နှစ်နိုင်ငံပြည်သူများကြား ကူးလူးဆက်ဆံမှုကို ကဏ္ဍအားလုံးဆက်လက်တိုးမြှင့်ဆက်ဆံသွားနိုင်ရန်နှင့် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုကို ပိုမိုခိုင်မာစေရန်အတွက်လည်းကောင်း၊ မြန်မာနိုင်ငံအတွင်း ဂျပန်အစိုးရအပါအဝင် အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် သက်ဆိုင်ရာအဖွဲ့အစည်းများမှဆောင်ရွက်သည့် ဘက်စုံအထောက်အကူပေးမှု စီမံကိန်းများနှင့် လုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်မှုပိုမိုတိုးမြှင့်ပေးရန်အတွက်လည်းကောင်း စသည့်ရည်ရွယ်ချက်များဖြင့်ဖွဲ့စည်းထားသော မြန်မာ-ဂျပန် ချစ်ကြည်ရေးအသင်း( Myanmar–Japan Friendship Association)သည် အသင်းအဖွဲ့မှတ်ပုံတင်ခြင်းဆိုင်ရာဥပဒေနှင့်အညီ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုမှတ်ပုံတင်ရေးအဖွဲ့သို့ ပြည်တွင်းအသင်းအဖွဲ့အဖြစ် မှတ်ပုံတင်လျှောက်ထားခဲ့ရာ ပြည်ထောင်စုမှတ်ပုံတင်ရေးအဖွဲ့မှ ယနေ့တွင် ပြည်တွင်းအသင်းအဖွဲ့(ယာယီ) မှတ်ပုံတင်လက်မှတ်အမှတ် "ပြည်တွင်း / ၀၂၂၆ ( ၂၀၂၂ )" ဖြင့် ထုတ်ပေးခဲ့ပြီးဖြစ်သည်။

မြန်မာ-ဂျပန် ချစ်ကြည်ရေးအသင်းသည် ရန်ကုန်မြို့ အလုံမြို့နယ် ဆင်မင်းရပ်ကွက် ကမ်းနားလမ်း ရွှေဇဗ္ဗူရေးဗားဗျူးကွန်ဒို အမှတ် ၂၃(ဂျီ-၁) ပထမထပ်ဖွင့်လှစ်ထားရှိ၍ မြန်မာ-ဂျပန် ချစ်ကြည်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ လျှော့ပေါ့ခွင့်ရသူများ

**လျှော့ပေါ့ခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှု ထမ်းဆောင်ရမည့်တာဝန်မှ လျှော့ပေါ့ခွင့်ပြုသူများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) လျှောက်ထားသူ၏ မိဘနှစ်ပါးစလုံးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ တစ်ဝက်အထိ လျှော့ပေါ့ပေးနိုင်သည်။

(ခ) လျှောက်ထားသူ၏ မိဘနှစ်ပါးအနက် တစ်ဦးဦးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ သုံးပုံတစ်ပုံအထိ လျှော့ပေါ့ပေးနိုင်သည်။

(ဂ) ပြည်သူ့စစ်မှုထမ်းတစ်ဦးဦးသည် တာဝန်ထမ်းဆောင်နေသည့်ကာလအတွင်း ထိခိုက်ဒဏ်ရာရရှိခြင်းများရှိခဲ့ပါက ထိခိုက်ဒဏ်ရာရရှိသည့်နေ့နောက်ပိုင်း ဆက်လက်တာဝန်ထမ်းဆောင်ရန် ကျန်ရှိသည့်ကာလအား လျှော့ပေါ့ပေးနိုင်သည်။

# ဆိုက်ဘာလုံခြုံရေးဥပဒေပြဋ္ဌာန်း

**ယမန်နေ့မှအဆက်**

၁၅။ ဗဟိုကော်မတီသည် အရေးကြီးသတင်းအချက်အလက်အခြေခံအဆောက်အအုံများ သတ်မှတ်ခြင်း၊ ပြင်ဆင်သတ်မှတ်ခြင်းနှင့် အရေးကြီးသတင်းအချက်အလက် အခြေခံအဆောက်အအုံစီမံထိန်းသိမ်းရေးလုပ်ငန်းများဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းကို ညွှန်ကြားရမည်။

၁၆။ အရေးကြီးသတင်းအချက်အလက် အခြေခံအဆောက်အအုံနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများသည် အောက်ပါအချက်များကို ဆောင်ရွက်ရမည်–

(က) ဆိုက်ဘာလုံခြုံရေး စီမံချက်များအား သတ်မှတ်ချက်နှင့်အညီ ရေးဆွဲခြင်း၊

(ခ) ဆိုက်ဘာလုံခြုံရေးကျိုးပေါက်မှု အရေးပေါ်စောင့်ကြည့်တုံ့ပြန်ရေးအဖွဲ့ ဖွဲ့စည်းခြင်း၊

(ဂ) သင့်လျော်သောပုဂ္ဂိုလ်အား အရေးကြီးသတင်းအချက်အလက်အခြေခံအဆောက်အအုံစီမံထိန်းသိမ်းရန် တာဝန်ရှိသူအဖြစ် တာဝန်ပေးအပ်ခြင်း၊

(ဃ) ဆိုက်ဘာလုံခြုံရေးအစီရင်ခံစာကို ဦးစီးကော်မတီသို့ ပြက္ခဒိန်နှစ်တစ်နှစ်လျှင် အနည်းဆုံးတစ်ကြိမ်တင်သွင်းခြင်း။

၁၇။ အရေးကြီးသတင်းအချက်အလက်အခြေခံအဆောက်အအုံစီမံထိန်းသိမ်းရန် တာဝန်ရှိသူသည်–

(က) အရေးကြီးသတင်းအချက်အလက်အခြေခံအဆောက်အအုံနှင့် သက်ဆိုင်သော သတင်းအချက်အလက်များကို အချက်အလက်အဆင့်အတန်းပေါ်မူတည်၍ သတ်မှတ်ချက်နှင့်အညီ သိမ်းဆည်းထားရှိရမည်။

(ခ) အရေးကြီးသတင်းအချက်အလက်အခြေခံအဆောက်အအုံနှင့်သက်ဆိုင်သော သတင်းအချက်အလက်များ ဖြန့်ဝေခြင်း၊ ထုတ်ပြန်ခြင်း၊ ပေးပို့ခြင်း၊ လက်ခံခြင်းနှင့် သိမ်းဆည်းခြင်းများကို သတ်မှတ်ချက်နှင့်အညီ ဆောင်ရွက်ရမည်။

(ဂ) အရေးကြီးသတင်းအချက်အလက် အခြေခံအဆောက်အအုံ၏ ဆိုက်ဘာလုံခြုံရေးအစီရင်ခံစာကို သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းမှတစ်ဆင့် ဝန်ကြီးဌာနသို့ ပြက္ခဒိန်နှစ်တစ်နှစ်လျှင် အနည်းဆုံးတစ်ကြိမ် တင်သွင်းရမည်။

၁၈။ ဝန်ကြီးဌာနသည် ဦးစီးကော်မတီ၏ ကြီးကြပ်မှုဖြင့် အရေးကြီးသတင်းအချက်အလက် အခြေခံအဆောက်အအုံ စီမံထိန်းသိမ်းရန် တာဝန်ရှိသူက ဆောင်ရွက်ထားသည့် ဆိုက်ဘာလုံခြုံရေးဆိုင်ရာ အဆင်သင့်ဖြစ်မှုအပေါ် သတ်မှတ်ချက်နှင့်အညီ ဆောင်ရွက်ထားခြင်း ရှိမရှိကို ကြီးကြပ်စစ်ဆေးရမည်။

## အခန်း (၈)
## လိုင်စင်ထုတ်ပေးခြင်းနှင့် မှတ်ပုံတင်ခြင်း

၁၉။ ဦးစီးဌာနသည် ဆိုက်ဘာလုံခြုံရေးဆိုင်ရာဝန်ဆောင်မှုလုပ်ငန်း လိုင်စင်သက်တမ်းနှင့် ဒစ်ဂျစ်တယ်ပလက်ဖောင်းဝန်ဆောင်မှုလုပ်ငန်း မှတ်ပုံတင်သက်တမ်းတို့ကို အနည်းဆုံး သုံးနှစ်မှ အများဆုံး ၁၀ နှစ်ထိ သတ်မှတ်နိုင်သည်။

၂၀။ ဆိုက်ဘာလုံခြုံရေးဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်သူသည် မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေနှင့်အညီ မှတ်ပုံတင်ထားသော ကုမ္ပဏီဖြစ်ရမည့်အပြင် လုပ်ငန်းလုပ်ကိုင်ခွင့် လိုင်စင်ရရှိရန်သတ်မှတ်ချက်နှင့်အညီ ဦးစီးဌာနသို့ လျှောက်ထားရမည်။

၂၁။ ဦးစီးဌာနသည် ပုဒ်မ ၂၀ အရ လျှောက်ထားချက်ကို သတ်မှတ်ချက်နှင့်အညီစိစစ်ပြီး အောက်ပါအတိုင်းဆောင်ရွက်ရမည်–

(က) လျှောက်ထားချက်သည် သတ်မှတ်ချက်နှင့် ကိုက်ညီပါက လျှောက်ထားသူကို လိုင်စင်ကြေးပေးသွင်းစေ၍ လိုင်စင်ထုတ်ပေးခြင်း၊

(ခ) သတ်မှတ်ချက်နှင့်ကိုက်ညီမှုမရှိပါက လျှောက်ထားသူကို ပြင်ဆင်လျှောက်ထားစေခြင်း သို့မဟုတ် လိုင်စင်ထုတ်ပေးရန် ငြင်းပယ်ခြင်း။

၂၂။ ဆိုက်ဘာလုံခြုံရေးဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်သူသည် လုပ်ငန်းဆက်လက်လုပ်ကိုင်လိုပါက လိုင်စင်သက်တမ်းမကုန်ဆုံးမီ ခြောက်လကြိုတင်၍ သတ်မှတ်ချက်နှင့်အညီ ဦးစီးဌာနသို့ လိုင်စင်သက်တမ်းတိုးလျှောက်ထားရမည်။

၂၃။ ဦးစီးဌာနသည် –

(က) လိုင်စင်သက်တမ်းတိုးလျှောက်ထားချက်ကို သတ်မှတ်ချက်နှင့်အညီ စိစစ်ပြီးခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

(ခ) လိုင်စင်သက်တမ်းတိုးခြင်းကို ငြင်းပယ်ပါက ထိုသို့ငြင်းပယ်ခြင်းသည် ကျန်ရှိသောလိုင်စင်သက်တမ်းကို ထိခိုက်ခြင်း မရှိစေရ။

၂၄။ နိုင်ငံတော်အတွင်း အသုံးပြုသူဦးရေ တစ်သိန်းနှင့်အထက်ရှိသော ဒစ်ဂျစ်တယ်ပလက်ဖောင်း ဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်သူသည် မြန်မာနိုင်ငံကုမ္ပဏီများဥပဒေနှင့်အညီ မှတ်ပုံတင်ထားသော ကုမ္ပဏီဖြစ်ရမည့်အပြင် မှတ်ပုံတင်ခွင့်ပြုရန်သတ်မှတ်ချက်နှင့်အညီ ဦးစီးဌာနသို့ လျှောက်ထားရမည်။

၂၅။ ဦးစီးဌာနသည် ပုဒ်မ ၂၄ အရ လျှောက်ထားချက်ကို သတ်မှတ်ချက်နှင့်အညီစိစစ်ပြီး အောက်ပါအတိုင်းဆောင်ရွက်ရမည် –

(က) လျှောက်ထားချက်သည် သတ်မှတ်ချက်နှင့် ကိုက်ညီပါက လျှောက်ထားသူကို မှတ်ပုံတင်ကြေးပေးသွင်းစေ၍ မှတ်ပုံတင်လက်မှတ်ထုတ်ပေးခြင်း၊

(ခ) သတ်မှတ်ချက်နှင့် ကိုက်ညီမှုမရှိပါက လျှောက်ထားသူကို ပြင်ဆင်လျှောက်ထားစေခြင်း သို့မဟုတ် မှတ်ပုံတင်လက်မှတ်ထုတ်ပေးရန် ငြင်းပယ်ခြင်း။

၂၆။ ဒစ်ဂျစ်တယ်ပလက်ဖောင်းဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်သူသည် လုပ်ငန်းဆက်လက်လုပ်ကိုင်လိုပါက မှတ်ပုံတင်သက်တမ်းမကုန်ဆုံးမီ ခြောက်လကြိုတင်၍ သတ်မှတ်ချက်နှင့်အညီ ဦးစီးဌာနသို့ မှတ်ပုံတင်သက်တမ်းတိုးလျှောက်ထားရမည်။

၂၇။ ဦးစီးဌာနသည် –

(က) မှတ်ပုံတင်သက်တမ်းတိုးလျှောက်ထားချက်ကို သတ်မှတ်ချက်နှင့်အညီစိစစ်ပြီး ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

(ခ) မှတ်ပုံတင်သက်တမ်းတိုးခြင်းကို ငြင်းပယ်ပါက ထိုသို့ငြင်းပယ်ခြင်းသည် ကျန်ရှိသောမှတ်ပုံတင်သက်တမ်းကို ထိခိုက်ခြင်းမရှိစေရ။

၂၈။ ဆိုက်ဘာလုံခြုံရေးဆိုင်ရာအဖွဲ့သည် နိုင်ငံတော်အတွင်း ဆိုက်ဘာလုံခြုံရေးဆိုင်ရာ လှုပ်ရှားမှုများကို အကျိုးအမြတ်ရယူခြင်းမရှိဘဲ ဆောင်ရွက်နိုင်ရန် သတ်မှတ်ချက်နှင့်အညီ ဦးစီးကော်မတီ၏ခွင့်ပြုချက်ကို ရယူရမည်။

## အခန်း (၉)
## ဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်သူ၏တာဝန်များ

၂၉။ ဆိုက်ဘာလုံခြုံရေးဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်သူသည် အောက်ပါတို့ကို လိုက်နာဆောင်ရွက်ရမည်–

(က) ဆောင်ရွက်မည့်လုပ်ငန်း သို့မဟုတ် ကဏ္ဍအလိုက်သက်ဆိုင်ရာဥပဒေများနှင့်အညီ လိုအပ်သောခွင့်ပြုမိန့် သို့မဟုတ် အထောက်အထားရယူခြင်း၊

(ခ) ဦးစီးဌာနနှင့် ဆိုက်ဘာလုံခြုံရေးကျိုးပေါက်မှုအရေးပေါ်စောင့်ကြည့်တုံ့ပြန်ရေးအဖွဲ့များအား အထောက်အကူပြုနိုင်သည့် ဆိုက်ဘာလုံခြုံရေးဆိုင်ရာ ကြိုတင်ကာကွယ်မှုအစီအမံများ ချမှတ်ခြင်းနှင့် အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

(ဂ) ဆိုက်ဘာလုံခြုံရေးဆိုင်ရာ ပျက်စီးဆုံးရှုံးမှုအလားအလာကို သတိပေးခြင်းနှင့် ကြိုတင်ကာကွယ်ခြင်းဆိုင်ရာလုပ်ငန်းများကို အကြံပေးခြင်း၊

(ဃ) မောလ်ဝဲရ်(Malware) သို့မဟုတ် ဆိုက်ဘာတိုက်ခိုက်ခြင်းကို အရေးပေါ် တုံ့ပြန်ရန် အစီအစဉ်နှင့် ဖြေရှင်းနည်းများရေးဆွဲထားရှိခြင်း၊

(င) မောလ်ဝဲရ်(Malware) သို့မဟုတ် ဆိုက်ဘာတိုက်ခိုက်ခြင်း ဖြစ်ပေါ်သည့်အခါ သင့်လျော်သော အရေးပေါ်တုံ့ပြန်ရန် အစီအစဉ်ကို ချက်ချင်းအကောင်အထည်ဖော်ခြင်း၊ တုံ့ပြန်ဖြေရှင်းခြင်းနှင့် အကျိုးသက်ဆိုင်သူအား အသိပေးခြင်း၊

(စ) ဆိုက်ဘာလုံခြုံရေးဆိုင်ရာ နည်းပညာနှင့် လိုအပ်သော နိုင်ငံတကာစံနှုန်းများကို ကျင့်သုံးခြင်း၊

(ဆ) ဝန်ဆောင်မှုကို ရယူအသုံးပြုသူများ၏ သတင်းအချက်အလက်များ ပေါက်ကြားခြင်း၊ ပျက်စီးခြင်း သို့မဟုတ် ဆုံးရှုံးခြင်းများ မဖြစ်ပေါ်စေရန် ကာကွယ်ခြင်း၊

(ဇ) ဆိုက်ဘာလုံခြုံရေးဆိုင်ရာ ထူးခြားဖြစ်စဉ်ဖြစ်ပေါ်ပါက ဦးစီးဌာနသို့ ချက်ချင်းအကြောင်းကြားခြင်း၊

(ဈ) လိုင်စင်ပါစည်းကမ်းချက်များကို လိုက်နာခြင်း၊

(ည) ဆိုက်ဘာလုံခြုံရေးဆိုင်ရာ လုပ်ငန်းအစီရင်ခံစာကို သတ်မှတ်ချက်နှင့်အညီပြုစုပြီး ဦးစီးဌာနသို့တင်ပြခြင်း။

၃၀။ ဒစ်ဂျစ်တယ်ပလက်ဖောင်းဝန်ဆောင်မှုလုပ်ငန်း ဆောင်ရွက်သူသည် အောက်ပါတို့ကို လိုက်နာဆောင်ရွက်ရမည်–

(က) ဆောင်ရွက်မည့်လုပ်ငန်း သို့မဟုတ် ကဏ္ဍအလိုက် သက်ဆိုင်ရာဥပဒေနှင့်အညီ လိုအပ်သောခွင့်ပြုမိန့် သို့မဟုတ် အထောက်အထားရယူခြင်း၊

(ခ) ဝန်ဆောင်မှုကို ရယူအသုံးပြုသူ၏ အချက်အလက်အဆင့်အတန်းအပေါ်မူတည်၍ အချက်အလက်များ သိမ်းဆည်းထားသောပစ္စည်းကို သတ်မှတ်ချက်နှင့်အညီထားရှိခြင်း၊

(ဂ) ဒစ်ဂျစ်တယ်ပလက်ဖောင်းဝန်ဆောင်မှုလုပ်ငန်းမှတစ်ဆင့် ဆက်စပ်စီးပွားရေးလုပ်ငန်းတစ်ရပ်ရပ် သို့မဟုတ် အကျိုးအမြတ်ရယူဆောင်ရွက်သည့် လုပ်ငန်းတစ်ရပ်ရပ်ကိုဆောင်ရွက်လိုပါက သက်ဆိုင်ရာဥပဒေနှင့်အညီ ဆောင်ရွက်ခြင်း၊

(ဃ) မှတ်ပုံတင်လက်မှတ်ပါ စည်းကမ်းချက်များကို လိုက်နာခြင်း။

၃၁။ ဒီဂျစ်တယ်ပလက်ဖောင်းဝန်ဆောင်မှုလုပ်ငန်း ဆောင်ရွက်သူသည် ဝန်ဆောင်မှုပေးသည့် ပလက်ဖောင်းတွင် အောက်ပါအချက်တစ်ရပ်ရပ်ဖြစ်ပေါ်ပါက ယင်းနှင့်သက်ဆိုင်သော သတင်းအချက်အလက်နှင့် ဆိုက်ဘာအရင်းအမြစ်ကို သိရှိနိုင်ရန် လုံလောက်သော အစီအမံများထားရှိရမည်–

(က) အမုန်းတရားကိုဖြစ်စေသော၊ စည်းလုံးညီညွတ်မှုကို ပျက်ပြားစေသော သို့မဟုတ် တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေသော သတင်းအချက်အလက်များဖြစ်ပေါ်ခြင်း၊

(ခ) မမှန်သတင်း သို့မဟုတ် ကောလာဟလသတင်းများဖြစ်ပေါ်ခြင်း၊

(ဂ) အများပြည်သူ ကြည့်ရှုခြင်းငှာ မသင့်လျော်သော သတင်းအချက်အလက်များကို ဖော်ပြခြင်း၊

(ဃ) လိင်ပိုင်းဆိုင်ရာ ရည်ရွယ်ချက်ဖြင့်ဖော်ပြသော ကလေးသူငယ်၏ ညစ်ညမ်းပုံ၊ ညစ်ညမ်းဗီဒီယို၊ စာသားများ သို့မဟုတ် သင်္ကေတများကို တစ်နည်းနည်းဖြင့် ဖော်ပြခြင်း၊

(င) တည်ဆဲဥပဒေတစ်ရပ်ရပ်နှင့်ဆန့်ကျင်သည့် သတင်းအချက်အလက်များကိုဖော်ပြခြင်း သို့မဟုတ် ဥပဒေနှင့်မညီသော ပြုလုပ်မှုကို ပြုလုပ်ခြင်း၊

(စ) လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၏ လူမှုရေး သို့မဟုတ် စီးပွားရေးကိုထိခိုက်နစ်နာစေရန် ရည်ရွယ်ဖော်ပြသော သတင်းအချက်အလက်နှင့်စပ်လျဉ်းသည့် တိုင်ကြားချက်ဖြစ်ပေါ်ခြင်း၊

(ဆ) မူပိုင်ခွင့်ဆိုင်ရာအခွင့်အရေးချိုးဖောက်ခြင်းနှင့် စပ်လျဉ်းသည့် တိုင်ကြားချက်ဖြစ်ပေါ်ခြင်း၊

(ဇ) အကြမ်းဖက်မှုဖြစ်ပေါ်စေရန် လှုံ့ဆော်ခြင်း၊ ကျူးလွန်ခြင်း၊ အားထုတ်ခြင်း၊ အားပေးကူညီခြင်း သို့မဟုတ် ကြံရာပါအဖြစ် ဆောင်ရွက်ခြင်း။

၃၂။ ဒစ်ဂျစ်တယ်ပလက်ဖောင်းဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်သူသည် ပုဒ်မ ၃၁ ပါအချက် တစ်ရပ်ရပ်ဖြစ်ပေါ်ကြောင်း တစ်နည်းနည်းဖြင့် သိရှိလျှင်ဖြစ်စေ၊ ဦးစီးဌာနက အကြောင်းကြားလျှင်ဖြစ်စေ ၎င်းတို့ကို တားဆီးခြင်း၊ ဖယ်ရှားခြင်း၊ ဖျက်ဆီးခြင်း သို့မဟုတ် ရပ်ဆိုင်းခြင်းတို့ကို သတ်မှတ်ချက်နှင့်အညီ အချိန်မီဆောင်ရွက်ရမည်။

၃၃။ ဒစ်ဂျစ်တယ်ပလက်ဖောင်းဝန်ဆောင်မှုလုပ်ငန်း ဆောင်ရွက်သူသည် ဝန်ဆောင်မှုကို ရယူအသုံးပြုသူနှင့် သက်ဆိုင်သော အောက်ပါအချက်အလက်များကို သုံးနှစ်အထိ ထိန်းသိမ်းထားရမည်–

(က) ဝန်ဆောင်မှုကိုရယူအသုံးပြုသူ၏ ကိုယ်ရေးအချက်အလက်များ၊

(ခ) ဝန်ဆောင်မှုကိုရယူအသုံးပြုသူ၏ အသုံးပြုမှုမှတ်တမ်းများ၊

(ဂ) ဦးစီးဌာနက အခါအားလျော်စွာသတ်မှတ်သော အချက်အလက်များ။

၃၄။ တည်ဆဲဥပဒေ တစ်ရပ်ရပ်အရ အခွင့်အာဏာရရှိထားသော ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းက ပုဒ်မ ၃၃ ပါ အချက်အလက်တစ်ရပ်ရပ်ကိုဖြစ်စေ၊ အားလုံးကိုဖြစ်စေ စာဖြင့်တောင်းခံလျှင် ဒစ်ဂျစ်တယ်ပလက်ဖောင်း ဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်သူသည် သတ်မှတ်ချက်နှင့်အညီ ထုတ်ပေးရမည်။

၃၅။ ဆိုက်ဘာလုံခြုံရေးဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်သူ သို့မဟုတ် ဒစ်ဂျစ်တယ်ပလက်ဖောင်းဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်သူသည် သက်ဆိုင်ရာလုပ်ငန်းကော်မတီက ဆိုက်ဘာလုံခြုံရေး ခြိမ်းခြောက်ခြင်း၊ ဆိုက်ဘာတိုက်ခိုက်ခြင်း သို့မဟုတ် ဆိုက်ဘာအလွဲအသုံးပြုခြင်း ဖြစ်စဉ်တစ်ခုခုနှင့်စပ်လျဉ်း၍ ဆောင်ရွက်ရာတွင် ပူးပေါင်းဆောင်ရွက်ရမည်။

## အခန်း (၁၀)
## ဆိုက်ဘာအလွဲအသုံးပြုခြင်း

၃၆။ တည်ဆဲဥပဒေတစ်ရပ်ရပ်အရ ဆောင်ရွက်ခြင်းများမှအပ ဆိုက်ဘာအရင်းအမြစ်ကိုဖြစ်စေ၊ ကွန်ပျူတာစနစ်၏ ဆောင်ရွက်နိုင်မှုကိုဖြစ်စေ ထိခိုက်စေရန် ခွင့်ပြုပိုင်ခွင့်ရှိသူ၏ ခွင့်ပြုချက်မရှိဘဲ အောက်ပါတို့ကို တစ်နည်းနည်းဖြင့်ပြုလုပ်ခြင်းသည် ဆိုက်ဘာအလွဲအသုံးပြုခြင်းဖြစ်သည်–

(က) ကွန်ပျူတာပရိုဂရမ် သို့မဟုတ် ပရိုဂရမ် သို့မဟုတ် သတင်းအချက်အလက်ကိုဖြစ်စေ၊ ယင်းတို့၏အခြေအနေ သို့မဟုတ် အရည်အသွေးကိုဖြစ်စေ မရိုးမဖြောင့်သော သဘောဖြင့် ပြောင်းလဲခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း၊

(ခ) ကွန်ပျူတာပရိုဂရမ် သို့မဟုတ် ပရိုဂရမ် သို့မဟုတ် သတင်းအချက်အလက်ကို ရောင်းချခြင်း၊ မူလနေရာမှ အခြားနေရာသို့ဖြစ်စေ၊ အခြားဆိုက်ဘာအရင်းအမြစ် သို့မဟုတ် သိမ်းဆည်းနိုင်သည့်ပစ္စည်းတစ်ခုခုသို့ဖြစ်စေ မရိုးမဖြောင့်သော သဘောဖြင့် ရွှေ့ပြောင်းခြင်း၊ လွှဲပြောင်းခြင်း သို့မဟုတ် ကူးယူခြင်း၊

**စာမျက်နှာ ၂၀ သို့**

စာမျက်နှာ ၁၉ မှအဆက်

(ဂ) ကွန်ပျူတာပရိုဂရမ် သို့မဟုတ် ပရိုဂရမ် သို့မဟုတ် အီလက်ထရောနစ်သတင်းအချက်အလက်ကို မရိုးမဖြောင့်သော သဘောဖြင့် ရယူခြင်း၊ ဆောင်ရွက်ခြင်း သို့မဟုတ် အသုံးပြုခြင်း၊

(ဃ) ကွန်ပျူတာပရိုဂရမ် သို့မဟုတ် ပရိုဂရမ် သို့မဟုတ် အီလက်ထရောနစ်သတင်းအချက်အလက်ကို ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ ဖျက်ဆီးခြင်း၊ ပြောင်းလဲစေခြင်း၊ စွမ်းဆောင်ရည် ထိခိုက်စေခြင်း သို့မဟုတ် မူလအနေအထားကို တစ်နည်းနည်းဖြင့် ပြောင်းလဲစေခြင်း၊

(င) ကွန်ပျူတာစနစ်ကိုဖြစ်စေ၊ ကွန်ပျူတာပရိုဂရမ် သို့မဟုတ် ပရိုဂရမ် သို့မဟုတ် အီလက်ထရောနစ်သတင်းအချက်အလက်ကိုဖြစ်စေ ထိန်းချုပ်ခြင်း သို့မဟုတ် ချိတ်ဆက်ထိန်းချုပ်ခြင်း၊

(စ) ကွန်ပျူတာပရိုဂရမ် သို့မဟုတ် ပရိုဂရမ် သို့မဟုတ် သတင်းအချက်အလက်တစ်ရပ်ရပ်ကို မရိုးမဖြောင့်သောသဘောဖြင့် အချက်အလက်ဆန်းစစ်ခြင်း။

## အခန်း (၁၁)
## ဆိုက်ဘာမှုခင်းများဖော်ထုတ်ခြင်းနှင့် ဆိုက်ဘာတိုက်ခိုက်ခြင်းများအား ကာကွယ်ခြင်း

၃၇။ ဤဥပဒေအရ ဦးစီးကော်မတီက ဖွဲ့စည်းထားသော လုပ်ငန်းကော်မတီများသည် ဦးစီးကော်မတီ၏ကြီးကြပ်မှုဖြင့် အောက်ပါလုပ်ငန်းများကို ဆောင်ရွက်ရမည်–

(က) ဆိုက်ဘာလုံခြုံရေးခြိမ်းခြောက်ခြင်း၊ ဆိုက်ဘာတိုက်ခိုက်ခြင်း သို့မဟုတ် ဆိုက်ဘာအလွဲအသုံးပြုခြင်းဖြစ်စဉ်များ မဖြစ်ပေါ်စေရေးအတွက် ကာကွယ်တားဆီးခြင်း၊

(ခ) ဆိုက်ဘာမှုခင်းများကို စုံစမ်းဖော်ထုတ်ရာတွင် သက်ဆိုင်ရာ တရားဥပဒေစိုးမိုးရေး အဖွဲ့အစည်းများအား အကူအညီပေးခြင်းနှင့် ဆိုက်ဘာမှုခင်းများ၏အန္တရာယ်ကို အကဲဖြတ်ခြင်း၊

(ဂ) ဆိုက်ဘာလုံခြုံရေးခြိမ်းခြောက်ခြင်း၊ ဆိုက်ဘာတိုက်ခိုက်ခြင်း သို့မဟုတ် ဆိုက်ဘာအလွဲအသုံးပြုခြင်းဖြစ်စဉ်မှ တစ်ဆင့်ဖြစ်ပေါ်လာနိုင်သော နောက်ဆက်တွဲအန္တရာယ်များမဖြစ်ပေါ်စေရန် ကာကွယ်တားဆီးခြင်း၊

(ဃ) ဆိုက်ဘာလုံခြုံရေးခြိမ်းခြောက်ခြင်း၊ ဆိုက်ဘာတိုက်ခိုက်ခြင်း သို့မဟုတ် ဆိုက်ဘာအလွဲအသုံးပြုခြင်းဖြစ်စဉ်ဖြစ်ပေါ်နိုင်မှုအလားအလာနှင့် ဖြစ်ပွားလာပါက သက်ရောက်နိုင်မှုအလားအလာတို့ကို အကဲဖြတ်ခြင်း၊

(င) သက်ဆိုင်ရာကဏ္ဍအလိုက် ဆိုက်ဘာလုံခြုံရေးအဆင့်၏ အားသာချက်နှင့် အားနည်းချက်တို့ကို စောင့်ကြည့်အကဲဖြတ်ပြီး ဆိုက်ဘာလုံခြုံရေးအဆင့်မြှင့်တင်နိုင်ရေးသက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများကို အကြံပြုခြင်း၊

(စ) ဆိုက်ဘာလုံခြုံရေးခြိမ်းခြောက်ခြင်း၊ ဆိုက်ဘာတိုက်ခိုက်ခြင်း သို့မဟုတ် ဆိုက်ဘာအလွဲအသုံးပြုခြင်းတို့ကို စိစစ်ဖော်ထုတ်အရေးယူခြင်း၊

(ဆ) ဆိုက်ဘာလုံခြုံရေးဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်သူ သို့မဟုတ် ဒစ်ဂျစ်တယ်ပလက်ဖောင်းဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်သူ၏ ဝန်ဆောင်မှုလုပ်ငန်းများအပေါ် အကဲဖြတ်ခြင်း၊

(ဇ) အမျိုးသားဒစ်ဂျစ်တယ်ဓာတ်ခွဲခန်းနှင့် ဒစ်ဂျစ်တယ်ဓာတ်ခွဲခန်းများအတွက် နည်းပညာအကူအညီပေးခြင်း။

၃၈။ သက်ဆိုင်ရာလုပ်ငန်းကော်မတီသည် ဆိုက်ဘာလုံခြုံရေးခြိမ်းခြောက်ခြင်း၊ ဆိုက်ဘာတိုက်ခိုက်ခြင်း သို့မဟုတ် ဆိုက်ဘာအလွဲအသုံးပြုခြင်းဖြစ်စဉ်တစ်ခုခုနှင့် ဆက်စပ်မှုရှိသည်ဟုယူဆရသော အောက်ပါပုဂ္ဂိုလ်တစ်ဦးဦးထံမှ ဆိုက်ဘာအရင်းအမြစ်ကို သတ်မှတ်ချက်နှင့်အညီ သိမ်းဆည်းပြီး အချက်အလက်ဆန်းစစ်ခြင်းပြုလုပ်နိုင်သည် –

(က) ဆိုက်ဘာလုံခြုံရေးခြိမ်းခြောက်ခြင်း၊ ဆိုက်ဘာတိုက်ခိုက်ခြင်း သို့မဟုတ် ဆိုက်ဘာအလွဲအသုံးပြုခြင်းဖြစ်စဉ်တစ်ခုခုနှင့် ဆက်စပ်မှုရှိသည်ဟု ယူဆရသော ဆိုက်ဘာအရင်းအမြစ်ကို အသုံးပြုသူ သို့မဟုတ် အသုံးပြုခဲ့သည်ဟုသံသယရှိသူ၊

(ခ) ပုဒ်မခွဲ (က)ပါ ပုဂ္ဂိုလ်တစ်ဦးဦးနှင့် ဆက်စပ်မှုရှိသူ။

၃၉။ သက်ဆိုင်ရာလုပ်ငန်းကော်မတီသည် ဆိုက်ဘာအရင်းအမြစ်ကို အချက်အလက်ဆန်းစစ်ခြင်းနှင့် ဒစ်ဂျစ်တယ်ဓာတ်ခွဲခန်းသို့ ပေးပို့စစ်ဆေးခြင်းတို့ ပြုလုပ်ပြီးပါက ယင်းဆိုက်ဘာအရင်းအမြစ်ကို အပ်နှံသူထံ သတ်မှတ်ချက်နှင့်အညီ ပြန်လည်ပေးအပ်ရမည်။

၄၀။ ဝန်ကြီးဌာနသည် အမျိုးသားဆိုက်ဘာနယ်ပယ်အတွင်း ဆိုက်ဘာလုံခြုံရေးခြိမ်းခြောက်ခြင်း သို့မဟုတ် ဆိုက်ဘာတိုက်ခိုက်ခြင်းတို့ကို ကာကွယ်တားဆီးရေးအတွက် ကြိုတင်သိရှိနိုင်ရန် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အချက်အလက်ဆန်းစစ်ခြင်းနှင့် ဒစ်ဂျစ်တယ်ဓာတ်ခွဲခန်းသို့ ပေးပို့စစ်ဆေးခြင်းများပြုလုပ်ရန် သက်ဆိုင်ရာပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းတစ်ရပ်ရပ်အား တာဝန်ပေးအပ်နိုင်သည်။

၄၁။ ဝန်ကြီးဌာနသည် ဆက်သွယ်ရေးဥပဒေအရ ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်း ဆောင်ရွက်သောကုမ္ပဏီ၊ အဖွဲ့အစည်းများအနေဖြင့် ပုဒ်မ ၄၀ အရ အချက်အလက်ဆန်းစစ်ခြင်းနှင့် ဒစ်ဂျစ်တယ်ဓာတ်ခွဲခန်းသို့ ပေးပို့စစ်ဆေးခြင်းများပြုလုပ်နိုင်ရန် လိုအပ်သည်များကို ပံ့ပိုးပေးရမည်။

၄၂။ ဝန်ကြီးဌာနသည် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးဆိုင်ရာကိစ္စများအတွက်သော်လည်းကောင်း၊ အများပြည်သူတို့၏အကျိုးအတွက်သော်လည်းကောင်း၊ ဥပဒေတစ်ရပ်ရပ်အရ သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းက ညှိနှိုင်းလာလျှင်သော်လည်းကောင်း ဆိုက်ဘာလုံခြုံရေးဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်း သို့မဟုတ် ဒစ်ဂျစ်တယ်ပလက်ဖောင်းဝန်ဆောင်မှုလုပ်ငန်းကို လိုအပ်ပါက ဝင်ရောက်စစ်ဆေးခြင်း သို့မဟုတ် ထိန်းချုပ်ခြင်းကို ဆောင်ရွက်နိုင်သည်။

၄၃။ ဝန်ကြီးဌာနသည် အများပြည်သူအကျိုးအတွက် လိုအပ်ပါက ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အောက်ပါတို့ကို ဆောင်ရွက်နိုင်သည် –

(က) ဒစ်ဂျစ်တယ်ပလက်ဖောင်းဝန်ဆောင်မှုလုပ်ငန်း သို့မဟုတ် အီလက်ထရောနစ် သတင်းအချက်အလက်ကို ယာယီပိတ်ပင်ခြင်း၊

(ခ) ဒစ်ဂျစ်တယ်ပလက်ဖောင်းဝန်ဆောင်မှုလုပ်ငန်းနှင့် ပတ်သက်သောပစ္စည်းများကို ယာယီထိန်းချုပ်ခြင်း၊

(ဂ) ဒစ်ဂျစ်တယ်ပလက်ဖောင်းဝန်ဆောင်မှုလုပ်ငန်းတစ်ရပ်ရပ်အား ပိတ်သိမ်းခြင်း သို့မဟုတ် အများပြည်သူအသုံးပြုရန် မသင့်ကြောင်း ကြေညာခြင်း။

၄၄။ အမျိုးသားဆိုက်ဘာနယ်ပယ်အတွင်း ဗီပီအန်ကိုထူထောင်ခြင်း သို့မဟုတ် ဗီပီအန်ဝန်ဆောင်မှုပေးခြင်းပြုလုပ်လိုသူသည် သတ်မှတ်ချက်နှင့်အညီ ဝန်ကြီးဌာန၏ခွင့်ပြုချက်ကို ရယူရမည်။

## အခန်း (၁၂)
## သက်သေခံပစ္စည်းသိမ်းဆည်းခြင်းနှင့် ကျွမ်းကျင်သူ၏ သက်သေခံချက်တင်သွင်းခြင်း

၄၅။ စုံစမ်းစစ်ဆေးရေးအဖွဲ့သည် ဤဥပဒေနှင့် တည်ဆဲဥပဒေတစ်ရပ်ရပ်အရ ဆိုက်ဘာလုံခြုံရေး သို့မဟုတ် ဆိုက်ဘာမှုခင်းဆိုင်ရာကိစ္စရပ်များကို စုံစမ်းစစ်ဆေးရန် အီလက်ထရောနစ်သက်သေခံပစ္စည်းများကို သတ်မှတ်ချက်နှင့်အညီ သိမ်းဆည်းနိုင်သည်။

၄၆။ စုံစမ်းစစ်ဆေးရေးအဖွဲ့သည် ဆိုက်ဘာမှုခင်းကို စုံစမ်းဖော်ထုတ်ရာတွင် စုံစမ်းစစ်ဆေးသောကိစ္စရပ်နှင့် သက်ဆိုင်သည်ဟု ယူဆရသော ဆိုက်ဘာအရင်းအမြစ် သို့မဟုတ် အလားတူ နည်းပညာနှင့် ဆက်စပ်ပစ္စည်းများကို သတ်မှတ်ချက်များနှင့်အညီ သိမ်းဆည်းပြီး အချက်အလက်ဆန်းစစ်ခြင်း သို့မဟုတ် ဒစ်ဂျစ်တယ်ဓာတ်ခွဲခန်းသို့ ပေးပို့စစ်ဆေးခြင်းများပြုလုပ်နိုင်သည်။

၄၇။ သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းသည် ဤဥပဒေနှင့် တည်ဆဲဥပဒေတစ်ရပ်ရပ်ပါ ပြဋ္ဌာန်းချက်များအရ အီလက်ထရောနစ်စနစ်ဖြင့် သိမ်းဆည်းထားသော အီလက်ထရောနစ်သက်သေခံပစ္စည်းများကို ဖော်ထုတ်ခြင်း၊ ရယူခြင်း၊ စီမံဆောင်ရွက်ခြင်း၊ ခွဲခြမ်းစိတ်ဖြာခြင်းနှင့် အစီရင်ခံခြင်းတို့ဆောင်ရွက်နိုင်ရန် အမျိုးသားဒစ်ဂျစ်တယ်ဓာတ်ခွဲခန်း သို့မဟုတ် ဒစ်ဂျစ်တယ်ဓာတ်ခွဲခန်းတို့ကို ဗဟိုကော်မတီ၏ခွင့်ပြုချက်ဖြင့် တည်ထောင်နိုင်သည်။

၄၈။ ဦးစီးကော်မတီသည် ဗဟိုကော်မတီ၏ ခွင့်ပြုချက်ဖြင့် တည်ထောင်ထားသော အမျိုးသားဒစ်ဂျစ်တယ်ဓာတ်ခွဲခန်းနှင့် ဒစ်ဂျစ်တယ်ဓာတ်ခွဲခန်းများအတွက်လိုအပ်သော လူ့စွမ်းအားအရင်းအမြစ်ဖြည့်ဆည်းရေးနှင့် နည်းပညာအကူအညီရရှိရေးတို့ကို ကူညီဆောင်ရွက်ပေးရမည်။

၄၉။ စုံစမ်းစစ်ဆေးရေးအဖွဲ့သည် အီလက်ထရောနစ်စနစ်ဖြင့် သိမ်းဆည်းထားသော အီလက်ထရောနစ်သက်သေခံပစ္စည်းများကို အမျိုးသားဒစ်ဂျစ်တယ်ဓာတ်ခွဲခန်း သို့မဟုတ် ဒစ်ဂျစ်တယ်ဓာတ်ခွဲခန်းသို့ပေးပို့၍ အချက်အလက်ဖော်ထုတ်ခြင်း၊ ရယူခြင်း၊ စီမံဆောင်ရွက်ခြင်းနှင့် ခွဲခြမ်းစိတ်ဖြာခြင်းတို့ကိုဆောင်ရွက်ပြီး ရရှိလာသည့် စစ်ဆေးတွေ့ရှိချက်ရလဒ် အစီရင်ခံစာနှင့် ထင်မြင်ချက်အား ဦးစီးကော်မတီ သို့မဟုတ် သက်ဆိုင်ရာတရားရုံးသို့ သတ်မှတ်ချက်နှင့်အညီ ကျွမ်းကျင်သူ၏ သက်သေခံချက်အဖြစ် သက်သေခံတင်သွင်းနိုင်သည်။

၅၀။ (က) အီလက်ထရောနစ် စာတမ်းအမှတ်အသားအဖြစ် သက်သေခံတင်သွင်းခြင်းနှင့်စပ်လျဉ်း၍ အငြင်းပွားမှုတစ်စုံတစ်ရာ ဖြစ်ပွားပါက အမျိုးသားဒစ်ဂျစ်တယ်ဓာတ်ခွဲခန်းသို့ ပေးပို့စစ်ဆေးရမည်။

(ခ) အမျိုးသားဒီဂျစ်တယ်ဓာတ်ခွဲခန်း၏ စစ်ဆေးတွေ့ရှိချက် ရလဒ်အစီရင်ခံစာနှင့်ထင်မြင်ချက်သည် နောက်ဆုံးအတည်ဖြစ်သည်။

## အခန်း (၁၃)
## စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်း

၅၁။ ဦးစီးဌာနသည်ပုဒ်မ ၂၉ သို့မဟုတ် ၃၅ ပါပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို လိုက်နာရန် ပျက်ကွက်သည့် ဆိုက်ဘာလုံခြုံရေးဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်သူအား အောက်ပါစီမံခန့်ခွဲရေးဆိုင်ရာ အမိန့်တစ်ရပ်ရပ်ကို ချမှတ်နိုင်သည် –

(က) သတိပေးခြင်း၊

(ခ) ဒဏ်ကြေးငွေ တပ်ရိုက်ခြင်း၊

(ဂ) လိုင်စင်ကို ကာလအကန့်အသတ်ဖြင့် ယာယီရပ်ဆိုင်းခြင်း၊

(ဃ) လိုင်စင်ကို ပယ်ဖျက်ခြင်း။

၅၂။ ဦးစီးဌာနသည် ပုဒ်မ ၃၀၊ ၃၁၊ ၃၂၊ ၃၃၊ ၃၄ သို့မဟုတ် ၃၅ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကိုလိုက်နာရန် ပျက်ကွက်သည့် ဒစ်ဂျစ်တယ်ပလက်ဖောင်းဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်သူအား အောက်ပါစီမံခန့်ခွဲရေးဆိုင်ရာ အမိန့်တစ်ရပ်ရပ်ကို ချမှတ်နိုင်သည် –

(က) သတိပေးခြင်း၊

(ခ) ဒဏ်ကြေးငွေ တပ်ရိုက်ခြင်း၊

(ဂ) မှတ်ပုံတင်လက်မှတ်ကို ကာလအကန့်အသတ်ဖြင့် ယာယီရပ်ဆိုင်းခြင်း၊

(ဃ) မှတ်ပုံတင်လက်မှတ်ကို ပယ်ဖျက်ခြင်းနှင့် အမည်ပျက်စာရင်း ကြေညာခြင်း။

၅၃။ ဦးစီးကော်မတီသည် ခွင့်ပြုချက်မရှိဘဲ ဖွဲ့စည်းတည်ထောင်ထားသော သို့မဟုတ် စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ခြင်းမရှိသော ဆိုက်ဘာလုံခြုံရေးဆိုင်ရာအဖွဲ့ကို ဖျက်သိမ်းပြီး ယင်းအဖွဲ့၏ ရန်ပုံငွေအပါအဝင် အဖွဲ့ကပိုင်ဆိုင်သော ငွေကြေးနှင့် ရွှေ့ပြောင်းနိုင်သော သို့မဟုတ် မရွှေ့မပြောင်းနိုင်သောပစ္စည်းများကို နိုင်ငံ့ဘဏ္ဍာအဖြစ် သိမ်းဆည်းနိုင်သည်။

## အခန်း (၁၄)
## အယူခံခြင်း

၅၄။ ဦးစီးဌာနက ပုဒ်မ ၂၁ အရ လိုင်စင်ထုတ်ပေးရန် ငြင်းပယ်ခြင်း၊ ပုဒ်မ ၂၃ အရ လိုင်စင် သက်တမ်းတိုးပေးရန် ငြင်းပယ်ခြင်း သို့မဟုတ် ပုဒ်မ ၂၅ အရ မှတ်ပုံတင်ပေးရန် ငြင်းပယ်ခြင်း၊ ပုဒ်မ ၂၇ အရ မှတ်ပုံတင်သက်တမ်းတိုးရန် ငြင်းပယ်ခြင်းကို ကျေနပ်မှုမရှိသူသည် ယင်းဆုံးဖြတ်ချက် သို့မဟုတ် အမိန့်ကိုချမှတ်သည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း သတ်မှတ်ချက်နှင့်အညီ ဝန်ကြီးဌာနသို့ အယူခံနိုင်သည်။

၅၅။ ပုဒ်မ ၅၁ သို့မဟုတ် ၅၂ အရ ချမှတ်သည့် စီမံခန့်ခွဲရေးဆိုင်ရာ အရေးယူမှုတစ်ရပ်ရပ်ကို ကျေနပ်မှုမရှိသူသည် ယင်းဆုံးဖြတ်ချက် သို့မဟုတ် အမိန့်ကိုချမှတ်သည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း သတ်မှတ်ချက်နှင့်အညီ ဝန်ကြီးဌာနသို့ အယူခံနိုင်သည်။

၅၆။ ဝန်ကြီးဌာနသည် ပုဒ်မ ၅၄ သို့မဟုတ် ၅၅ အရ အယူခံခြင်းနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဆုံးဖြတ်ချက် သို့မဟုတ် အမိန့်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုနိုင်သည်။

၅၇။ ပုဒ်မ ၅၆ အရ ဝန်ကြီးဌာနက ချမှတ်သော ဆုံးဖြတ်ချက် သို့မဟုတ် အမိန့်ကို ကျေနပ်မှုမရှိသူသည် ယင်းဆုံးဖြတ်ချက် သို့မဟုတ် အမိန့်ကို ချမှတ်သည့်နေ့မှ ရက်ပေါင်း ၆၀ အတွင်း သတ်မှတ်ချက်နှင့်အညီ ဗဟိုကော်မတီသို့ အယူခံနိုင်သည်။

၅၈။ ဗဟိုကော်မတီသည် ပုဒ်မ ၅၇ အရ အယူခံခြင်းနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ဆုံးဖြတ်ချက် သို့မဟုတ် အမိန့်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုနိုင်သည်။

၅၉။ ဗဟိုကော်မတီ၏ဆုံးဖြတ်ချက်သည် အပြီးအပြတ်နှင့် အတည်ဖြစ်သည်။

## အခန်း (၁၅)
## ပြစ်မှုနှင့်ပြစ်ဒဏ်များ

၆၀။ နိုင်ငံ့ဝန်ထမ်းမဟုတ်သော အရေးကြီးသတင်းအချက်အလက်အခြေခံအဆောက်အအုံစီမံထိန်းသိမ်းရန်တာဝန်ရှိသူသည် ပုဒ်မ ၁၇ ပုဒ်မခွဲ (က) သို့မဟုတ် (ခ) ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံးတစ်လမှ အများဆုံး ခြောက်လထိ ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်တစ်ဆယ်သိန်းမှ အများဆုံး ကျပ်သိန်း တစ်ရာထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေချမှတ်ရမည်။

၆၁။ မည်သူမဆို အရေးကြီးသတင်းအချက်အလက် အခြေခံအဆောက်အအုံ၏ အီလက်ထရောနစ်သတင်းအချက်အလက်အား ခွင့်ပြုချက်မရှိဘဲ နှောင့်ယှက်ခြင်း၊ ဖျက်ဆီးခြင်း၊ ခိုးယူခြင်း၊ ထိခိုက်စေခြင်း၊ ဥပဒေနှင့်မညီဘဲပေးပို့ခြင်း၊ အသုံးပြုခြင်း၊ ဖြန့်ဝေခြင်း၊ ထုတ်ဖော်ခြင်း၊ ပြုပြင်ခြင်း သို့မဟုတ် ပြောင်းလဲခြင်းတို့ကို ကျူးလွန်ကြောင်း သို့မဟုတ် ကျူးလွန်ရန် ကြိုးပမ်းအားထုတ်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ခြောက်လမှ အများဆုံး သုံးနှစ်ထိ ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်သိန်းငါးဆယ်မှ အများဆုံး ကျပ်သိန်းနှစ်ရာထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၆၂။ မည်သူမဆို ဆိုက်ဘာလုံခြုံရေးဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းကို လိုင်စင်မရှိဘဲဆောင်ရွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင်–

စာမျက်နှာ ၂၁ သို့

စာမျက်နှာ ၂၀ မှအဆက်

(က) ထိုသူကို အနည်းဆုံး တစ်လမှ အများဆုံး ခြောက်လထိ ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ် တစ်ဆယ်သိန်းမှ အများဆုံး ကျပ်သိန်း တစ်ရာထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည့်အပြင် အမှုနှင့်သက်ဆိုင်သော သက်သေခံပစ္စည်းများကို နိုင်ငံ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရမည်။

( ခ ) ပြစ်မှုကျူးလွန်သူသည် ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းဖြစ်ပါက ယင်းကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းကို ကျပ်သိန်း တစ်ရာအောက်မနည်းသော ငွေဒဏ်ချမှတ်ရမည့်အပြင် အမှုနှင့်သက်ဆိုင်သော သက်သေခံပစ္စည်းများကို နိုင်ငံ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရမည်။

၆၃။ မည်သူမဆို ဆိုက်ဘာလုံခြုံရေးဆိုင်ရာဝန်ဆောင်မှုလုပ်ငန်းကို လိုင်စင်သက်တမ်းတိုးခြင်းမရှိဘဲ ဆက်လက်ဆောင်ရွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ကျပ်တစ်ဆယ်သိန်းမှ အများဆုံး ကျပ်သိန်း ငါးဆယ်ထက်မပိုသော ငွေဒဏ်ချမှတ်ရမည်။

၆၄။ နိုင်ငံတော်အတွင်း အသုံးပြုသူဦးရေ တစ်သိန်းနှင့်အထက်ရှိသော ဒစ်ဂျစ်တယ်ပလက်ဖောင်းဝန်ဆောင်မှုလုပ်ငန်း ဆောင်ရွက်သူသည် မှတ်ပုံတင်ခြင်းမရှိဘဲဆောင်ရွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ကျပ်သိန်း တစ်ထောင်အောက် မလျော့သော ငွေဒဏ်ချမှတ်ရမည့်အပြင် အမှုနှင့်သက်ဆိုင်သော သက်သေခံပစ္စည်းများကို နိုင်ငံ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရမည်။

၆၅။ မည်သူမဆို ဒစ်ဂျစ်တယ်ပလက်ဖောင်းဝန်ဆောင်မှုလုပ်ငန်းကို မှတ်ပုံတင်သက်တမ်းတိုးခြင်းမရှိဘဲ ဆက်လက်ဆောင်ရွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ကျပ်သိန်း ငါးရာအောက်မလျော့သော ငွေဒဏ်ချမှတ်ရမည်။

၆၆။ မည်သူမဆို ပုဒ်မ ၃၆ ပုဒ်မခွဲ (က)၊ (ခ)၊ (ဂ) သို့မဟုတ် (ဃ)ပါ ဆိုက်ဘာအလွဲအသုံးပြုခြင်းတစ်မျိုးမျိုးကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ခြောက်လမှ အများဆုံး နှစ်နှစ်ထိ ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်တစ်ဆယ်သိန်းမှ အများဆုံး ကျပ်သိန်း တစ်ရာထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေချမှတ်ရမည်။

၆၇။ မည်သူမဆို ပုဒ်မ ၃၆ ပုဒ်မခွဲ (င) သို့မဟုတ် (စ) ပါ ဆိုက်ဘာအလွဲအသုံးပြုခြင်း တစ်မျိုးမျိုးကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး တစ်နှစ်မှ အများဆုံး သုံးနှစ်ထိ ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်သိန်း ငါးဆယ်မှ အများဆုံး ကျပ်သိန်း နှစ်ရာထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ဒဏ်နှစ်ရပ်လုံးဖြစ်စေချမှတ်ရမည်။

၆၈။ မည်သူမဆို မရိုးမဖြောင့်သောသဘောဖြင့် အောက်ပါပြုလုပ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း သို့မဟုတ် အခြားသူတစ်ဦးဦးကို ပြုလုပ်ရန်ခိုင်းစေကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး တစ်နှစ်မှ အများဆုံး နှစ်နှစ်ထိ ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်သိန်း ငါးဆယ်မှ အများဆုံး ကျပ်သိန်း နှစ်ရာထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေချမှတ်ရမည်–

(က) ဆိုက်ဘာအရင်းအမြစ်ကို ပျက်စီးစေနိုင်သော လုပ်ဆောင်မှုများဆောင်ရွက်ခြင်း သို့မဟုတ် မောလ်ဝဲရ်(Malware) ထည့်သွင်းခြင်း သို့မဟုတ် ဝင်ရောက်စေခြင်း၊

( ခ ) ဆိုက်ဘာအရင်းအမြစ်အား ရယူပိုင်ခွင့်ရှိသူကို ယင်းစနစ်အတွင်းသို့ ဝင်ရောက်နိုင်ခြင်းမရှိစေရန်ပြုလုပ်ခြင်း၊

( ဂ ) ဆိုက်ဘာအရင်းအမြစ်အတွင်းရှိ သတင်းအချက်အလက်ကို ဖျက်ဆီးခြင်း၊ ဖယ်ထုတ်ခြင်း၊ ပြောင်းလဲခြင်း သို့မဟုတ် ယင်း၏အသုံးဝင်မှုကို ယုတ်လျော့စေခြင်း သို့မဟုတ် အကျိုးသက်ရောက်မှုကို ထိခိုက်စေခြင်း၊

(ဃ) ကွန်ပျူတာရှိ ပင်ရင်းကုဒ်သင်္ကေတ(Source Code) များကို ပျက်စီးစေရန်ရည်ရွယ်၍ ခိုးယူခြင်း၊ အသုံးပြုခွင့်မရအောင်ပြုလုပ်ခြင်း၊ ဖျက်ဆီးခြင်း၊ ပြောင်းလဲခြင်း၊

( င ) ဆိုက်ဘာအရင်းအမြစ်ကိုအသုံးပြု၍ လိမ်လည်လှည့်ဖြားခြင်း၊

( စ ) အခြားသူကို ထိခိုက်နစ်နာစေရန် သို့မဟုတ် ဂုဏ်သိက္ခာကျဆင်းစေရန် သတင်းအချက်အလက်ကို အီလက်ထရောနစ်နည်းပညာဖြင့်ပြုလုပ်ခြင်း၊ ပြုပြင်ခြင်း၊ ပြောင်းလဲခြင်း သို့မဟုတ် ထိုသို့ပြုလုပ်ထားသော အချက်အလက်ကို ဖြန့်ဝေခြင်း၊

(ဆ) ကွန်ရက်အား အသုံးပြု၍ မလိုလားအပ်သော သို့မဟုတ် တောင်းဆိုထားခြင်းမရှိသော စာတိုပေးပို့ခြင်း၊ အီးမေးလ်ပေးပို့ခြင်း သို့မဟုတ် အချက်အလက်ပေးပို့ခြင်း။

၆၉။ မည်သူမဆို မရိုးမဖြောင့်သောသဘောဖြင့် ဆိုက်ဘာအရင်းအမြစ်ကို အသုံးပြု၍ အခြားသူ၏အွန်လိုင်းငွေကြေးတစ်ရပ်ရပ်ကို ခိုးယူခြင်း သို့မဟုတ် အကျိုးဖျက်ဆီးခြင်းကို ကျူးလွန်ကြောင်း သို့မဟုတ် အခြားသူတစ်ဦးဦးကိုပြုလုပ်ရန် ခိုင်းစေကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး နှစ်နှစ်မှ အများဆုံး ခုနစ်နှစ်ထိ ထောင်ဒဏ်ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

၇၀။ မည်သူမဆို ဝန်ကြီးဌာန၏ ခွင့်ပြုချက်ကိုရယူခြင်းမရှိဘဲ ဗီပီအန်ကိုထူထောင်ခြင်း သို့မဟုတ် ဗီပီအန်ဝန်ဆောင်မှုပေးခြင်း ပြုလုပ်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် –

(က) ထိုသူကို အနည်းဆုံး တစ်လမှ အများဆုံး ခြောက်လထိ ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ် တစ်ဆယ်သိန်းမှ အများဆုံး ကျပ်သိန်း တစ်ရာထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည့်အပြင် အမှုနှင့်သက်ဆိုင်သော သက်သေခံပစ္စည်းများကို နိုင်ငံ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရမည်။

( ခ ) ပြစ်မှုကျူးလွန်သူသည် ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းဖြစ်ပါက ယင်းကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းကို ကျပ်သိန်း တစ်ရာအောက်မနည်းသော ငွေဒဏ်ချမှတ်ရမည့်အပြင် အမှုနှင့်သက်ဆိုင်သော သက်သေခံပစ္စည်းများကို နိုင်ငံ့ဘဏ္ဍာဖြစ် သိမ်းဆည်းရမည်။

၇၁။ မည်သူမဆို ခွင့်ပြုချက်မရှိဘဲ အွန်လိုင်းလောင်းကစားစနစ် တည်ဆောက်ခြင်းပြုလုပ်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် –

(က) ထိုသူကို အနည်းဆုံး ခြောက်လမှ အများဆုံး တစ်နှစ်ထိ ထောင်ဒဏ်ဖြစ်စေ၊အနည်းဆုံး ကျပ်သိန်း ငါးဆယ်မှ အများဆုံး ကျပ်သိန်း နှစ်ရာထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည့်အပြင် အမှုနှင့်သက်ဆိုင်သောပစ္စည်းများကို နိုင်ငံ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရမည်။

( ခ ) ပြစ်မှုကျူးလွန်သူသည် ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းဖြစ်ပါက ယင်းကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းကို ကျပ်သိန်းနှစ်ရာအောက်မနည်းသော ငွေဒဏ်ချမှတ်ရမည့်အပြင် အမှုနှင့်သက်ဆိုင်သော သက်သေခံပစ္စည်းများကို နိုင်ငံ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရမည်။

၇၂။ မည်သူမဆို အများပြည်သူကြည့်ရှုခြင်းငှာ မသင့်လျော်သော သတင်းအချက်အလက်များကို အီလက်ထရောနစ်နည်းပညာဖြင့် ဖြန့်ချိခြင်း၊ ဖြန့်ဝေခြင်း၊ ပေးပို့ခြင်း၊ ကူးယူစေခြင်း သို့မဟုတ် ရောင်းချခြင်းပြုလုပ်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး တစ်လမှ အများဆုံး ခြောက်လထိ ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်တစ်ဆယ်သိန်းမှ အများဆုံး ကျပ်သိန်းတစ်ရာထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၇၃။ မည်သူမဆို ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် –

(က) ထိုသူကို အနည်းဆုံး တစ်လမှ အများဆုံး သုံးလထိ ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ် တစ်ဆယ်သိန်းမှ အများဆုံး ကျပ်သိန်း တစ်ရာ ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည့်အပြင် အမှုနှင့်သက်ဆိုင်သော သက်သေခံပစ္စည်းများကို နိုင်ငံ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရမည်။

( ခ ) ပြစ်မှုကျူးလွန်သူသည် ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းဖြစ်ပါက ယင်းကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းကို ကျပ်သိန်း တစ်ရာအောက်မနည်းသော ငွေဒဏ်ချမှတ်ရမည့်အပြင် အမှုနှင့် သက်ဆိုင်သော သက်သေခံပစ္စည်းများကို နိုင်ငံ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရမည်။

၇၄။ မည်သူမဆို ဤဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ရန်အားထုတ်လျှင်ဖြစ်စေ၊ ပြစ်မှုကျူးလွန်ရာတွင် ပူးပေါင်းကြံစည်လျှင်ဖြစ်စေ၊ အားပေးကူညီလျှင်ဖြစ်စေ ယင်းပြစ်မှုအတွက် ဤဥပဒေတွင် ပြဋ္ဌာန်းထားသည့် ပြစ်ဒဏ်ကို ချမှတ်ခြင်းခံရမည်။

## အခန်း (၁၆)

## အထွေထွေ

၇၅။ ဤဥပဒေအရ တရားစွဲဆိုတင်ပို့သော ပြစ်မှုတစ်ရပ်ရပ်နှင့် စပ်လျဉ်းသည့် သက်သေခံပစ္စည်းသည် တရားရုံးရှေ့သို့ တင်ပို့ရန်မလွယ်ကူသောပစ္စည်းဖြစ်ပါက ယင်းသက်သေခံပစ္စည်းကို မည်ကဲ့သို့ထိန်းသိမ်းထားကြောင်း စုံစမ်းစစ်ဆေးရေးအဖွဲ့၏ အစီရင်ခံစာနှင့် စာရွက်စာတမ်းအထောက်အထားများဖြင့် သက်ဆိုင်ရာတရားရုံးသို့ တင်ပြနိုင်သည်။ ယင်းသို့တင်ပြခြင်းကို တရားရုံးရှေ့သို့ သက်သေခံပစ္စည်းတင်ပြဘိသကဲ့သို့မှတ်ယူကာ သက်ဆိုင်ရာ တရားရုံးက ဥပဒေနှင့်အညီ စီမံခန့်ခွဲခြင်းပြုနိုင်သည်။

၇၆။ ဤဥပဒေအာဏာမတည်မီက ဖွဲ့စည်းတည်ထောင်ထားသော ဆိုက်ဘာလုံခြုံရေးဆိုင်ရာအဖွဲ့သည် ဤဥပဒေစတင်အာဏာတည်သည့်နေ့မှစ၍ ခြောက်လအတွင်း ခွင့်ပြုချက်ရယူရမည်။

၇၇။ ဦးစီးဌာနသည် ဤဥပဒေအရ ရရန်ရှိသော အခကြေးငွေနှင့် ဒဏ်ကြေးငွေများကို အခွန်မပြေကျန်ငွေဖြစ်ဘိသကဲ့သို့ သတ်မှတ်ချက်များနှင့်အညီ အရကောက်ခံရမည်။

၇၈။ (က) ဤဥပဒေပါ ကိစ္စရပ်များကို နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်ရန်လိုအပ်ပါက ပြစ်မှုဆိုင်ရာကိစ္စရပ်များတွင် နိုင်ငံအချင်းချင်းအကူအညီပေးရေး ဥပဒေနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

( ခ ) ဤဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်သူသည် ပြည်ပတွင်ကျူးလွန်သည့် နိုင်ငံခြားသားဖြစ်ပါက တရားခံလွှဲပြောင်းရေးဥပဒေနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

၇၉။ အရေးကြီး သတင်းအချက်အလက် အခြေခံအဆောက်အအုံစီမံထိန်းသိမ်းရန် တာဝန်ရှိသူသည် နိုင်ငံ့ဝန်ထမ်းဖြစ်ပါက ပုဒ်မ ၁၇ ပုဒ်မခွဲ (က) သို့မဟုတ် (ခ)ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ကြောင်း စစ်ဆေးတွေ့ရှိလျှင် ထိုသူကို နိုင်ငံ့ဝန်ထမ်းဥပဒေနှင့်အညီ အရေးယူရမည်။

၈၀။ နိုင်ငံ့ဝန်ထမ်းမဟုတ်သော ဦးစီးကော်မတီ သို့မဟုတ် လုပ်ငန်းကော်မတီ သို့မဟုတ် စုံစမ်းစစ်ဆေးရေးအဖွဲ့ဝင်တစ်ဦးဦးသည် ဤဥပဒေပါ လုပ်ငန်းတာဝန်များကို ဆောင်ရွက်စဉ်တွင် ယင်းတို့အား ရာဇသတ်ကြီး ပုဒ်မ ၂၁ အရ ပြည်သူ့ဝန်ထမ်းဖြစ်သည်ဟု မှတ်ယူရမည်။

၈၁။ ဤဥပဒေအရ တာဝန်ဝတ္တရားနှင့် လုပ်ငန်းများကို ဆောင်ရွက်ရန် တာဝန်ပေးအပ်ခြင်းခံရ၍ သဘောရိုးဖြင့်ဆောင်ရွက်သော ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းတစ်ရပ်ရပ်ကို တရားစွဲဆိုခြင်းမပြုရ။

၈၂။ ဤဥပဒေအရ တရားစွဲဆိုရာတွင် ဝန်ကြီးဌာန၏ ကြိုတင်ခွင့်ပြုချက်ကို ရယူရမည်။

၈၃။ ဤဥပဒေပါ ပြစ်မှုများကို ဖောက်ဖျက်ကျူးလွန်ပါက ဤဥပဒေအရသာ အရေးယူရမည်။

၈၄။ ပုဒ်မ ၆၀၊ ၆၂၊ ၆၄၊ ၆၆၊ ၆၈၊ ၇၁ နှင့် ၇၂ ပါပြစ်မှုများကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများအဖြစ် သတ်မှတ်သည်။

၈၅။ ဤဥပဒေအရ စီမံခန့်ခွဲရေးဆိုင်ရာအရေးယူခံရခြင်း သို့မဟုတ် ပြစ်မှုကြောင်းအရ တရားစွဲဆိုခံရခြင်းသည် ယင်းကိစ္စရပ်ကြောင့် အများပြည်သူနစ်နာဆုံးရှုံးမှုများ ဖြေရှင်းဆောင်ရွက်ရန် တာဝန်ရှိပါက အရေးယူခံရသူ သို့မဟုတ် ပြစ်မှုကျူးလွန်သူအား ယင်းတာဝန်ရှိမှုမှ ကင်းလွတ်သည်ဟု မှတ်ယူခြင်းမပြုရ။

၈၆။ ဗဟိုကော်မတီ သို့မဟုတ် ဦးစီးကော်မတီသည် –

(က) အများပြည်သူအကျိုးငှာ ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးအား ဤဥပဒေအရ လိုအပ်သောခွင့်ပြုချက်၊ လိုင်စင် သို့မဟုတ် မှတ်ပုံတင်ခြင်းတို့မှလည်းကောင်း၊ အခကြေးငွေများကို ပေးဆောင်ရခြင်းမှလည်းကောင်း ကင်းလွတ်ခွင့်ပြုနိုင်သည်။

( ခ ) နိုင်ငံတော်အရေးပေါ်အခြေအနေနှင့် ဆက်နွှယ်သည့်ကိစ္စရပ်များ၊ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးဆိုင်ရာကိစ္စရပ်များ၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာ ကိစ္စရပ်များနှင့် သက်ဆိုင်ပါက ပြည်ထောင်စုအစိုးရအဖွဲ့၏ ကြိုတင်ခွင့်ပြုချက်ကိုရယူရန်မလိုဘဲ ဤဥပဒေအရ လိုအပ်သောခွင့်ပြုချက် သို့မဟုတ် လိုင်စင်တို့ကိုရယူခြင်းမှလည်းကောင်း၊ အခကြေးငွေများကို ပေးဆောင်ရခြင်းမှ လည်းကောင်း ကင်းလွတ်ခွင့်ပြုနိုင်သည်။

( ဂ ) ပုဒ်မခွဲ (ခ)အရ ကင်းလွတ်ခွင့်ပြုသည့် ကိစ္စရပ်များကို ပြည်ထောင်စုအစိုးရအဖွဲ့သို့ ပြန်လည်တင်ပြရမည်။

၈၇။ ဝန်ကြီးဌာနသည် ဤဥပဒေပါ နည်းပညာဆိုင်ရာစကားရပ်တစ်ခုခု သို့မဟုတ် ဘာသာရပ်ဆိုင်ရာစကားရပ်တစ်ခုခု၏ အဓိပ္ပာယ်ကို ရှင်းလင်းပေးရန်လိုအပ်လျှင် ဗဟိုကော်မတီ၏ သဘောတူညီချက်ဖြင့် အမိန့်ကြော်ငြာစာထုတ်ပြန်၍ ရှင်းလင်းပေးနိုင်သည်။

၈၈။ ဤဥပဒေပါပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် –

(က) ဝန်ကြီးဌာနသည် နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။


( ခ ) ဗဟိုကော်မတီ၊ ဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီများနှင့် ဦးစီးဌာနတို့သည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၁၉ အရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

စစ်ကိုင်းတိုင်းဒေသကြီးမှ တရားမဝင်စက်သုံးဆီများ သယ်ယူပို့ဆောင်မှု လမ်းကြောင်းတည်နေရာပြမြေပုံ



စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့ ကံတလူပူးပေါင်းစစ်ဆေးရေးဂိတ်အနီး၌ ဖမ်းဆီးရမိခဲ့သည့် တရားမဝင်စက်သုံးဆီများ သိုလှောင်ထားရှိသည့် တည်နေရာပြမြေပုံ











စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့ ညောင်ပင်ဇင်ကျေးရွာရှိ တရားမဝင် စက်သုံးဆီများ ဖမ်းဆီးရမိသည့် မှတ်တမ်းဓာတ်ပုံများ။

☆ **ကျောဖုံးမှအဆက်**

ရှောင်ကွင်းလမ်းများ အသုံးပြုကာ နည်းလမ်းမျိုးစုံဖြင့် သယ်ဆောင်ပြီး စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ အချို့သော ကျေးရွာများတွင် ဆီသိုလှောင်ထားရှိရာ နေရာများပြုလုပ်၍ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (မြောက်ပိုင်း) ဒေသများသို့ ပို့ဆောင်ကာ ဈေးနှုန်းအဆမတန်မြှင့်တင်ရောင်းချလျက်ရှိကြောင်း တာဝန်သိပြည်သူများ၏ သတင်းပေးပို့မှုအရ သိရှိရသည်။

စက်သုံးဆီများကို စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ် ညောင်ပင်ဇင်ကျေးရွာ ကံတလူပူးပေါင်းစစ်ဆေးရေးဂိတ်အနီးတွင် ဆီသိုလှောင်ခြံများ ပြုလုပ်၍ သိုလှောင်ရောင်းဝယ်လျက်ရှိကြောင်း သတင်းရရှိသဖြင့် ၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၂၇ ရက် မွန်းလွဲ ၁ နာရီတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များဖြင့် ဝင်ရောက်ဖမ်းဆီးခဲ့ရာ မန္တလေးမြို့နေ ပိုင်ရှင် ဦးသိန်းသန်းဝင်း (တိမ်းရှောင်) ပိုင်ဆိုင်သည့် သိန်းသန်း စက်သုံးဆီခြံ၊ ဆားတောင်မြို့နေ ဒေါ်ထက်ထက်မျိုးဆွေ ၂၆ နှစ် (ဘ) ဦးဇော်မျိုး ဦးစီးလုပ်ကိုင်လျက်ရှိသည့် စက်သုံးဆီခြံ၊ မြင်းမူမြို့နေ ဒေါ်ဇင်မာမြင့် ၂၇ နှစ် (ဘ) ဦးကျော်ဝင်း ဦးစီးလုပ်ကိုင်လျက်ရှိသည့် စက်သုံးဆီခြံ၊ မြစ်ငယ်မြို့နေ မျိုးမင်း(တိမ်းရှောင်)ပိုင်ဆိုင်သည့် စက်သုံးဆီခြံနှင့် Golden Star စားသောက်ဆိုင် အနီးတွင် ရပ်တန့်ထားသည့် တရားမဝင် စက်သုံးဆီရောင်းဝယ်သည့် ယာဉ်များ စသည့် နေရာငါးနေရာမှ **တရားခံ ၁၇ ဦးကို ၂၂ ဘီး ဆီသယ်ယာဉ် လေးစီး၊ ဆီနောက်တွဲယာဉ် တစ်စီး၊ ဘီး ၂၀ ဆီသယ်ယာဉ် သုံးစီး၊ ၁၂ ဘီး ဆီသယ်ယာဉ် တစ်စီး၊ ၁၀ ဘီး ဆီသယ်ယာဉ် သုံးစီး၊ ရှစ်ဘီး ဆီသယ်ယာဉ် တစ်စီး၊ ခြောက်ဘီး ဆီသယ်ယာဉ် သုံးစီး၊ Light Truck ယာဉ် ငါးစီး၊ Toyota Van တစ်စီး စုစုပေါင်းယာဉ် ၂၂ စီး၊ ပရီမီယမ်ဒီဇယ် ၃၀၀၈၃ ဂါလန်၊ အောက်တိန်း 92 ဓာတ်ဆီ ၃၀၄၆၂ ဂါလန် စုစုပေါင်းစက်သုံးဆီမျိုးစုံ ၆၀၅၄၅ ဂါလန်နှင့် တရားမဝင်စက်သုံးဆီများ အရောင်းအဝယ်ပြုလုပ်ရာတွင် အသုံးပြုသည့် ငွေများနှင့်အတူ** ဖော်ထုတ်ဖမ်းဆီးရမိခဲ့သည်။

စိစစ်ဖော်ထုတ်ချက်များအရ တရားမဝင် စက်သုံးဆီရောင်းချသူများသည် စက်သုံးဆီများကို မန္တလေးမြို့မှတစ်ဆင့် ရောဝတီတံတား(ရတနာပုံ)ကိုဖြတ်သန်း၍ စစ်ကိုင်း–ရှိန်းမကား – ကမ်းဖြူ – သစ်စိမ့်ကြီးသို့ စစ်ကိုင်း–ရွှေဘို အမှတ်(၃)ခရိုင်ချင်းဆက်လမ်းမကြီးအတိုင်း သယ်ဆောင်ပြီး ၎င်းမှတစ်ဆင့် KIA အကြမ်းဖက်သောင်းကျန်းသူများ ထိန်းချုပ်လုပ်ကိုင်လျက်ရှိသော ဖားကန့်ဒေသရှိ ကျောက်စိမ်းတူးဖော်ရေးလုပ်ငန်းများ၊ တနိုင်းဒေသရှိ ရွှေနှင့် ပယင်းမှော်လုပ်ငန်းများသို့လည်းကောင်း၊ PDF အကြမ်းဖက်အဖွဲ့များ ထိန်းချုပ်လုပ်ကိုင်လျက်ရှိသော ကောလင်းဒေသရှိတရားမဝင် ရွှေလုပ်ကွက်များနှင့် ချင်းတွင်းမြစ်ကြောင်းတစ်လျှောက်ရှိ တရားမဝင်ရွှေလုပ်ကွက်များ၊ TNLA၊ PDF အကြမ်းဖက်သောင်းကျန်းသူများ ထိန်းချုပ်

စာမျက်နှာ ၂၃ သို့



ဇင်မာမြင့်၊ ၂၇ နှစ်၊ (ဘ)ဦးကျော်ဝင်း



ထက်ထက်မျိုးဆွေ၊ ၂၆ နှစ်၊ (ဘ)ဦးဇော်မျိုး



သန့်ဇင်၊ ၄၄ နှစ်၊ (ဘ)ဦးမြင့်သန်း



အောင်ဝင်းသူ၊ ၂၇ နှစ်၊ (ဘ)ဦးသိန်းသန်းထွန်း



အောင်မင်းကျော်၊ ၃၉ နှစ်၊ (ဘ)ဦးကြီးတင့်



နေသူစိုး၊ ၂၃ နှစ်၊ (ဘ)ဦးစိုးဝင်း



ဖိုးဝ၊ ၄၇ နှစ်၊ (ဘ)ဦးမြင့်အောင်



အောင်ပြည့်စုံ၊ ၄၇ နှစ်၊ (ဘ)ဦးသိန်းဖံ



ရဲတင့်၊ ၃၉ နှစ်၊ (ဘ)ဦးထွန်းမြင့်



သန်းထွေးအောင်၊ ၄၀ နှစ်၊ (ဘ)ဦးကံတင်



မိုးမိုး၊ ၅၄ နှစ်၊ (ဘ)ဦးအောင်ကြည်



ထွန်းလင်းအောင်၊ ၃၁ နှစ်၊ (ဘ)ဦးစိုးဝင်း



ကျော်ဆန်း၊ ၃၉ နှစ်၊ (ဘ) ဦးသန်းရွှေ



နန်းထိုက်အောင်၊ ၃၁ နှစ်၊ (ဘ)ဦးမြညို



နေလင်းဦး၊ ၂၉ နှစ်၊ (ဘ)ဦးညီအေး



စိုးထက်အောင်၊ ၃၁ နှစ်၊ (ဘ)ဦးမောင်မြင့်



ထွန်းထွန်းနိုင်၊ ၃၂ နှစ်၊ (ဘ)ဦးသန်းကြိုင်

ဖမ်းဆီးရမိ တရားခံများ မှတ်တမ်းဓာတ်ပုံ။



ဖမ်းဆီးရမိ စက်သုံးဆီသယ်ဆောင်သည့် မော်တော်ယာဉ်များ မှတ်တမ်းဓာတ်ပုံ။

# မြစ်ကြီးနားမြို့ပေါ်ရှိ သံဃာတော်များအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် ဇန်နဝါရီ ၂**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ပေါ်ရှိ သံဃာတော်များအား ယနေ့နံနက်ပိုင်းတွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က မြစ်ကြီးနားမြို့ရှိ အောင်မြေစံကျောင်းတိုက်အတွင်း၌ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော် ၃၇ ပါးတို့ကို ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အရိုးအကြောရောဂါ၊ အာရုံကြောအားနည်းရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်း၊ ECG စက်ဖြင့် နှလုံးစမ်းသပ်စစ်ဆေးပေးခြင်း၊ ဓာတ်မှန်ရိုက်၍ ရောဂါရှာဖွေပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သည့် သံဃာတော်များကို နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)




သံဃာတော်များကို မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

# မိုင်းပန်မြို့နယ်တွင် ငွေကျပ်သိန်း ၅၄၀၀ ကျော်တန်ဖိုးရှိ ဘိန်းဖြူဘလောက်တုံး ၄၀ ဒသမ ၂ ကီလိုနှင့် စိတ်ကြွရူးသွပ်ဆေးပြား နှစ်သိန်း ဖမ်းဆီးရမိ



ဖမ်းဆီးရမိသူများကို မော်တော်ယာဉ်၊ မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

**နေပြည်တော် ဇန်နဝါရီ ၂**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၂၈ ရက် နံနက် ၁၁ နာရီခွဲက ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းပန်မြို့နယ် တာဆန်းကျေးရွာအနီးတွင် မိုင်းပန်မြို့ဘက်မှ မိုင်းတုံမြို့ဘက်သို့ စိုင်းနွံဟန် (ခ) စိုင်းနွံလျန် မောင်းနှင်ပြီး စိုင်းစံညွန့် လိုက်ပါလာသည့် VIGO မော်တော်ယာဉ်ကို သတင်းအရရှာဖွေရာ ယာဉ်၏ ကြမ်းခင်းအံ့ဝှက်အတွင်း သိုဝှက်သယ်ဆောင်လာသည့်ဒေသကာလတန်ဖိုး ငွေကျပ်သိန်း ၅၄၀၀ ကျော် တန်ဖိုးရှိ ဘိန်းဖြူဘလောက်တုံး ၁၂၀၊ အလေးချိန် ၄၀ ဒသမ ၂ ကီလိုနှင့် စိတ်ကြွရူးသွပ်ဆေးပြား နှစ်သိန်းတို့ကို သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်အရ သိမ်းဆည်းရမိ မူးယစ်ဆေးဝါးများကို နမ့်စန်မြို့နယ်မှ မိုင်းတုံမြို့နယ်သို့ သယ်ဆောင်ရောင်းဝယ်ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းတို့ကို ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများကို ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သတင်းရရှိသည်။ (၅၀၁)

# ငါန်းဇွန်မြို့နှင့် နွားထိုးကြီးမြို့ရှိ ကျေးရွာအချို့ကို လေကြောင်းဖြင့်ပုံးကြဲ တိုက်ခိုက်မှုကြောင့် ပြည်သူ ငါးဦး သေဆုံးပြီး နေအိမ်များပျက်စီးခဲ့သည်ဟု တရားမဝင်ပြည်ဖျက်မီဒီယာများက မဟုတ်မမှန် သတင်းမှားများရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော် ဇန်နဝါရီ ၂**

မန္တလေးတိုင်းဒေသကြီး ငါန်းဇွန် မြို့နယ်နှင့် နွားထိုးကြီးမြို့နယ်ရှိ ကျေးရွာအချို့ကို ဒီဇင်ဘာ ၃၁ ရက်တွင် လေကြောင်းဖြင့် ပုံးကြဲတိုက်ခိုက်မှုကြောင့် ပြည်သူ ငါးဦးသေဆုံးပြီး နေအိမ်များ ပျက်စီးခဲ့သည်ဟု တရားမဝင် ပြည်ဖျက်မီဒီယာများက မဟုတ်မမှန် သတင်းတု၊ သတင်းမှားများ ရေးသားဖြန့်ဝေလျက်ရှိကြောင်း တွေ့ရှိရသည်။

အဆိုပါ သတင်းနှင့်ပတ်သက်၍ သက်ဆိုင်ရာ လုံခြုံရေးတာဝန်ရှိသူများ၏ ပြောကြားချက်အရ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ကြမ်းဖက်သမားများ တရားမဝင် ဝင်ရောက်ခိုအောင်းနေထိုင်မှု မရှိစေရေးနှင့် နယ်မြေအေးချမ်းတည်ငြိမ်မှုရှိစေရေးအတွက် လုံခြုံရေးလုပ်ငန်းများကို နေ့ညမပြတ်ဆောင်ရွက်လျက်ရှိကြောင်း၊ အကြမ်းဖက်သမားများအနေဖြင့် အဆိုပါမြို့နယ်အတွင်း တည်ငြိမ်အေးချမ်းမှု မရှိစေရန်အတွက် လုံခြုံရေးဆောင်ရွက်နေသော လုံခြုံရေးတပ်ဖွဲ့ဝင်များကို ထိခိုက်ဒဏ်ရာရရှိအောင် ဒရုန်းများအသုံးပြု၍ ဗုံးကြဲတိုက်ခိုက်မှုများ ဆောင်ရွက်လျက်ရှိပြီး ပြည်သူများ နေထိုင်ရာ နယ်မြေများအတွင်း တိုက်ပွဲများဖော်ဆောင်ခြင်းနှင့် ရွံ့ရှာစက်ဆုပ်ဖွယ် အဖျက်အမှောင့်လုပ်ငန်းများ လုပ်ဆောင်ခြင်းများကြောင့် နယ်မြေခံပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ဥစ္စာများ ပျက်စီးဆုံးရှုံးရခြင်းဖြစ်ကြောင်း၊ တရားမဝင် အကြမ်းဖက်အားပေးပြည်ဖျက်မီဒီယာများက အကြမ်းဖက်သမားများ၏ဥပဒေမဲ့လုပ်ရပ်များကို ဖုံးကွယ်ရန်နှင့် ပြည်သူများအထင်အမြင်လွဲမှားစေရန် ရည်ရွယ်၍ လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် အပြစ်ပုံချကာ ယခုကဲ့သို့ မဟုတ်မမှန်သတင်းများ ရေးသားဖြန့်ဝေနေခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ (၅၀၁)








ဖမ်းဆီးရမိ စက်သုံးဆီသယ်ဆောင်သည့် မော်တော်ယာဉ်များနှင့် တရားခံများ မှတ်တမ်းဓာတ်ပုံ။

**စာမျက်နှာ ၂၂ မှအဆက်**

လုပ်ကိုင်လျက်ရှိသော စဉ့်ကူးမြို့နယ် သပိတ်ကျင်းဒေသရှိ တရားမဝင် ရွှေလုပ်ကွက်များသို့လည်းကောင်း၊ မိုးကုတ်ဒေသရှိ တရားမဝင် ကျောက်မျက်တူးဖော်ရေး လုပ်ကွက်များသို့လည်းကောင်း အသီးသီး ပို့ဆောင်ရောင်းချလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည်။

အလားတူ စစ်ကိုင်းတိုင်းဒေသကြီး အတွင်းရှိ ဒေသခံပြည်သူများကလည်း စက်သုံးဆီ ဈေးနှုန်းကြီးမြင့်မှုအပေါ် မူတည်၍ တရားဝင်ဖွင့်လှစ်ရောင်းချလျက်ရှိသော စက်သုံးဆီဆိုင်များမှတစ်ဆင့် စက်သုံးဆီများ ဝယ်ယူစုဆောင်းမှုများ ပြုလုပ်ကာ အရေအတွက်များပြားလာပါက တရားမဝင်ဆီသိုလှောင်ခြံများသို့ သွားရောက်ရောင်းချမှုများ ပြုလုပ်ကြသည့်အတွက် တရားမဝင် စက်သုံးဆီရောင်းဝယ်သည့်လုပ်ငန်းများ ပေါ်ပေါက်နေပြီး တရားမဝင်ဈေးကွက်တစ်ခုသဖွယ် ဖြစ်ပေါ်လျက်ရှိသောကြောင့် ပြည်တွင်းဈေးကွက်၌ စက်သုံးဆီဈေးနှုန်းများ မြင့်တက်လာခဲ့ပြီး ဆီဈေးနှုန်းကြီးမြင့်မှုပေါ်မူတည်၍ အခြေခံစားသောက်ကုန်များ၏ ဈေးနှုန်းများလည်း မြင့်တက်နေခြင်းဖြစ်ကြောင်း စိစစ်တွေ့ရှိရသည်။

သို့ဖြစ်၍ တရားမဝင် စက်သုံးဆီများ သိုလှောင်ရောင်းချမှု ပြုလုပ်ခဲ့သည့် **တရားခံ ၁၇ ဦးကို အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေပုဒ်မ ၅ ဖြင့် ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပြီး** ဖမ်းဆီးရမိခဲ့သည့် ယာဉ်များနှင့် စက်သုံးဆီများကို စိစစ်မှုများပြုလုပ်၍ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် မိဘပြည်သူများအနေဖြင့်လည်း ထိုကဲ့သို့ တရားမဝင် စက်သုံးဆီများ သိုလှောင်ရောင်းချမှုပြုလုပ်နေသူများကို သိရှိပါက သက်ဆိုင်ရာ လုံခြုံရေးအဖွဲ့အစည်းများထံသို့ လျှို့ဝှက်စွာ ဆက်သွယ်သတင်းပေးပို့နိုင်ကြောင်း အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။ (၅၀၁)




ဖမ်းဆီးရမိ စက်သုံးဆီသယ်ဆောင်သည့် မော်တော်ယာဉ်များနှင့် တရားခံများ မှတ်တမ်းဓာတ်ပုံ။

ဝတ္ထုတိုကဏ္ဍ

# တံငါအသည်း မာရဲ့သလားဟေ့

မောင်ခြိမ့်



ကောင်းကင်ပေါ်သို့ မော့ကြည့်လိုက်မိသော ခဏမှာပင် စံဝသည် မျက်စိနှစ်လုံးကို အမြန်မှိတ်လိုက်ရသည်။ ဆွမ်းခံပြန်ချိန်ပင် ကျော်ခဲ့ပြီဖြစ်၍ တောက်ပဝင်းလက်နေသော နေလုံးကြီးသည် မိုးသားတိမ်လိပ်တို့ကင်းစင်နေသော ကောင်းကင်ပြာပြာထက်၌ အစွမ်းကုန်မင်းမူနေသည်ဖြစ်ရာ စူးရှလင်းလက်လှသောနေရောင်ကို စံဝ၏ မျက်လုံးများက တုဖက်၍ မကြည့်နိုင်။

အင်္ကျီမပါ ကျောဗလာနှင့် စံဝ၏ ခန္ဓာကိုယ်အထက်ပိုင်းတစ်ခုလုံး မီးကင်ခံရသည့်နှယ် အနေခက်လှ၏။ လူတစ်ရပ်ခန့်၊ လက်ခုပ်တစ်ဖောင်ခန့် ကိုင်းပင်၊ ကျူပင်များကြားကို တိုးဝှေ့ဖြတ်သန်းကာ ရိုးချောင်းထဲဆင်းလာသည်ဖြစ်၍ ကိုင်းရွက်၊ ကျူရွက်တို့ ထိရှထားသဖြင့် မည်းပြာပြာအသားပြင်ထက်တွင် နီရဲရဲအစင်းကြီးများပေါ်နေကာ ချွေးနှင့်ထိလိုက်သောအခါ ဆားပက်ခံရသော ငါးပြေမကဲ့သို့ ထွန့်ထွန့်လူးအောင် စပ်လှပေသည်။

ဦးခေါင်းပေါ်မှာ ရစ်ပတ်ထားသော ပုဆိုးဟောင်းကလေးကလည်း အပူဒဏ်မှကာကွယ်မပေးနိုင်လေ။ နဖူးပေါ်မှ စီးကျလာသော ချွေးကြောင်းကြီးများကို လက်ဖမိုးဖြင့်ပင် ခပ်ကြမ်းကြမ်းသုတ်ပစ်လိုက်သည်။

ထိုအခါ ရွှံ့ရေစပ်စပ်ထဲ တစွတ်စွတ် ဟိုနှိုက်ဒီမွှေလုပ်ထားရသဖြင့် ပေပွနေသော ရွှံ့စက်တို့က မျက်နှာချေလိမ်းသကဲ့သို့ စံဝ၏ မျက်နှာအနှံ့လူးပေနေတော့၏။

အပေါ်သို့မော့၍ မကြည့်နိုင်သောအခါ ရှေ့ဘက်သို့ လှမ်း၍ကြည့်မိ၏။ ဖြူရော်ရော်ရိုးပြတ်ငုတ်တိုတို့ မင်းမူနေကြသော မျက်စိတစ်ဆုံးကွင်းပြင်ကြီးထဲတွင် မြခဲကလေးတွေ ကြဲဖြန့်ချထားသကဲ့သို့ ဟိုမှာတစ်ကွက်၊ သည်မှာ တစ်ပြန့်စိမ်းဖန့်ဖန့် နှမ်းစပါးခင်းကလေးတွေကို လှမ်းမြင်ရသည်။

မြောက်မှတောင်သို့ မျဉ်းဖြောင့်တစ်ကြောင်းဆွဲထားသလို တန်းနေသော ရိုးချောင်းကလေးကလည်း ကမ်းနှစ်ဖက်ရှိ ကျူပင်၊ ကိုင်းပင်၊ ခရာပင်၊ ဝက်လာပင်၊ ပိန်းရိုင်းပင်တွေကြောင့် ကြည့်လိုက်ရသူ မျက်စိအေးစရာဖြစ်နေတော့သည်။

ထိုသို့ ရိုးချောင်းဘေးနှစ်ဖက်၊ လူတစ်ရပ်ကျော်ကျော်မြင့်သော အပင်ငယ်များကြောင့် နံနက်စောစောစွေစောင်းစောင်းနေရောင်ခြည်သည် ရိုးချောင်းကလေးအတွင်းသို့ တိုက်ရိုက်ထိုးမဆင်းနိုင်သော်ငြားလည်း ယခုလို နေလုံးမြင့်တက်လာသော ဆွမ်းခံပြန်အချိန်ခန့်တွင်မူ ရိုးချောင်းကလေးအတွင်း၌ ခိုလှုံစရာအရိပ်အာဝါသဟူ၍ ဘာမျှမရှိတော့။

စံဝသည် ဘာကို မကျေနပ်သည်မဆိုနိုင်၊ တောက်တစ်ချက် ပြင်းပြင်းခေါက်လိုက်ပြီး ရိုးထဲသို့ တံတွေးတစ်ချက် ထွေးပစ်လိုက်သည်။

နံနက်နေမထွက်ခင်ကတည်းက ဝီရိယကောင်းကောင်းနှင့် ရိုးချောင်းကလေးစီးဝင်ရာ ဇုက္ကနိချောင်းဖျားမှစ၍ တရွှေ့ရွှေ့ ဟိုစမ်းသည်နှိုက်ရှာဖွေလာခဲ့ရာ ယခုဆိုလျှင် အရှည်တစ်မိုင်ပျော့ပျော့ခန့်ရှိသော ရိုးချောင်းတစ်ဝက်ကျော်လာခဲ့ပြီ။

မက်လောက်စရာ ငါး၊ ပုစွန် တစ်ကောင်တစ်မြီးမှ မရသေး။ ကိုယ့်ထက်အရင် ဦးသူများက ရှာဖွေဖမ်းယူသွားခဲ့ပြီ။ သူတို့မလိုချင်၍ ဘာမှသုံးမရ၍ ထားရစ်ခဲ့သော ငါးဖျင်းသလက်ပေါက်စလေးများ၊ ငါးခုံးမပေါက်စကလေးများသာ မရှိတော့သလောက်ခန်းခြောက်နေပြီဖြစ်သော ရွှံ့ရေပျစ်ပျစ်ထဲမှာ ဟိုတစ်ကောင်သည်တစ်ကောင် ခုန်ပျံနေကြသည်။ ငါးရံ့လုံး၊ ငါးရံ့၊ ငါးခူ၊ ငါးကျည်း၊ ငါးဖယ်၊ ငါးပတ်စသည့်ငါးများကိုမူ မြင်ချင်၍တောင် မမြင်ရတော့။

"ဗိုး ငါးပိရည်ဖျော်ဖို့တောင် ချန်မထားခဲ့ကြဘူး" ဟုလည်း မကျေမနပ်ရေရွတ်ရင်း ရှေ့သို့ လှမ်းလာခဲ့သည်။ တကယ်တော့ ဘယ်သူ့ကိုမှ အပြစ်ဆိုစရာ မရှိပါ။ အကြံကုန် ဂဠုန်ဆားချက်သည့်သဘောနှင့် ရိုးချောင်းထဲမှာလာပြီး ရေခန်းငါးရှာသူမှန်သမျှ အသုံးဝင် တန်ဖိုးရှိသောငါးများကို ဘယ်မှာလာ၍ ချန်ထားပါမည်နည်း။

တပေါင်းလရောက်ပြီဖြစ်၍ နေပူရှိန်က မြင့်တက်လာပြီ။ နေပူရှိန်မြင့်တက်လာသဖြင့် ရေက ခန်းလာနေပြီ။ သူ့ဘာသာ သဘာဝအတိုင်း အငွေ့ပြန်ခန်းခြောက်ရသည့်အထဲ နွေစပါးစိုက်သူများက သူတို့လယ်ကွက်များထဲသို့ ကူဘိုတာ၊ ယာမာ၊ တရုတ်နီစသည့် ရေတင်စက်များနှင့် စုပ်တင်သွားကြပြန်သဖြင့် ယခုဆိုလျှင် ရိုးချောင်းကလေးအတွင်း ဗျိုင်းတစ်သောက်စာပင် ရေကြည်ရေသန့်မကျန်ချင်လေတော့။

ရွှံ့နှံ့ပျော့ထဲ တစွတ်စွတ်နင်းလျှောက်သွားရင်း ရေများခန်းအောင်စုပ်တင်သွားသော လယ်သမားများကို မဆီမဆိုင်ဒေါသထွက်နေမိပြန်သည်။

"ဒင်းတို့ စုပ်တင်သွားတော ရေတွေခန်းရော၊ ရေတွေခန်းတော့ ဘယ်မှာလာ ငါးရှိတော့မှာလဲ"ဟုလည်း သူ ငါးရှာမရတိုင်း အလကားရသော ဒေါသတွေသာ တွင်တွင်ထွက်နေတော့၏။

ထို့ကြောင့် ဒူးဆစ်အောက်နားထိ နစ်ဝင်နေသော နွံထဲမှာ ရိုးရိုးမလျှောက် ဒေါသကြောင့်ဆောင့်၍ ဆောင့်၍လျှောက်သည်။ စင်ထွက်လာသော ရွှံ့စက်တို့ မျက်စိထဲဝင်တော့မှ ခဏရပ်ရင်း ခေါင်းတွင်ပတ်ထားသည့် ပုဆိုးဟောင်းကလေးကိုဖြုတ်ကာ မျက်နှာကို သုတ်ရသည်။

တစ်ထွာတစ်တောင်ခန့် စိမ်းလန်းရှင်သန်နေသော ကောက်ပင်ပျိုကလေးများကို တိုးတိုက်ကျော်ဖြတ်လာသော ကွင်းလေကလေး တစ်ချက်သုတ်လိုက်သောအခါ "အလို အေးမြလိုက်တဲ့ လေကလေး၊ တန်ဖိုးရှိလိုက်တဲ့ လေကလေးပါလားဟေ့"ဟု ကြွေးကြော်ရင်း ဘေးဘယ်ညာဝေ့ကြည့်သည်။

လေအသော့မှာ နော့ကာနော့ကာ မြူးနေသော နွေစပါးခင်းတွေ မြင်လိုက်ရသောခဏ၌ သူ့ရင်ထဲမှာ အတွေးတစ်မျိုး ဝင်လာပြန်တော့သည်။

သည်စပါးပင်ကလေးတွေဟာ သာမန်အပင် မဟုတ်။ လူ့အသက်သခင် အပင်များပါကလား။ ငါတို့လို လူသားတွေအတွက် မရှိမဖြစ်အပင်များပါကလား၊ သူတို့က သီးပွင့်လာသည့် ဆန်စပါးတွေသာ မစားရပါက ငါတို့ အသက်ရှင်နိုင်မှာ မဟုတ်ပါလားဟုလည်း တွေးမိ၏။

ဟိုး သူတို့ ငယ်ငယ်တုန်းကတော့ ခုလို နွေစပါး စိုက်ပျိုးဖို့မလို၊ မိုးစပါးတစ်ခါတည်း စိုက်ရုံနဲ့ပြီး၏။ အခုတော့ နွေစပါးတွေ ဒါလောက်စိုက်တာတောင် လုံလောက်ရုံသာ ရှိသေး၏။

"အင်း သည်ကနေ့တော့ ဆန်ဖိုးကလေးရမှ ဖြစ်မယ်"ဟု တွေးရင်း စပါးစိုက်သူတွေကို ကျေးဇူးတင်ပြီး ဆက်လျှောက်လေသည်။ တကယ်တော့ စံဝသည် ကွန်သမားသာဖြစ်၏။ နွေနွေ၊ မိုးမိုး၊ ဆောင်းဆောင်း သူ့မှာရှိသော ကွန်ကလေးဖြင့်သာ မြစ်ထဲ၊ ချောင်းထဲ ရှာစားနေသူဖြစ်၏။

ဟိုတစ်နေ့က သူ့ဆယ်တောင်ကွန်ကလေးနှင့် ဇုက္ကနိချောင်းထဲမှာ အေးအေးဆေးဆေးပစ်နေတုန်း ကမ်းစပ်ပေါ်မှ သူ့သူငယ်ချင်း အောင်ရှိန်းက လှမ်းအော်သည်။

"ဟဲ့ကောင် စံဝရဲ့၊ မင်းကလဲ တစ်လံလောက်နက်တဲ့ ချောင်းကလေးထဲပစ်နေလို့ ဘာရမှာတုံးကွ။ ချောင်းဝဝဲဆိုင်နား သွားပစ်စမ်းပါဟ၊ ခုအချိန်ဆို ငါးပုတ်သင်တို့၊ ငါးဖယ်ခုံးကြီးတို့၊ ဆတ်ထုပ်တို့ ရတယ်ဟ။ ဟိုနေ့က ဘကြီးအောင်ညွန့် အစာလုံးကျွေးပြီးသွားပစ်တာ တော်တော်ရတယ်ကွ"

စံဝ တွေဝေသွားသည်။ နွေကာလရေဆုတ်ချိန်မို့ သူတို့ ဇုက္ကနိချောင်းကလေးထဲမှာ ရေနည်းနေပြီ။ သို့ဖြစ်၍ ငါးစင်ရိုင်း၊ ငါးခုံးမ၊ ငါးသင်တုန်း၊ ပုစွန်ဆိတ်ကလေးတွေလောက်သာ ကွန်တစ်ခါပစ်မှ လက်တစ်ဆုပ်သာသာရသည်။ သည်လိုပုံနှင့် ရေတက်ထိပစ်တာတောင် နေ့တွက်ကိုက်မှာမဟုတ်၊ ဝင်ငွေသာမရှိလျှင် နေရမည်၊ ကလေးသုံးယောက်နှင့် သူတို့လင်မယားနှစ်ယောက်၏ ပါးစပ်ပေါက်တွေက မစားဘဲနေကြသည် မဟုတ်ရကား၊ စားစရိတ်အတွက်က ခက်တော့သည်။ ဝမ်းစာစပါး လှောင်စားနိုင်သည့် လူတန်းစားမဟုတ်သဖြင့် နေ့စဉ် ဆန်ဖိုး၊ ဆီဖိုးစတာတွေက လိုသေးသည်။

သို့နှင့် လှေပွဲ့ကိုင် ငကျော်ကို "ချောင်းဝဘက်လှော်ကွာ"ဟု ပြောပြီး လှေဦးတွင်ထိုင်ကာ ကွန်ချေးအိတ်ထဲမှာ လုံးထွေးပါလာသောအမှိုက်များကို ခါချရင်း အောင်ရှိန်းပြောသော ငပုတ်သင်တွေ၊ ပုစွန်ဆတ်ထုပ်ကြီးတွေကို မြင်ယောင်နေမိသည်။

ယခုလို နွေကာလ ငါး၊ ပုစွန် ရှားပါးချိန်တွင် ဘာငါးရရ၊ ဈေးကောင်းသည် မဟုတ်လား။ သို့နှင့်ပင် ချောင်းဝ ဝဲဆိုင်နားတွင် တစ်ချက်နှစ်ချက် စမ်း၍ ပစ်ကြည့်သည်။ မြစ်ထဲပေမို့ ရေကနက်သည်။ တကယ်တော့ အခုလိုမြစ်ထဲတွင် ကွန်ကျဲ ဆယ့်သုံးတောင်၊ ဆယ့်လေးတောင်ကသာ အသုံးဝင်လှသည်။ ဆယ်တောင် ကွန်စိပ်ကလေးနှင့်ဆိုတော့ ငါးပုတ်သင်နှစ်ကောင်၊ သုံးကောင်နှင့် ငါးနုသန်းက သုံးလေးကောင် ပါလာသည်။ "အေးလေ ဘာပဲဖြစ်ဖြစ် ချောင်းထဲထက်တော့ သာတာပဲ "ဟု တွေးရင်း ဆက်၍ပစ်လာလိုက်တာ ဝဲနားရောက်လာ၏။ ပစ်ချလိုက်သောကွန်ကို ဆွဲဖော်လိုက်ချိန်မှာတော့ ကွန်ဖူးကြိုးသာ တင်း၍ပြတ်တော့မည်။ ကွန်ကတော့ ပါမလာ။ အသာချော့ကာ ဆွဲသော်လည်းမရ။

"ဟာ...ဒုက္ခပါပဲ၊ ငြိနေပြီကွ။ တံစူးနဲ့လား ရေအောက် သစ်တုံးကြီးတွေနဲ့လား တစ်ခုခုပဲဟေ့..."

ပြောရင်းနှင့်ပင် ကွန်ဖူးကြိုးကို လှေဦးတုံးတွင် တင်းနေအောင် ချည်သည်။

"ဟေ့ကောင် လှေကို တောင့်ထား၊ ရေစီးမှာမပါစေနဲ့ ငါ ဆင်းငုပ်မယ်"

ငကျော်ကို ပြောပြီး ကွန်သားကို ဆွဲကာဆွဲကာ ရေနက်ထဲ ငုပ်ဆင်းလိုက်သည်။

ကွန်သားက ဆယ်တောင်ဖူးကြိုးက ရှစ်တောင်ခန့်နစ်နေသဖြင့် ရေအနက်က အနည်းဆုံးတစ်ဆယ့်ရှစ်တောင်တော့ရှိပေလိမ့်မည်။ သရွတ်သွတ်မြစ်ပြင်တစ်ကြောရှိ ကမ်းပြိုသစ်ပင်များ၊ တုံးများ၊ သစ်ကိုင်းကြီးများသည် မြစ်ကြမ်းပြင်တွင် လိမ့်၍မျော၍ ပါလာပြီး ယခုလို ဝဲဆိုင်ကလိုင်များတွင် လာ၍ စုပုံနေလေ့ရှိခြင်းကို မသိမဟုတ်၊ သတိမထားမိတာကိုက သူ့အမှားပင် ဖြစ်တော့သည်။

လား လား ရေအောက်တွင် စမ်း၍တွေ့ပြီ။ သစ်ကိုင်းမဟုတ်၊ တံစူးသစ်ငုတ်မဟုတ်၊ သစ်မြစ်ဆုံကြီးမှာမှ ကွန်က အုပ်မိလျက်သား ဖြစ်နေတော့သည်။ အငြိတစ်ချက်နှစ်ချက်ဖြုတ်လိုက် ရေစီးကြောင့် ဖြုတ်ပြီးသားကွန်က ပြန်ငြိသွားလိုက်နှင့် နောက်ဆုံးတော့ ကွန်သားကို ဓားနှင့်ဖြတ်၍ယူရတော့၏။

မြက်မြက်ကလေး စားချင်၍ ဆိုင်းထဲလိုက်ခါမှ နဲ့ကြီးတက်နင်းမိ၍ ငါးကျပ်လျော်ရသည် ဆိုသော စကားက သည်နေရာတွင် ဒက်ထိမှန်နေတော့သည်။

သို့ဖြစ်ရကား ထိုဆယ်တောင်ကွန်ကလေး ပြန်၍မပြင်နိုင်သေးခင် ဟင်းစားလေးရရ၊ ဈေးဖိုးလေးရရဆိုပြီး ရေခန်းငါးဖမ်းရန် အကြံကုန်ဂဠုန်ဆားချက်ကာ ရိုးချောင်းကလေးထဲထွက်လာရခြင်းဖြစ်လေရကား လက်ဗလာနှင့် လှည့်ပြန်၍တော့မဖြစ်ပြီ။

**ဆက်လက်ဖော်ပြပါမည်။**

# ထီးချိုင့်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၉၈၇၉ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ထီးချိုင့် ဇန်နဝါရီ ၂**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ထီးချိုင့်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၉၈၇၉ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ထီးချိုင့်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ထီးချိုင့်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ကေ ၁၁၂၈၀ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလ တတိယပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၉၈၇၉ ကေ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ထီးချိုင့်မြို့နယ်မှာ မြေပဲကေ ၁၂၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ကေ ၉၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ မြေပဲစိုက်ပျိုးမှုအနေနဲ့ လျာထားကေပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်နေပါတယ်။ ဆီထွက်သီးနှံအနေနဲ့ကတော့ အောင်မြင်တဲ့ အနေအထားမှာရှိတယ်။ မြေပဲစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်"ဟု ထီးချိုင့်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုကိုအောင်က ပြောပြသည်။

ထီးချိုင့်မြို့နယ်၌ မြေပဲစိုက်ပျိုးရာတွင် တစ်ကေလျှင် မျိုးတစ်တင်းခွဲ စိုက်ပျိုးရပြီး မျိုးစရိတ်၊ အလုပ်သမားခများနှင့် မြေဩဇာ၊ ပိုးသတ်ဆေးဖိုးများ အပါအဝင် ငွေကျပ် နှစ်သိန်းကျော် ကုန်ကျကြောင်း၊ မြေပဲ တစ်ကေ စိုက်ပျိုးပါက တင်း ၅၀ ကျော် ထွက်ရှိကြောင်း သိရသည်။

မြေပဲသီးနှံများကို အထွက်နှုန်း တိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက နိုင်ငံတွင်း စားသုံးမှုဖူလုံစေရုံမျှမက ပြည်ပသို့ ပို့ကုန်အဖြစ်ပါ တိုးတက်ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း၊ ထုတ်လုပ်မှုနှင့် ဈေးကွက်လိုအပ်ချက်ဖြစ်သော ဝယ်လိုအားမျှတလာပါက ကုန်ဈေးနှုန်းတည်ငြိမ်၍ လူမှုစီးပွားဘဝများလည်း မြင့်မားတိုးတက်လာမည်ဖြစ်သဖြင့် စိုက်ပျိုးသီးနှံများအထွက်နှုန်းတိုးတက်စေရေး ဒေသမရွေးကြိုးပမ်းကြရမည်ဖြစ်ကြောင်း ထီးချိုင့်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုကိုအောင်က ပြောပြ၍ သိရသည်။

(၂၀၆)

# မအူပင်မြို့နယ်တွင် စားတော်ပဲများ အရောင်းအဝယ်ကောင်းမွန်လာ

**မအူပင် ဇန်နဝါရီ ၂**

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် မအူပင်မြို့နယ်တွင် စားတော်ပဲများ အရောင်းအဝယ် ကောင်းမွန်လာကြောင်း မအူပင်မြို့နယ် ပဲမျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်မာမာအေးက ပြောပြသည်။

မအူပင်မြို့နယ်တွင် ဒီဇင်ဘာလ တတိယပတ်မှ စတင်ပြီး ယနေ့ထိ စားတော်ပဲများ အဝယ်လိုက်လာပြီး အရောင်းအဝယ်ကောင်းမွန်လျက်ရှိကြောင်း၊ အဆိုပါ စားတော်ပဲများ တစ်ပတ်လျှင် ၁၆ ပြည်ဝင် အိတ်ရေ ၁၀၀ မှ ၂၅၀ ထိ အရောင်းအဝယ်ဖြစ်လာကြောင်း သိရသည်။

"စားတော်ပဲက အရင်ကထက် တော်တော်လေးအရောင်းအဝယ်ဖြစ်လာပါတယ်။ ပြည်တွင်းစားသုံးမှု အားကောင်းလာတာကြောင့် အခုလို အရောင်းအဝယ်ကောင်းလာတာပါ။ အရောင်းအဝယ်ကောင်းလာတော့ ပဲလုပ်ငန်းနဲ့ ဆက်စပ်တဲ့သူတွေ အလုပ်အကိုင် အခွင့်အလမ်းရရှိလာတာတွေ့ရပါတယ်။ လက်ရှိ ဒေသထွက်ပဲတွေကို ဒေသဈေးကွက်အပြင် ရန်ကုန်ဈေးကွက်ကပါ ဝယ်ယူမှုကောင်းလာတာပါ"ဟု မအူပင်မြို့နယ်မှ ပဲမျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်မာမာအေးက ပြောပြသည်။



မအူပင်မြို့နယ်တွင် စားတော်ပဲများအပါအဝင် အခြားပဲများကို စနစ်တကျသန့်စင်ပြီး ဝယ်ယူသည့်ဒေသများသို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ အဆိုပါဒေသတွင် ဒေသခံများက စားတော်ပဲကို အခြားသီးနှံများနှင့် ယှဉ်တွဲပြီး တစ်ဦးလျှင် တစ်ကေမှ ၁၀ ကေထိ စိုက်ပျိုးကြကြောင်း သိရသည်။

ကျော်ကျော်လင်း

# တောင်တွင်းကြီးမြို့နယ် ပန်းသွင်းလေးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**တောင်တွင်းကြီး ဇန်နဝါရီ ၂**

မကွေးတိုင်းဒေသကြီး မကွေးခရိုင် တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပန်းသွင်းလေးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးခုတ်မွန်းလျန်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ပန်းသွင်းလေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများနှင့် အခြား စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများကိုလည်းကောင်း၊ ချေးငွေစာချုပ်ပါအတိုင်း အမှန်တကယ်လုပ်ငန်းဆောင်ရွက်မှု ရှိ၊ မရှိကိုလည်းကောင်း၊ စာရင်းဇယားများ ဆောင်ရွက်ထားရှိမှု အခြေအနေများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

အဆိုပါကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး ယခုအခါ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၄၅ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၇၂ ဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ လေးဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၂၁ ဦးတို့ကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၄၄၇ သိန်း ထုတ်ချေးပေးထားကြောင်း မြို့နယ်ဦးစီးမှူး ဦးခုတ်မွန်းလျန်ထံမှ သိရသည်။

နွံ့ယဉ်

## လမြတ်ပြာသို

\- ပြာသိုကွဲ့ ပြာသို
မြန်မာလို ခေါ်တွင်မြဲ၊
ရက်ကယ်စုံ သုံးဆယ်ပြည့်
မမေ့မှတ်စွဲ။

\- ပြာသိုကွဲ့ ပြာသို
ရာသီဆို မကရ၊
ပုစ္ဆန်တာရာ ငွေကြယ်မင်း
ထွန်းလင်းသည့်လ။

\- ပြာသိုကွဲ့ ပြာသို
ခွာညိုတွေ ပွင့်သည့်ဆောင်း၊
စန်းယှဉ်ရာ နက္ခတ်က
ဖုသျှမည်ကြောင်း။

\- ပြာသိုကွဲ့ ပြာသို
ရိုးရာကို မြတ်နိုးရေး၊
မြင်းခင်းသဘင် ပျော်ရွှင်ပွဲ
ဆင်နွှဲတယ်လေး။

\- ပြာသိုကွဲ့ ပြာသို
သည်ချိန်ဆို ပူဇော်တတ်၊
ရှင်တစ်ထောင် အခါတော်နေ့
လပြည့်နေ့မှတ်။

\- ပြာသိုကွဲ့ ပြာသို
မွေးမေကို ဦးခိုက်၍၊
လပြည့်တွင် သတ်မှတ်ထား
အမေများနေ့။

\- ပြာသိုကွဲ့ ပြာသို
နှင်းစိုစို လယ်မြေတွင်၊
ဆောင်းသီးနှံ အထွက်တိုးအောင်
(တောင်သူတွေ)
ကြိုးစားစိုက်နှင်း။

\- ပြာသိုကွဲ့ ပြာသို
သဒ္ဒါပို ပြည်တစ်ဝန်း၊
မြန်မာတွေ မြတ်ကောင်းမှုကို
ပေါင်းစုလှူဒါန်း။ ။

မောင်နွေဦး(လယ်ဝေး)

## ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

- **Home Stay** နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထား ဆောင်ရွက်ပါ။
- မကြာခဏ ထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်း စသည်တို့ကို **Alcohol** ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

# နိုင်ငံတော်ကာကွယ်ရေးနှင့် လူငယ်များ

**အာကာမောင်မောင်**

လူသားတိုင်းအနေဖြင့် မိမိတို့နေထိုင်ရာ ဒေသတွင် စိတ်ချမ်းသာကိုယ်ကျန်းမာနှင့် ပျော်ရွှင်စွာ နေထိုင်လိုကြသည်။ ထိုသို့ ပျော်ရွှင်စွာနေထိုင်နိုင်ရေးကို အဆိုပါဒေသတွင် နေထိုင်သူများကပင် ဖန်တီးကြရမည်ဖြစ်သည်။ စည်းလုံးညီညွတ်မှု၊ မိမိတတ်နိုင်သည့်ဘက်မှ ပါဝင်ဆောင်ရွက်မှု၊ တက်ညီလက်ညီဖြင့် အများကောင်းကျိုးသယ်ပိုးမှုဟူသော စိတ်ဓာတ်များ ရှိကြမည်ဖြစ်သည်။ အထူးသဖြင့် အခြားဒေသမှ ဝင်ရောက်လာနိုင်သည့် အနှောင့်အယှက်အဖျက်သမားများဝင်ရောက်လာခြင်း မရှိအောင် ဝိုင်းဝန်းကာကွယ်မည်ဟူသော အသိစိတ်ဓာတ်မျိုးရှိနေကြရမည်ဖြစ်သည်။ သို့မှသာ မိမိတို့ ဖြစ်ချင်သည့်ဆန္ဒများ ပြည့်ဝလာမည်ဖြစ်သည်။

မိမိတို့ နေထိုင်သည့်ဒေသမှသည် နိုင်ငံတော်အဆင့်ထိ ကာကွယ်ရေးတာဝန်ကို တက်ညီလက်ညီ ထမ်းဆောင်မည့်သူများရှိမှသာ တည်ငြိမ်အေးချမ်းမှုရှိနေမည်ဖြစ်သည်။ ပြည်ပမှ ဝင်ရောက်လာနိုင်သည့် အန္တရာယ်များ၊ ပြည်တွင်းမှ ပေါ်ပေါက်လာနိုင်သည့် အန္တရာယ်များကို စုပေါင်းညီညွတ်သည့် အင်အား၊ စွမ်းအားဖြင့် ကာကွယ်ကြမှသာ ပြည်သူများ စိတ်ချမ်းသာ၊ ကိုယ်ကျန်းမာနှင့် နေထိုင်နိုင်ကြမည်ဖြစ်သည်။ နိုင်ငံတော်ကာကွယ်ရေးတာဝန်မှာ နိုင်ငံသားအားလုံး၏ မွေးရာပါတာဝန်ဖြစ်သည်ဟူသော စကားမှာ သားစဉ်မြေးဆက်တိုင် စွဲကိုင်ထားရမည့်အမှန်တရားဖြစ်သည်။ ကမ္ဘာပေါ်ရှိ နိုင်ငံတိုင်းမှာလည်း နိုင်ငံတော်ကာကွယ်ရေးတာဝန်သည် နိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်ဟူသော ခံယူချက်ကို လက်ခံကျင့်သုံးလျက်ရှိသည်။ ဤသို့ကျင့်သုံးခြင်းမရှိပါက နိုင်ငံတိုင်း၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာမှာ သူတစ်ပါးလက်အောက်သို့ ကျရောက်သွားပေလိမ့်မည်။

ကမ္ဘာ့နိုင်ငံအများအပြားတွင် မိမိနိုင်ငံကို ကာကွယ်နိုင်ရန်အတွက် လူငယ်တိုင်း စစ်ပညာတတ်ကျွမ်းရေးနှင့် စစ်မှုထမ်းဆောင်နိုင်ရေးကို မဖြစ်မနေလုပ်ဆောင်လာနေကြသည်။ သတ်မှတ်ထားသည့် အသက်အရွယ်၊ အရည်အချင်းနှင့် ကိုက်ညီသည့် နိုင်ငံသားတိုင်း အနည်းဆုံး နှစ်နှစ်တန်သည်၊ သုံးနှစ်တန်သည် စစ်မှုထမ်းဆောင်ကြရသည်။ စစ်မှုထမ်းဆောင်ခြင်းကိုလည်း ဂုဏ်ယူဖွယ်ကောင်းကြောင်း၊ အများပြည်သူများကလည်း လေးစားဂုဏ်ယူကြောင်းများကို ၎င်းတို့၏ ရုပ်ရှင်ဇာတ်လမ်းများတွင် တခမ်းတနားဖော်ပြနေကြသည်။

မြန်မာနိုင်ငံတွင်လည်း ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁၀ ရက်မှ စတင်ကာ ပြည်သူ့စစ်မှုထမ်းဥပဒေကို စတင်ကျင့်သုံးခဲ့သည်။ လူငယ်များကို ပြည်သူ့စစ်မှုထမ်းအဖြစ်သို့ ရောက်ရှိအောင် လေ့ကျင့်ရေးသင်တန်းများကို ဖွင့်လှစ်ကာ သင်ကြားပေးလျက်ရှိသည်။ တိုင်းစစ်ဌာနချုပ်အသီးသီးရှိ သင်တန်းကျောင်းများတွင် တပျော်တပါး စစ်ပညာများ သင်ယူကြသည်။ အဆိုပါသင်တန်းသားများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများနှင့် ပြည်နယ်နှင့်တိုင်းဒေသကြီးဝန်ကြီးချုပ်များကိုယ်တိုင်က ရင်းနှီးနွေးထွေးစွာအားပေးကြသည်။ ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ကြသည်။ နိုင်ငံတော်တာဝန်ကို ကျေပွန်စွာထမ်းဆောင်မည့် နိုင်ငံ့သားကောင်းများအဖြစ် အသိအမှတ်ပြုကြသည်။

နိုင်ငံသားတိုင်း အရွယ်ရောက်သူမှန်သမျှ စစ်ပညာသင်ကြားခြင်း၊ စစ်မှုထမ်းခြင်းဖြင့် နိုင်ငံတော်၏တာဝန်ကို ကျေပွန်စွာ ဆောင်ရွက်ကြရမည်ဖြစ်သည်။ တာဝန်ကျေပွန်သည့် နိုင်ငံသားများရှိနေသည့် နိုင်ငံသည် သာယာချမ်းမြေ့ပျော်ရွှင်ဖွယ်ကောင်းသည့် နိုင်ငံဖြစ်နေပေလိမ့်မည်။ နိုင်ငံသားတိုင်းတွင် မိမိနိုင်ငံနှင့် လူမျိုးကို ချစ်မြတ်နိုးစိတ်ရှိနေသမျှ ထိုနိုင်ငံသည် ကမ္ဘာပေါ်တွင် ခိုင်ခိုင်မာမာရပ်တည်နေနိုင်မည်ဖြစ်သည်။

မျိုးချစ်စိတ်ရှိသည့် နိုင်ငံသားတိုင်းသည် မိမိနိုင်ငံ၊ မိမိလူမျိုးကောင်းကျိုးအတွက် စွန့်လွှတ်စွန့်စားတာဝန်ထမ်းဆောင်ရန် ဝန်မလေးတတ်ကြပေ။

**❖မြန်မာနိုင်ငံကဲ့သို့ ပထဝီဝင်အနေအထားအရ အချက်အချာကျသည့် နိုင်ငံမျိုးတွင် ပြည်သူ့စစ်မှုထမ်းဥပဒေမှာ ရာခိုင်နှုန်းပြည့်ရှိထားသင့်သည့် ဥပဒေဖြစ်သည်။ စစ်မှုထမ်းရမည်ကို ကြောက်ရွံ့နေသူသည် နိုင်ငံတော်အပေါ်တွင် သစ္စာမဲ့သူဖြစ်သည်။ မိမိနိုင်ငံကိုမှ မချစ်တတ်သူသည် ဘာကိုမျှ ချစ်တတ်မည်မဟုတ်ပေ။ လူငယ်မှန်လျှင် မိမိနိုင်ငံကို ချစ်ရမည်။ ဤသို့သော အသိအမြင်များဖြင့် နိုင်ငံတော်ကာကွယ်ရေးကို လုပ်ဆောင်နေကြရမည်ဖြစ်သည်။ ❖**

မျိုးချစ်စိတ်ဟူသည်မှာ မိမိအမျိုးအတွင်း၌ ကောင်းစားတိုးတက်အောင်၊ ကမ္ဘာနှင့် ရင်ပေါင်တန်းနိုင်အောင် ကြိုးစားလိုစိတ်၊ ဖြစ်လို မြင်လိုစိတ်ဖြစ်သည်။ သူတစ်ပါးက ရန်စကျူးကျော်လာလျှင်လည်း အသက်ကိုပင် စွန့်လွှတ်၍ ခုခံကာကွယ်တားဆီးလိုသော ဆန္ဒဖြစ်ပေါ်ခြင်းသည် မျိုးချစ်စိတ်၊ နိုင်ငံချစ်စိတ်ဖြစ်သည်။ လူငယ်မောင်မယ်များကို ငယ်ရွယ်စဉ်ကတည်းက နိုင်ငံချစ်စိတ် ထက်သန်အောင် အသိတရားသွင်းခြင်း၊ လေ့ကျင့်ပျိုးထောင်ခြင်းများ ပြုလုပ်ရမည်ဖြစ်သည်။ ယခုအခါ ကျောင်းများတွင် ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ပေးလျက်ရှိသည်မှာ မှန်ကန်သော ဆောင်ရွက်ချက်ဖြစ်သည်။

သို့မှသာ လူငယ်များအရွယ်ရောက်လာသည့်အခါ နိုင်ငံတော်ကာကွယ်ရေးတာဝန်ကို လိုလိုလားလား တက်ကြွစွာ ထမ်းဆောင်လိုစိတ်များရှိနေမည်ဖြစ်သည်။ ထိုအခါ လက်ရှိကျင့်သုံးလျက်ရှိသော ပြည်သူ့စစ်မှုထမ်းဥပဒေအရသာမက မိမိတို့၏ ကိုယ်ပိုင်ဆန္ဒအရ မိမိတို့နိုင်ငံ၊ မိမိတို့ပြည်သူများကို ကာကွယ်စောင့်ရှောက်လိုသူများ အဆင်သင့်ရှိနေမည်ဖြစ်သည်။ နိုင်ငံတော်ကာကွယ်ရေးတာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ပြီးမြောက်သူတိုင်းကို အများပြည်သူအတွက် ဂုဏ်ယူဖွယ်၊ ချစ်ခင်လေးစားဖွယ်ကောင်းသည့် မောင်မယ်များအဖြစ် သတ်မှတ်လာကြမည်ဖြစ်သည်။

ကိုလိုနီခေတ်သူ့ကျွန်ဘဝတွင် သခင်လူငယ်များသည် မိမိနိုင်ငံလွတ်လပ်ရေးအတွက် အသက်ကိုပဓာနမထားဘဲ စွန့်လွှတ်စွန့်စားစွာ တိုက်ပွဲဝင်ခဲ့ကြ၍ မြန်မာနိုင်ငံသည် လွတ်လပ်သောနိုင်ငံအဖြစ် ကမ္ဘာ့အလယ်တွင် ထည်ဝါခံ့ညားစွာ ရပ်တည်နေနိုင်ခြင်းဖြစ်သည်။ အကယ်၍ ထိုခေတ် ထိုအခါက လူငယ်များအနေဖြင့် သူရဲဘောကြောင်သူများ များပြားစွာရှိနေခဲ့သော် လွတ်လပ်ရေးပန်းတိုင်ဆိုသည်မှာ ဝေးနေပေလိမ့်မည်။ သူရဲကောင်းများထွန်းကားခဲ့၍ မြန်မာတို့ လွတ်လပ်ရေးရခဲ့သည်။ ရရှိထားသော လွတ်လပ်ရေးကို တည်တံ့ခိုင်မြဲအောင် မြန်မာလူငယ်သူရဲကောင်းတို့က ဆက်လက်ထိန်းသိမ်းကာကွယ်စောင့်ရှောက်ကြရမည်မှာ သမိုင်းပေးတာဝန်ဖြစ်သည်။

မြန်မာနိုင်ငံတွင် ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းလိုက်ခြင်းမှာ ဘိုးဘွားအမွေအနှစ်ကို မျိုးဆက်သစ်အဆက်ဆက်တို့က ထိန်းသိမ်းကာကွယ်စောင့်ရှောက်ကြရန် အဓိကဖြစ်သည်။ လူငယ်မျိုးဆက်တိုင်းက နိုင်ငံတော်ကာကွယ်ရေးတာဝန်ကို ကြည်ဖြူကျေနပ်စွာ ပါဝင်ထမ်းဆောင်နေသမျှကာလပတ်လုံး မြန်မာနိုင်ငံသည် ကမ္ဘာ့အလယ်တွင် ခိုင်ခိုင်မာမာရပ်တည်နေမည်ဖြစ်သည်။ လူငယ်ဆိုသည်မှာ ရဲရင့်သည်၊ တက်ကြွသည်၊ မခံချင်စိတ်ရှိသည်၊ မတရားသည်ကို ခေါင်းငုံ့မခံတတ်သည့်စိတ်ရှိသည်။ ငါ့နိုင်ငံနှင့် ငါ့ပြည်သူကို ရန်ရှာလာလျှင် ခေါင်းငုံ့မခံဘဲ တုံ့ပြန်တတ်ကြသည်။ ဤသည်မှာ ကောင်းသော စိတ်ဓာတ်ဖြစ်သည်။

မျိုးချစ်စိတ်ရှိသည့် နိုင်ငံသားတိုင်း၊ နိုင်ငံချစ်စိတ်ရှိသည့် နိုင်ငံသားတိုင်း စစ်မှုထမ်းကြသည်မှာ ပကတိအမှန်တရားဖြစ်သည်။ မြန်မာနိုင်ငံတွင် ရှိသေခံ့ညားလောက်သည့် ကာကွယ်ရေးစွမ်းအားရှိနေရမည်။ နိုင်ငံတော်ကြီးဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကလိုအပ်သည့် တည်ငြိမ်အေးချမ်းမှုကို နိုင်ငံသားအားလုံးပါဝင်တည်ဆောက်ကြရမည်။

နိုင်ငံတိုင်းတွင် မိမိနိုင်ငံကာကွယ်ရေးအတွက် ကာကွယ်ရေးအင်အားကို တောင့်တင်းခိုင်မာအောင် လုပ်ဆောင်နေကြသည်။ ပြည်သူ့စစ်မှုထမ်းဥပဒေကဲ့သို့ ဥပဒေမျိုးကို နိုင်ငံအားလုံးနီးပါးမှာ ရှိထားသည်။ ဖွံ့ဖြိုးပြီးနိုင်ငံများတွင်ပင် အရွယ်ရောက်သူမှန်သမျှ စစ်မှုမထမ်းမနေရ ပြည်သူ့စစ်မှုထမ်းဥပဒေကို ပြန်လည်အကောင်အထည်ဖော်ရန် ဆောင်ရွက်နေကြပြီဖြစ်သည်။ မြန်မာနိုင်ငံကဲ့သို့ ပထဝီဝင်အနေအထားအရ အချက်အချာကျသည့် နိုင်ငံမျိုးတွင် ပြည်သူ့စစ်မှုထမ်းဥပဒေမှာ ရာခိုင်နှုန်းပြည့်ရှိထားသင့်သည့် ဥပဒေဖြစ်သည်။ စစ်မှုထမ်းရမည်ကို ကြောက်ရွံ့နေသူသည် နိုင်ငံတော်အပေါ်တွင် သစ္စာမဲ့သူဖြစ်သည်။ မိမိနိုင်ငံကိုမှ မချစ်တတ်သူသည် ဘာကိုမျှ ချစ်တတ်မည်မဟုတ်ပေ။ လူငယ်မှန်လျှင် မိမိနိုင်ငံကို ချစ်ရမည်။ ဤသို့သော အသိအမြင်များဖြင့် နိုင်ငံတော်ကာကွယ်ရေးကို လုပ်ဆောင်နေကြရမည်ဖြစ်သည်။ အစိုးရတစ်ရပ်သက်တမ်းမှာ ကြာရှည်လှသည် မဟုတ်ဘဲ အပြောင်းအလဲရှိနေမည်ဖြစ်သော်လည်း မြန်မာနိုင်ငံသည်ကား ကမ္ဘာတည်သရွေ့ တည်နေမည်ဖြစ်သည်။

သမိုင်းကြောင်းကို အမှန်အတိုင်းမြင်အောင် လေ့လာကြည့်မည်ဆိုလျှင် တပ်မတော်ဟူသော အဖွဲ့အစည်းတစ်ရပ် စတင်ပေါ်ပေါက်လာသည်မှာ ဗမာလူမျိုးတစ်မျိုးတည်း တာဝန်ထမ်းဆောင်ခြင်း မဟုတ်ပေ။ တိုင်းရင်းသားလူမျိုးပေါင်းစုံပါဝင်သည်။ ထို့အတူ ပြည်နယ်များတွင်လည်း လူမျိုးစုအကြီးအကဲများကိုသာ ဦးဆောင်စေခြင်းဖြစ်သည်။ ထို့ကြောင့် ပြည်ထောင်စုတပ်မတော်ဟုသာ သတ်မှတ်ထားသည်။ ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း စသည့် တိုင်းရင်းသားပေါင်းစုံသည် တပ်မတော်သို့ ဝင်ရောက်ကာ နိုင်ငံတော်ကာကွယ်ရေးတာဝန်ကို ဂုဏ်သိက္ခာရှိစွာ ထမ်းဆောင်လျက်ရှိသည်မှာ ဗမာ့လွတ်လပ်ရေးတပ်မတော်(ဘီအိုင်အေ) မှ ယနေ့အချိန်ကာလထိ ဖြစ်သည်။

တပ်မတော်သည် မြန်မာ့နိုင်ငံရေးသမိုင်းတွင် မျိုးချစ်စိတ်ရှိသည်။ စည်းကမ်းကောင်းသည်။ နိုင်ငံတော်အပေါ် သစ္စာရှိသည်။ စည်းလုံးညီညွတ်သည်။ စွမ်းရည်ရှိသည်။ စွန့်လွှတ်စွန့်စားသည်။ တစ်ဦးချင်း ကိုယ့်ကျိုးကို ပဓာနမထားပါ။ စိတ်ဓာတ်မြင့်မြတ်သည်။ အခက်အခဲကို ရင်ဆိုင်ကျော်လွှားနိုင်သည့် ရဲစွမ်းသတ္တိရှိသည်။ အပင်ပန်း အဆင်းရဲခံနိုင်သည်။ ဇွဲ၊ လုံ့လ၊ ဝီရိယရှိသည်။ ဒို့တာဝန်အရေးသုံးပါးကို အမြဲတမ်းဦးထိပ်ပန်ဆင်ထားသည်။ ထိုသို့သော အစဉ်အလာကောင်းများရှိနေသည့်အတွက် နိုင်ငံတော်၏ အမျိုးသားနိုင်ငံရေးတွင် မားမားမတ်မတ်ရပ်တည်နိုင်ခြင်းဖြစ်သည်။

အတွေးအခေါ်၊ အယူအဆ မှန်ကန်စွာဖြင့် ဘက်မလိုက်တမ်းကြည့်မည်ဆိုလျှင် တပ်မတော်၏ ဆောင်ရွက်မှုများမှာ တိုင်းပြည်နှင့် လူမျိုးကောင်းကျိုးကို ရဲရဲဝံ့ဝံ့ဆောင်ရွက်ခဲ့ကြောင်း သိနိုင်သည်။ အထူးသဖြင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ပတ်သက်လာလျှင် ငြိမ်းချမ်းရေးတံခါးကို အမြဲဖွင့်ထားသည်မှာ တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို မပြိုကွဲစေချင်၍ ဖြစ်သည်။ တပ်မတော်အနေဖြင့် ခေတ်ကာလတစ်လျှောက်လုံးတွင် "ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး" ဟူသော ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ပန်ဆင်ကာ ဆောင်ရွက်လျက်ရှိသည်။ ဤသည်မှာ အမျိုးသားနိုင်ငံရေးလည်းဖြစ်သလို အမျိုးသားရေးမူဝါဒလည်းဖြစ်သည်။

အဆိုပါဒို့တာဝန်အရေးသုံးပါးတွင် အရေးတစ်ပါးချို့ယွင်းလျှင် မိမိတို့နိုင်ငံ၏ လွတ်လပ်ရေးသည်လည်း ဆုံးရှုံးခြင်းလမ်းကြောင်းဆီသို့ ဦးတည်သွားနိုင်သည်။ ဒို့တာဝန်အရေးသုံးပါးသည် အမျိုးသားရေးမူဝါဒဆိုသည့်အတိုင်း အမျိုးသားရေးမူဝါဒကို ထိန်းသိမ်းရမည်မှာ နိုင်ငံအတွင်း မှီတင်းနေထိုင်သူအားလုံး၏ တာဝန်အစစ်အမှန်ဖြစ်သည်။ ပြည်သူ့စစ်မှုထမ်းဥပဒေထုတ်ပြန်ခြင်းမှာလည်း ဒို့တာဝန်အရေးသုံးပါးကို စောင့်ထိန်းရန် တာဝန်ရှိသဖြင့် ၎င်းတာဝန်ကို ထမ်းဆောင်နိုင်ရေးအလို့ငှာ စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းဆောင်နိုင်ရန် ပြဋ္ဌာန်းထားခြင်းဖြစ်သည်။ ယခုအခါ ပြည်သူ့စစ်မှုထမ်းသင်တန်းများကို စဉ်ဆက်မပြတ်ဖွင့်လှစ်ပေးလျက်ရှိပြီး သင်တန်းဆင်းတပ်မတော်သားများအနေဖြင့် နေရာဒေသအသီးသီးတွင် အထက်က ပေးအပ်လာသည့် တာဝန်များကို ကျေပွန်စွာ ထမ်းဆောင်နေကြပြီဖြစ်ပေရာ ပြည်သူ့စစ်မှုထမ်းအားလုံးအတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း ရေးသားလိုက်ရပါသည်။

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

သတင်းထုတ်ပြန်ချက်

## အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်ခြင်း

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ရက် နောက်ပိုင်းကစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကို ထောက်ခံသူအစွန်းရောက်များ၊ မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDM လှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သော ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAO များ တည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့် ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့ အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့်ရင်ဆိုင်နေရသဖြင့် မိမိတို့နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့် ဆန္ဒများဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

၃။ **ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့ကို အုပ်စုဖွဲ့ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့

**ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့်ပြည်သူအချို့ကို အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကိုဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာ ကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာတစ်မျိုးမျိုးဖြင့်ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏နေရပ်များသို့ ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရ ဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင်စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာသံရုံး၊စစ်သံရုံး၊ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

သတင်းထုတ်ပြန်ရေးအဖွဲ့

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

# မင်းကင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော စပါး ၂၃၉၃၇ ကေထိ ရိတ်သိမ်းပြီးစီးပြီဖြစ်



**မင်းကင်း ဇန်နဝါရီ ၂**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် မင်းကင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော စပါး ၂၃၉၃၇ ကေထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း မင်းကင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မင်းကင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၃၁၇၁၄ ဧကထိ စိုက်ပျိုးနိုင်ခဲ့ပြီး အဆိုပါစိုက်ပျိုးထားသော စပါးစိုက်ခင်းများကို ယခုနှစ် အောက်တိုဘာလမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့ထိ ၂၃၉၃၇ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၈၈ ဒသမ ၀၅ တင်း ထွက်ရှိကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ မင်းကင်းမြို့နယ်မှာ စပါး ဧက ၃၁၀၀၀ ကျော် စိုက်ပျိုးထားပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ စပါးစိုက်ခင်းတွေကို လက်ရှိ ရိတ်သိမ်းနေပါတယ်။ ဒီနေ့ထိ ဧက ၂၃၀၀၀ ကျော် ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ စပါးစိုက်ပျိုးရာမှာ လိုအပ်တဲ့ နည်းပညာ၊ မျိုးတွေနဲ့ မိုးစပါးတွေ အချိန်မီ စိုက်ပျိုးနိုင်ဖို့ ကွင်းဆင်းဆောင်ရွက်ပေးခဲ့ပါတယ် " ဟု မင်းကင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဟေမာန်ကျော်ဝင်းက ပြောပြသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါးများ အခက်အခဲမရှိ စနစ်တကျစိုက်ပျိုးနိုင်ရေးအတွက် သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် ဒေသခံတောင်သူများ ပူးပေါင်းဆောင်ရွက်ခဲ့ကြကြောင်း၊ မိုးစပါးစိုက်တောင်သူများကို စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးခြင်း၊ ပိုးမွှားကျရောက်မှု ကာကွယ်ရေး အသိပညာပေးခြင်း၊ သီးနှံများ ပျက်စီးဆုံးရှုံးမှုမရှိရေး၊ ရိတ်သိမ်းပြီး စပါးများ အမိုးအကာအောက် အချိန်မီရောက်ရှိရေး အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မင်းကင်းမြို့နယ်တွင် စပါးစိုက်တောင်သူများကို တစ်ဧကပန်းတိုင် အထွက်နှုန်းရရှိအောင် စိုက်ပျိုးနိုင်မည်ဆိုပါက နိုင်ငံအတွင်း စားသုံးမှုဖူလုံစေရုံမျှမက ပြည်ပပို့ကုန်အဖြစ်ပါ တိုးတက်ထုတ်လုပ်နိုင်မည် ဖြစ်ကြောင်း၊ ထုတ်လုပ်မှုနှင့် ဝယ်လိုအားမျှတလာပါက ကုန်ဈေးနှုန်းတည်ငြိမ်၍ လူမှုစီးပွားဘဝများလည်း တိုးတက်လာမည်ဖြစ်သဖြင့် စိုက်ပျိုးသီးနှံများ အထွက်နှုန်းတိုးတက်စေရေး ကြိုးပမ်းရမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်ဟေမာန်ကျော်ဝင်းက ပြောပြ၍ သိရသည်။ (၂၀၆)

# ညောင်ရွှေမြို့နယ် လွယ်ငြိမ့်ကျေးရွာ၌ ရေရရှိရေးလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

**ညောင်ရွှေ ဇန်နဝါရီ ၂**

ရှမ်းပြည်နယ် (တောင်ပိုင်း) ကလောခရိုင် ညောင်ရွှေမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ယခုဘဏ္ဍာနှစ်တွင် တောင်ပို့ကြီးကျေးရွာအုပ်စု လွယ်ငြိမ့်ကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း (VDP)ရန်ပုံငွေဖြင့် ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ညောင်ရွှေမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ယုယုနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာရေရရှိရေးကော်မတီဝင်များနှင့်အတူ လွယ်ငြိမ့်ကျေးရွာ၌ ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာသူ၊ ကျေးရွာသားများနှင့် တွေ့ဆုံကာ လုပ်ငန်းများ အရည်အသွေးပြည့်မီစွာဖြင့် အချိန်မီပြီးစီးရေး ဆွေးနွေးမှာကြားသည်။

အဆိုပါ လွယ်ငြိမ့်ကျေးရွာ၌ အကျယ်လေးလက်မ၊ အမြင့် ပေ ၂၀၀ ရှိ စက်ရေတွင်းတူးဖော်ခြင်း၊ ဂါလန် ၅၀၀၀ ဆံ့ ရေကန်တည်ဆောက်ခြင်း လုပ်ငန်းများကို (VDP) စီမံကိန်းရန်ပုံငွေကျပ်သိန်း ၁၅၀၊ ပြည်သူထည့်ဝင်ငွေကျပ် သိန်း ၂၀ စုစုပေါင်း ရန်ပုံငွေကျပ် သိန်း ၁၇၀ ဖြင့် မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှုနှင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် နိုဝင်ဘာလ စတုတ္ထပတ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၈၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ဟိန်းထက်စိုး(မလှိုင်)

**ခရီးသွားဆောင်းပါး**

# လေ့လာစရာစုံ မြို့ဖျာပုံ

**သက်နိုင်(ပြင်ဦးလွင်)**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ်အတွင်းမှာရှိတဲ့ ငွေဆောင်ကမ်းခြေရှိရာကို သွားကြမယ်ဆိုပြီး ခရီးစဉ်ရေးဆွဲထွက်ခွာလာခဲ့ကြရာကနေ အခုဆိုလမ်းခုလပ်တစ်နေရာက ထင်မှတ်မထားတဲ့ ဆယ်အိမ်တန်းပင်လယ်ကမ်းခြေဆိုတဲ့ နေရာကိုရောက်နေကြရတယ်။ ဆယ်အိမ်တန်းကမ်းခြေဆိုတာက ချောင်းသာကမ်းခြေတို့၊ ငွေဆောင်ကမ်းခြေတို့မပေါ်ပေါက်ခင် တစ်ခေတ်တစ်ခါက နာမည်ကျော်ကြားထင်ရှားခဲ့တဲ့ လက်ခုပ်ကုန်းကမ်းခြေနဲ့ အနီးအနားမှာ တည်ရှိနေတာပါ။ ဒါပေမဲ့ ဆယ်အိမ်တန်းကမ်းခြေက သာယာလှပမှုနည်းပါးပြီး ပင်လယ်ရေတွေက ကြည်လင်မှုမရှိတာကြောင့် လာရောက်လည်ပတ်ကြသူတွေ နည်းပါးနေပါပြီ။ ကွမ်းခြံကုန်းမြို့နယ်အတွင်းမှာ တည်ရှိနေပါတယ်။

မိမိတို့ခရီးဖော်အဖွဲ့က ဆယ်အိမ်တန်းကမ်းခြေကိုရောက်လာခဲ့ကြပြီး ပင်လယ်ကမ်းခြေမှာရှိနေတဲ့ စားသောက်ဆိုင်တစ်ဆိုင်မှာ ကဏန်းချဉ်စပ်နဲ့ ငါးသလောက်အိုးမှောက်ဟင်းလျာတွေကို အနှစ်စိမ်းရေနဲ့အတူ မှာယူစားသောက်နေကြရင်း နေရောင်အောက်မှာတောက်ပနေတဲ့ ပင်လယ်ပြင်ကြီးကိုကြည့်တယ်။ အချိန်က ညနေ ၃ နာရီကျော်သာရှိနေပါသေးတယ်။ နေရောင်က ပင်လယ်ရေပြင်ထဲကိုတိုက်ရိုက်ကျရောက်နေပါတယ်။ စားသောက်ပြီးတာနဲ့ စားသောက်ဆိုင်နဲ့ ဆယ်ပေကျော်လောက်သာဝေးတဲ့ ပင်လယ်ကမ်းစပ်ကို အမှတ်တရအနေနဲ့ ခဏဆင်းကြည့်ခဲ့ကြတယ်။ မိမိတို့ခရီးဖော်အဖွဲ့ထဲမှာ ပင်လယ်ကမ်းခြေကို တစ်ချိန်တစ်ခါမှမရောက်ဖူး၊ မမြင်ဖူးသေးသူတွေ ပါဝင်နေတာကြောင့်လဲ သူတို့တစ်တွေက ပျော်ရွှင်ဝမ်းသာမှုတွေနဲ့အတူ အတွေ့အကြုံသစ်အနေနဲ့ ပင်လယ်ကမ်းစပ်ကို ဆင်းခဲ့ကြတာပါ။ ဒါပေမဲ့ ဝေးဝေးလံလံထိလဲ မသွားဘဲ စားသောက်ဆိုင်ရှိရာ ကမ်းခြေကိုပြန်လာခဲ့ကြတယ်။

ဆယ်အိမ်တန်းကမ်းခြေမှာ လေ့လာပြီးကြတာနဲ့ ရှေ့ခရီးကိုဆက်လက်ထွက်ခွာကြဖို့ ပြင်ဆင်ကြရတယ်။

ရှေ့ခရီးကိုဆက်လက်သွားရောက်ကြဖို့အတွက် ဆယ်အိမ်တန်းကမ်းခြေကနေ ဘိုဒင်လမ်းဆုံ၊ ဘိုဒင်လမ်းဆုံကနေ ကွမ်းခြံကုန်းမြို့အထိ လာလမ်းအတိုင်းပြန်လာပြီးမှ ဒေးဒရဲမြို့ရှိရာကို သွားရောက်ကြရမှာပါ။ ဆယ်အိမ်တန်းကမ်းခြေကနေ ထွက်ခွာလာကြတဲ့အခါ ကမ်းစပ်မှာရှိနေတဲ့ ခြေတံရှည်တဲအိမ်စုတန်းလေးတွေ တစ်ချိန်တုန်းက သာယာလှပစည်ကားခဲ့တယ်ဆိုတဲ့ လက်ခုပ်ကုန်းကမ်းခြေကိုဝါးမြိုသွားခဲ့ကြတဲ့ ပင်လယ်ကဗွီးတောအုပ်တောတန်းတွေ၊ ပျက်စီးယိုယွင်းနေပြီဖြစ်တဲ့ ဟိုတယ်၊ မိုတယ်ကြီးတွေကို ထပ်မံမြင်တွေ့လာရတာဖြစ်တယ်။ လမ်းဘေးဝဲ၊ ယာရှိတဲ့ အုန်းပင်တန်းတွေ၊ လယ်ကွင်းလယ်ကွက်တွေ၊ ချောင်းတွေ၊ မြောင်းတွေကို ဖြတ်ကျော်မောင်းနှင်လာရင်းနဲ့ မကြာခင်မှာ ကွမ်းခြံကုန်းမြို့ကို ပြန်လည်ရောက်ရှိလာကြတယ်။ ကွမ်းခြံကုန်းမြို့ရဲ့လမ်းဆုံတစ်နေရာမှာ မြို့ခံစာရေးဆရာတွေကားပေါ်ကနေ ဆင်းသွားပြီးတဲ့နောက် ဒေးဒရဲမြို့ရှိရာကို ဆက်လက်မောင်းနှင်လာခဲ့ကြတယ်။

ကွမ်းခြံကုန်း-ဒေးဒရဲ ခရီးအကွာအဝေးက ရှစ်မိုင်လောက်သာရှိနေပါတယ်။ ဒါကြောင့် သိပ်ပြီးထူးထူးခြားခြားမရှိတဲ့ လမ်းဘေးဝဲယာက မြင်ကွင်းတွေကိုကြည့်ရင်း ကားကိုဂရုစိုက်မောင်းနှင်ရင်း မကြာခင် အချိန်အတောအတွင်းမှာ ဒေးဒရဲတံတားကြီးကိုဖြတ်ကျော်ပြီးတာနဲ့ ဒေးဒရဲမြို့ကိုရောက်လာခဲ့ကြတယ်။ ဒေးဒရဲမြို့ရဲ့ မြို့အဝင်ဆိုင်းဘုတ်က တံတားကြီးရဲ့ အနီးအနား မလှမ်းမကမ်းမှာပါ။ ကွမ်းခြံကုန်းမြို့ကနေ ထွက်လာကတည်းက ဒေးဒရဲမြို့ခံစာရေးဆရာတွေကို ဖုန်းနဲ့ဆက်သွယ်အကြောင်းကြားတာကြောင့် မြို့ခံစာရေးဆရာတွေက မြို့အဝင်ဆိုင်းဘုတ်မှာ လာရောက်စောင့်ကြိုနေကြတာကို အဆင်သင့်တွေ့လိုက်ရတယ်။ မိမိတို့နဲ့တွေ့တွေ့ချင်း စာရေးဆရာတစ်ယောက်က မိမိတို့အဖွဲ့ မနက်စောစောကတည်းက ဒလမြို့၊ တွံတေးမြို့တို့မှ ထွက်ခွာလာကြမည်ဖြစ်ကြောင်း သိရှိရတဲ့အတွက် မြို့ခံစာရေးဆရာအဖွဲ့စုံစုံညီညီနဲ့ မနက် ၉ နာရီကျော် ၁၀ နာရီလောက်ကတည်းက လာရောက်စောင့်ဆိုင်းနေခဲ့ကြကြောင်း၊ ဒေးဒရဲမြို့မှာရှိတဲ့ ကျိုက်ဒေးမွန်၊ ကျိုက်ဒေးယုံ၊ ကျိုက်မွန်မရော် စတဲ့ ရှေးဟောင်းဘုရားစေတီတွေရှိရာကို လိုက်လံပို့ဆောင်ပေးပြီး ကျွေးမွေးဧည့်ခံလိုကြောင်း၊ မိမိတို့အဖွဲ့က အခုလိုညနေပိုင်းမှရောက်ရှိချိန်မှာ အခြားမြို့ခံစာရေးဆရာတွေက အလုပ်ရှိနေကြတာကြောင့် ပြန်သွားကြပြီဖြစ်ကြောင်း၊ ဖြစ်နိုင်ပါက ဒေးဒရဲမြို့မှာ တစ်ညအိပ်ပြီး လေ့လာလည်ပတ်သွားကြစေလိုကြောင်းနဲ့ အခုလဲဆိုင်တစ်ဆိုင်မှာ ဧည့်ခံကျွေးမွေးရင်း စကားပြောကြမည်ဖြစ်ကြောင်း စတာတွေကို ပြောဆိုပြီး ဆိုင်တစ်ဆိုင်မှာဧည့်ခံ စကားပြောကြဖို့ စီစဉ်ပါတယ်။




ဒါပေမဲ့ မိမိက ဆယ်အိမ်တန်းကမ်းခြေမှာ စားသောက်လာပြီးဖြစ်တဲ့အတွက် ခရီးဖော်တွေအားလုံး ဗိုက်မဆာကြသေးကြောင်း၊ ဒီနေ့ည ဖျာပုံမြို့မှာ သွားရောက်ညအိပ်ကြမှာဖြစ်တာကြောင့် ခဏတာနှုတ်ဆက်စကားပြောကြပြီး ဆက်လက်ခရီးနှင်ကြရမှာဖြစ်ကြောင်း၊ တွေ့ဆုံစကားပြောခွင့်ရတဲ့အတွက် အလွန်ဝမ်းသာကြောင်းတွေကို ပြန်လည်ပြောဆိုပြီး ဒေးဒရဲမြို့ခံစာရေးဆရာအဖွဲ့ရဲ့ ဖိတ်ခေါ်မှုအစုစုတွေကို ငြင်းဆန်လိုက်ရတော့တယ်။ ဒါကြောင့် မြို့အဝင်ဆိုင်းဘုတ်အနီးမှာပဲ စကားပြောကြ၊ အမှတ်တရဓာတ်ပုံရိုက်ကြ၊ လက်ဆောင်ပစ္စည်းတွေ အပြန်အလှန်ပေးကြလုပ်ပြီးတာနဲ့ ဖျာပုံမြို့ရှိရာကို ဆက်လက်ထွက်ခွာလာခဲ့ကြရတယ်။

ဒေးဒရဲမြို့ကိုရောက်ရှိလာစဉ်အတွင်းမှာ မြို့ရဲ့ထူးခြားမှုတစ်ခုကို သတိထားမြင်တွေ့လိုက်ရတယ်။ ရောက်ခဲ့ဖူးသမျှ မြို့အများစုမှာ မြို့အဝင်ဆိုင်းဘုတ်တွေနဲ့ မြို့နဲ့က အလှမ်းဝေးကွာနေကြတယ်။ မြို့အဝင်အထွက် ဆိုင်းဘုတ်တွေက မြို့ရဲ့အပြင်ဘက်မှာရှိနေကြတာက များနေပါတယ်။ ဒေးဒရဲမြို့ကတော့ တခြားမြို့တွေလိုမဟုတ်ဘဲ မြို့ဝင်ဆိုင်းဘုတ်အနီးမှာ လူနေအိမ်တွေ၊ ဈေးဆိုင်တန်းတွေ၊ ကားဂိတ်တွေ၊ သွားလာလှုပ်ရှားနေကြသူတွေနဲ့ စည်ကားနေတယ်။ မိမိတို့အဖွဲ့နဲ့ မြို့ခံစာရေးဆရာတွေ အမှတ်တရဓာတ်ပုံရိုက်နေတဲ့တစ်ခဏလေးအတွင်းမှာတောင် သွားလာနေကြတဲ့လူတွေကို စောင့်ဆိုင်းရှောင်ရှားပြီးမှ ရိုက်နေကြရတယ်။ ဒေးဒရဲမြို့က မြို့အဝင်၊ မြို့အထွက်တွေမှာလဲ စည်ကားနေတဲ့သဘောပါ။

ဒေးဒရဲဆိုတာကတော့ မွန်ဘာသာအသံထွက် ဒေးဒရိုင်ကနေ ဆင်းသက်လာပြီး ဒေးဆိုတာကတော တောင်ကုန်း၊ ဒရိုင်ဆိုတာ ဒရယ်ဖြစ်တာကြောင့် မြန်မာဘာသာနဲ့ ဒရယ်တောင်လို့ အဓိပ္ပာယ်ရနေတယ်။ မိမိတို့ဖြတ်သန်းလာခဲ့ကြတဲ့ ဒေးဒရဲတံတားဆိုတာက တိုးမြစ်ပေါ်မှာ တည်ဆောက်ထားတာပါ။ အင်္ဂလိပ်လူမျိုးတွေကတော့ တိုးမြစ်ကို ချိုင်းနားဘောကာလို့ခေါ်ဆိုခဲ့ကြပြီး ၁၈၆၉ ခုနှစ်မှာ ချိုင်းနားဘောကာ မီးပြတိုက်ကို တည်ဆောက်ခဲ့တယ်ဆိုတာ မြို့သမိုင်းအရ သိရပါတယ်။ ဒေးဒရဲမြို့မှာ ညအိပ်ရပ်နား လေ့လာလည်ပတ်ချိန်ရခဲ့မယ်ဆိုရင် အထင်ကရနေရာတွေ၊ ဘုရားစေတီတွေနဲ့အတူ ချိုင်းနားဘောကာဆိုတဲ့ မီးပြတိုက်ရှိရာကိုလဲ ရောက်ရှိလေ့လာဖြစ်အုံးမှာပါ။ အခုတော့ ဖျာပုံမြို့ကို အချိန်မီရောက်ရှိနိုင်ကြဖို့အတွက် ဆက်လက်ထွက်ခွာလာကြရတယ်။

တိုးမြစ်တစ်ဖက်ကမ်းမှာရှိတဲ့ ဒေးဒရဲမြို့ကို မိမိတို့ရောက်ရှိလာတဲ့အချိန်က ညနေ ၅ နာရီဝန်းကျင်လောက်သာရှိနေသေးပြီး နေမဝင်သေးတဲ့ အလင်းရောင်ရှိသေးတဲ့အချိန်ပါ။ မြို့ခံတွေနဲ့ မိနစ်အနည်းငယ်လောက် တွေ့ဆုံစကားပြောကြပြီး ပြန်ထွက်လာချိန်မှာလဲ အလင်းရောင်ရှိနေပါသေးတယ်။ ဒီအချိန်လေးအတွင်းမှာ ၁၄ မိုင်ကျော် ကျော်သာရှိတဲ့ ဖျာပုံမြို့ကို ခရီးဆက်ကြရမှာပါ။ တိုးမြစ်ကိုဖြတ်ကျော်လာအပြီး ဒေးဒရဲမြို့ကိုရောက်တာနဲ့ ဧရာဝတီတိုင်းဒေသကြီးအတွင်းကို ဝင်ရောက်ခဲ့ကြပါပြီ။ တိုးမြစ်ကတော့ ရန်ကုန်တိုင်းဒေသကြီးနဲ့ ဧရာဝတီတိုင်းဒေသကြီးကို နယ်နိမိတ်ပိုင်းခြား သတ်မှတ်ထားတာဖြစ်ပါတယ်။

ဆောင်းရာသီအစ နေဝင်လုဝင်ခင်ဆဲဆဲမှာ မောင်းနှင်လာခဲ့ရတဲ့ ဖျာပုံမြို့ခရီးစဉ်မှာ လမ်းဘေးဝဲယာတစ်လျှောက် လယ်ကွင်းတွေကိုသာ ပိုမိုတွေ့မြင်လာရတယ်။ ဒီလယ်ကွင်းလယ်ကွက်တွေကလဲ ဧရာဝတီတိုင်းဒေသကြီးရဲ့အမှတ်သင်္ကေတသဘောတစ်ခုပါ။ ဒ့ါပြင် လမ်းရဲ့ဘေးကပ်လျက်တစ်လျှောက်မှာလဲ အရိပ်ရသစ်ပင်တန်းကြီးတွေကို စိမ်းစိုအုပ်မှိုင်းကာ စီစီရီရီတွေ့မြင်နေရပြန်တယ်။ ဒါကလဲ ရာသီဥတုနဲ့ ရေမြေသဘာဝကောင်းမွန်မှုတဲ့ သဘောကို ဖော်ပြနေပြန်တယ်။ အခုခရီးထွက်ခွာလာတဲ့အချိန်အပိုင်းအခြားအတွင်းမှာ နေ့ခင်းနေ့လယ်ပိုင်းတွေလောက်သာ ရာသီဥတုအပူဒဏ်ကို အနည်းငယ်ခံစားကြရပြီး ကျန်တဲ့အချိန်တွေမှာ မပူလွန်း၊ မအေးလွန်းနဲ့ နေထိုင်သွားလာလှုပ်ရှားလို့ကောင်းနေတယ်။ မြန်မာနိုင်ငံအတွင်း ခရီးတွေသွားလာကြမယ်ဆိုရင် အခုလို ဆောင်းဦးရာသီအချိန်ကာလက အကောင်းဆုံးဖြစ်ပါတယ်။

ဖျာပုံမြို့ရှိရာကို ဆက်လက်ကားမောင်းနေရင်းနဲ့ တစ်နေရာအရောက်မှာ ဖျာပုံမြို့နယ် စာရေးဆရာအသင်း၊ အတွင်းရေးမှူးဖြစ်သူ ဆရာမသူဇာနွယ် (ဖျာပုံ) က ဖုန်းနဲ့ဆက်သွယ်လာပြီး မိမိတို့အဖွဲ့ ဘယ်ကိုရောက်နေကြပြီလဲဆိုတာကို မေးမြန်းပါတယ်။ မိမိက ဒေးဒရဲမြို့ကနေ ထွက်လာပြီဖြစ်ကြောင်း၊ မကြာမီမှာ ဖျာပုံမြို့ကို ရောက်တော့မည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားတဲ့အခါမှာ ဆရာမသူဇာနွယ်က ဖျာပုံမြို့ကိုရောက်ရောက်ချင်း ဆရာဇော်ဂျီအထိမ်းအမှတ်စာကြည့်တိုက်ကို လာရောက်ကြစေလိုကြောင်း၊ ဆရာဇော်ဂျီ စာကြည့်တိုက်က ဖျာပုံတံတားကိုကျော်ဖြတ်ပြီးတာနဲ့ လမ်းဆုံတစ်ခုအနီး ဘယ်ဘက်ခြမ်းမှာရှိနေကြောင်း၊ ဖျာပုံမြို့နယ်စာရေးဆရာအဖွဲ့တွေက စာကြည့်တိုက်မှာ စောင့်ကြိုနေကြမှာဖြစ်ကြောင်းနဲ့ မိမိတို့အဖွဲ့ ညအိပ်ရပ်နားကြဖို့ စီစဉ်ထားပြီးဖြစ်ကြောင်းကို ပြောပြပါတယ်။

ဒေးဒရဲ-ဖျာပုံခရီးက ၁၄ မိုင်ကျော်သာရှိနေတာဖြစ်လို့ မိမိတွေးထင်ထားတဲ့အတိုင်း ဖျာပုံမြို့အဝင်ဆိုင်းဘုတ်ရှိရာကို မကြာခင်မှာ ရောက်လာခဲ့ကြတယ်။ ဆရာဇော်ဂျီ စာကြည့်တိုက်မှာ မြို့ခံစာရေးဆရာတွေ စောင့်ဆိုင်းနေကြလောက်ပြီဆိုတာကို သိရှိနေပေမဲ့ ဖျာပုံမြို့အဝင် ဆိုင်းဘုတ်မှာ ကားရပ်လိုက်ပြီး ဆိုင်းဘုတ်နဲ့အတူ မှတ်တမ်းဓာတ်ပုံတွေ ရိုက်ကြပါတယ်။ ဖျာပုံမြို့က ဧရာဝတီတိုင်းဒေသကြီးမှာ မြို့ကြီးတစ်မြို့ဖြစ်နေတာနဲ့အညီ မြို့ဝင်ဆိုင်းဘုတ်ကြီးကလဲ ခန့်ခန့်ညားညားထည်ထည်ဝါဝါပါ။ ဆိုင်းဘုတ်ပတ်လည်မှာ အတော်အတန်ကျယ်ဝန်းပြီး လှပသေသပ်တဲ့ ပန်းခြံတစ်ခြံရှိနေသလို ပန်းခြံကိုလဲ စတီးအကာအရံတွေနဲ့ ကာရံပေးထားပါသေးတယ်။

ဖျာပုံဆိုတာကတော့ မွန်ဘာသာအသံထွက် ဖျားပုံးကနေဆင်းသက်လာခဲ့ပြီး ဖျားကဈေး၊ ပုံးကထမင်းဖြစ်တာကြောင့် မြန်မာလိုဘာသာပြန်လိုက်ရင် ထမင်းဈေးဆိုပြီး အဓိပ္ပာယ်ရနေပါတယ်။ ဖျာပုံမြို့မှာ သက်လွတ်ချမ်းသာစေတီ၊ ခြသေ့်ဦးဘုရားတွေက ရှေးကျပြီး ထင်ရှားကြောင်း သိရတယ်။ ဒ့ါပြင် ဖျာပုံကမြို့ကြီးတစ်မြို့ဖြစ်နေတာကြောင့် လေ့လာကြည့်ရှုစရာတွေ စုံစုံလင်လင်ရှိနေအုံးမှာပါ။ မိမိတို့အဖွဲ့ကို စောင့်ကြိုနေကြပြီဖြစ်တဲ့ မြို့ခံစာရေးဆရာအဖွဲ့တွေကလဲ ဆရာဇော်ဂျီစာကြည့်တိုက်မှာ စုံစုံညီညီ ရောက်ရှိနေကြပြီဖြစ်ကြောင်း ထပ်မံအကြောင်းကြားသိရှိလိုက်ရတာကြောင့် စာကြည့်တိုက်ရှိရာကို ရောက်အောင်မောင်းနှင်သွားလိုက်ပါအုံးမယ်။ စာကြည့်တိုက်ကိုရောက်ရင်တော့ တွေ့ဖူးဆုံဖူး ခင်မင်ရင်းနှီးပြီး စာရေးဆရာတွေကိုကောနောက်ထပ်အသစ်တွေကိုကော တွေ့ဆုံရင်းနှီးခွင့်ရကြမှာဖြစ်ပါတယ်။

M L

# စနေနေ့ညမှာ ယှဉ်ပြိုင်ကစားမဲ့ပွဲစဉ်တွေထဲက နိုင်ပွဲရှာဖွေလာမဲ့ ဆောက်သမ်တန်အသင်း၊ စိန့်အီတိန်းအသင်း၊ နာပိုလီအသင်းတို့ကို ရွေးချယ်ရမှာပါ



ဒီတစ်ပတ်စနေနေ့ညမှာ ပရီးမီးယားလိဂ်နဲ့ စီးရီးအေပွဲစဉ်တွေဟာ ပုံမှန်အတိုင်းကစားကြမှာဖြစ်ပေမဲ့ ခရစ္စမတ်နဲ့ နှစ်သစ်ကူးကာလတွေမှာ ခေတ္တရပ်နားထားရတဲ့ ဥရောပပွဲစဉ်တချို့ ပြန်လည်ယှဉ်ပြိုင်ကစားကြမှာ ဖြစ်ပါတယ်။ ဒ့ါပြင် ပြင်သစ်လီဂူးနဲ့ စပိန်ကိုပါဒယ်ရေး(၃၂)သင်းဆင့် ပွဲစဉ်တွေ ယှဉ်ပြိုင်ကစားကြမှာဖြစ်တာကြောင့် ပရိသတ်တွေအနေနဲ့ လည်း ပြိုင်ဆိုင်မှုပြင်းထန်တဲ့ ဥရောပပွဲစဉ်တွေကို ပြန်လည်မြင်တွေ့ ရမှာပါ။ ပရီးမီးယားလိဂ်ပြိုင်ပွဲအနေနဲ့ကတော့ ဆက်တိုက်ယှဉ်ပြိုင် ကစားနေရတဲ့ အခုလိုပွဲကျပ်ကာလမှာ ပရိသတ်တွေ ထင်မှတ်မထားတဲ့ ရလဒ်တွေ ထွက်ပေါ်ခဲ့တာကို တွေ့ရမှာဖြစ်ပါတယ်။ ပြီးခဲ့တဲ့ကြားရက်မှာ နိုင်ပွဲတွေ ပျောက်ဆုံးနေတဲ့ မန်စီးတီးအသင်းက လက်စတာအသင်းရဲ့ အိမ်ကွင်းမှာ နှစ်ဂိုးပြတ်နဲ့အနိုင်ရရှိခဲ့သလို အမှတ်ပေးဇယားအဆင့်(၁) က လီဗာပူးအသင်းကလည်း ဝက်စ်ဟမ်းအသင်းကို ငါးဂိုးပြတ်နဲ့ အနိုင် ရရှိခဲ့ပါတယ်။ ဒါပေမဲ့ နယူးကာဆယ်အသင်းကို ရှုံးနိမ့်ခဲ့တဲ့ မန်ယူအသင်း အနေနဲ့ အမှတ်ပေးဇယားအဆင့်(၁၄)နေရာမှာပဲ ဆက်လက်ရပ်တည်နေ သလို တန်းဆင်းဇုန်ကအစ်ပ္စဝစ်ချ်အသင်းကို နှစ်ဂိုးပြတ်နဲ့ ရှုံးနိမ့်ခဲ့တဲ့ ချဲလ်ဆီးအသင်းအနေနဲ့လဲ ပရီးမီးယားလိဂ်နောက်ဆုံးသုံးပွဲဆက် နိုင်ပွဲ ပျောက်ဆုံးရခြင်းပဲဖြစ်ပါတယ်။ အခုပြန်လည်စတင်လာမဲ့ ပွဲစဉ်တချို့ မှာလည်း ဘယ်လိုရလဒ်မျိုးတွေနဲ့ အမှတ်ပေးဇယားကိုအပြောင်းအလဲ ဖြစ်ပေါ်လာနိုင်မလဲဆိုတာ စောင့်ကြည့်ရအုံးမှာဖြစ်ပါတယ်။ ဒါကြောင့် ဒီတစ်ပတ်စနေနေ့ညပွဲစဉ်တွေထဲက ရလဒ်ကောင်းတွေပိုင်ဆိုင်လာ နိုင်မဲ့ အသင်းတချို့ကို လေ့လာသုံးသပ်ရွေးချယ်ပေးလိုက်ရပါတယ်။

## ဆောက်သမ်တန်အသင်းကို အားပေးရမှာပါ

ဒီတစ်ပတ်စနေနေ့ညပွဲစဉ်တွေထဲက အကြိုက်တွေ့မိတဲ့အသင်းက တော့ ဆောက်သမ်တန်နဲ့ ဘရန့်ဖို့ဒ်အသင်းတို့ရဲ့ပွဲစဉ်ပဲဖြစ်ပါတယ်။ သူတို့နှစ်သင်းဟာ ပြီးခဲ့တဲ့ပွဲစဉ်မှာ နိုင်ပွဲပျောက်ဆုံးခဲ့ကြပြီး ဆောက်သမ် တန်အသင်းက အဝေးကွင်းမှာ ပဲလေ့စ်အသင်းကို နှစ်ဂိုးတစ်ဂိုးနဲ့ ရှုံးနိမ့် ခဲ့သလို ဘရန့်ဖို့ဒ်အသင်းအနေနဲ့လည်း ဘရိုက်တန်အသင်းရဲ့ အိမ်ကွင်း မှာ ဂိုးမရှိသရေကျခဲ့ပါတယ်။ ဆောက်သမ်တန်အသင်းဟာ လက်ရှိ ဘောလုံးရာသီမှာ ပွဲစဉ်(၁၉)ပွဲကစားထားပြီး နိုင်ပွဲတစ်ပွဲသာရရှိထားသလို သုံးပွဲသရေနဲ့၁၅ ပွဲထိရှုံးနိမ့်ထားပါတယ်။ သူတို့အသင်းဟာ လက်ရှိပရီးမီး ယားလိဂ်အမှတ်ပေးဇယားအောက်ဆုံးမှာ ရပ်တည်နေပြီး ရမှတ်အနေနဲ့ ခြောက်မှတ်သာရရှိထားတာကြောင့် ဒီရာသီမှာ တန်းဆင်းကစားရဖို့ ရေပန်းအစားဆုံးအသင်းအဖြစ် သတ်မှတ်ထားပါတယ်။ သူတို့အသင်း ဟာ လက်ရှိဘောလုံးရာသီမှာ ခံစစ်ပိုင်းဆိုးရွားနေမှုနဲ့ အဓိကကစား သမားတွေ ဒဏ်ရာပြဿနာကြုံတွေ့နေရတာကြောင့်လည်း အခုလို ရလဒ်ပိုင်းတွေ ဆိုးရွားနေတာဖြစ်ပါတယ်။ ဒ့ါကြောင့် ခရိုအေးရှားနည်းပြ တိုင်ဗန်ဇျူရခ်စ်ကို အစားထိုးထားပြီး အသင်းရဲ့ရလဒ်ပိုင်းပြန်လည် ကောင်းမွန်အောင်ပြင်ဆင်နေတဲ့ အသင်းဖြစ်တာကြောင့် အခုအိမ်ကွင်း ပွဲစဉ်မှာလည်း ရလဒ်ကောင်းအောင် ပြင်ဆင်လာမှာဖြစ်ပါတယ်။

ဘရန့်ဖို့ဒ်အသင်းကတော့ ပရီးမီးယားလိဂ်ပွဲစဉ်(၁၈)ပွဲကစားပြီးချိန် မှာ ရမှတ် ၂၄မှတ်နဲ့ အမှတ်ပေးဇယားအဆင့်(၁၂)နေရာမှာ ရပ်တည်နေ ပါတယ်။ ဒီရာသီမှာ သူတို့အသင်းဟာ ခုနစ်ပွဲနိုင်၊ သုံးပွဲသရေ၊ ရှစ်ပွဲထိရှုံး နိမ့်ထားပြီး အဝေးကွင်းနိုင်ပွဲမရှိသေးတဲ့အသင်းပါ။ ပြိုင်ပွဲရဲ့ နောက်ဆုံး ငါးပွဲမှာလည်း တစ်ပွဲသရေကျထားပြီး လေးပွဲရှုံးနိမ့်ထားတာကို တွေ့ရပါ တယ်။ သူတို့အသင်းမှာလည်း ဒဏ်ရာရကစား သမားတွေများပြားနေပြီး အဲဒီကစားသမားတွေထဲကမှ အီသန်ပင်နော့နဲ့ ဂိုမက်စ်တို့လို အဓိက ကစားသမားတွေပါဝင်နေတာကြောင့် လက်ရှိရလဒ်ပိုင်းကျဆင်းနေတာ ဖြစ်ပြီး ပြီးခဲ့တဲ့ အိမ်ကွင်းပွဲစဉ်မှာလည်း အာဆင်နယ်အသင်းကို သုံးဂိုး တစ်ဂိုးနဲ့ ရှုံးနိမ့်ခဲ့ပါတယ်။ ဒ့ါကြောင့် ဘရန့်ဖို့ဒ်အသင်းအနေနဲ့ အခုလို နိုင်ပွဲလိုအပ်နေတဲ့ ဆောက်သမ်တန်အသင်းနဲ့ပွဲစဉ်မှာ ရလဒ်ကောင်း ပိုင်ဆိုင်နိုင်ပါ့မလားဆိုတာ သတိပြုရမှာဖြစ်လို့ ဆောက်သမ်တန်အသင်း ကို အားပေးရမှာပါ။

### ဆောက်သမ်တန်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| ဆောက်သမ်တန် | ၀ | - | ၅ | စပါး |
| ဆောက်သမ်တန် | ၁ | - | ၂ | လီဗာပူး |
| ဖူလ်ဟမ် | ၀ | - | ၀ | ဆောက်သမ်တန် |
| ဆောက်သမ်တန် | ၀ | - | ၁ | ဝက်စ်ဟမ်း |
| ပဲလေ့စ် | ၂ | - | ၁ | ဆောက်သမ်တန် |

### ဘရန့်ဖို့ဒ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| ချဲလ်ဆီး | ၂ | - | ၁ | ဘရန့်ဖို့ဒ် |
| နယူးကာဆယ် | ၃ | - | ၁ | ဘရန့်ဖို့ဒ် |
| ဘရန့်ဖို့ဒ် | ၀ | - | ၂ | နော်တင်ဟမ် |
| ဘရိုက်တန် | ၀ | - | ၀ | ဘရန့်ဖို့ဒ် |
| ဘရန့်ဖို့ဒ် | ၁ | - | ၃ | အာဆင်နယ် |

## စိန့်အီတိန်းအသင်းကို ရွေးချယ်ရမှာပါ

ဒီတစ်ပတ်စနေနေ့ညမှာ ယှဉ်ပြိုင်ကစားမဲ့ပွဲစဉ်တွေထဲက နောက် ထပ်ရွေးချယ်ပေးချင်တဲ့ပွဲစဉ်ကတော့ စိန့်အီတိန်းနဲ့ ရိမ်းစ်အသင်းတို့ရဲ့ ပွဲစဉ်ပဲဖြစ်ပါတယ်။ စိန့်အီတိန်းအသင်းဟာ ပြင်သစ်လီဂူးပြိုင်ပွဲ ပွဲစဉ်(၁၅)ပွဲ ကစားပြီးချိန်မှာ အမှတ်ပေးဇယားတန်းဆင်းဇုန်အတွင်း အဆင့် (၁၆)နေရာ မှာ ရမှတ် ၁၃မှတ်နဲ့ ရပ်တည်နေပါတယ်။ သူတို့အသင်းဟာ ဒီရာသီမှာ လေးပွဲနိုင်၊ တစ်ပွဲသရေကျထားပြီး ၁၀ ပွဲထိရှုံးနိမ့်ထားပါတယ်။ ဒ့ါပြင် နောက်ဆုံးလေးပွဲဆက်ရှုံးနိမ့်ထားပြီး ဒဏ်ရာရနဲ့ ပွဲပယ်ကစားသမားတွေ များပြားနေတာကြောင့်လဲ အခုလို ရလဒ်ပိုင်းတွေဆိုးရွားနေတာဖြစ်ပြီး နောက်ပိုင်းပွဲစဉ်တွေမှာ သူတို့အသင်းအနေနဲ့ တန်းမဆင်းရဖို့ ရုန်းကန် ကစားရအုံးမှာဖြစ်ပါတယ်။ ဒါပေမဲ့ စိန့်အီတိန်းအသင်းဟာ လက်ရှိဘောလုံး ရာသီမှာ အိမ်ကွင်းဆိုရင် အကောင်းဆုံးပုံစံမှာ ကစားနိုင်စွမ်းရှိပြီး အိမ်ကွင်း လေးပွဲနိုင်ထားသလို ပေးဂိုးကလဲ ခုနစ်ဂိုးသာရှိထားတာကို တွေ့ရပါတယ်။

အမှတ်ပေးဇယားအဆင့်(၁၀)နေရာမှာ ရမှတ် ၂၀ ရရှိထားတဲ့ ရိမ်းစ် အသင်းကတော့ လက်ရှိဘောလုံးရာသီမှာ ငါးပွဲနိုင်၊ ငါးပွဲသရေ၊ ငါးပွဲရှုံး နိမ့်ထားပြီး နောက်ဆုံးငါးပွဲမှာလည်း တစ်ပွဲသာရှုံးနိမ့်ထားတာကို တွေ့ရ ပါတယ်။ အဲဒီငါးပွဲထဲက မိုနာကိုနဲ့ လိုင်ယွန်လိုခြေစွမ်းထက်မြက်နေတဲ့ အသင်းတွေကို သရေကစားထားနိုင်တဲ့ သူတို့အသင်းရဲ့ ခြေစွမ်းပိုင်းကို တော့ သတိထားစောင့်ကြည့်ရအုံးမှာပါ။ ဒါပေမဲ့ သူတို့အသင်းရဲ့လက်ရှိ တိုက်စစ်ပိုင်းက ဂိုးရဖို့ ရုန်းကန်နေရပြီး အမှတ်ပေးပွဲစဉ်နောက်ဆုံးလေး ပွဲမှာ ရဂိုးတစ်ဂိုးသာရရှိထားပြီး သရေရလဒ်သုံးပွဲထိရှိထားပါတယ်။ လက်ရှိသူတို့အသင်းရဲ့ တိုက်စစ်ပိုင်းမှာ နာကာမူရာ၊ အီတို၊ ကိုနေးတို့လို ကစားသမားတွေ ခြေစွမ်းပိုင်းကျဆင်းနေတာကြောင့် အခုလို အမှတ် လိုအပ်နေတဲ့စိန့်အီတိန်းအသင်းနဲ့ပွဲစဉ်မှာလဲ ဆက်လက်ပြီးအခက်တွေ့ နိုင်အုံးမှာပါ။ ဒ့ါပြင် ရိမ်းစ်အသင်းဟာ စိန့်အီတိန်းအသင်းရဲ့အိမ်ကွင်း ပွဲစဉ်တွေ့ဆုံမှုရှစ်ကြိမ်မှာ တစ်ကြိမ်သာအနိုင်ရထားပြီး အခုပွဲစဉ်မှာလဲ ရလဒ်ကောင်းဖို့ ရုန်းကန်ရနိုင်တာကြောင့် စိန့်အီတိန်းအသင်းကို ရွေးချယ် ရမှာပါ။

### စိန့်အီတိန်းအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| စိန့်အီတိန်း | ၁ | - | ၀ | မောင့်ပယ်လီယာ |
| ရင်းနက်စ် | ၅ | - | ၀ | စိန့်အီတိန်း |
| စိန့်အီတိန်း | ၀ | - | ၂ | မာဆေး |
| တူးလော့စ် | ၂ | - | ၁ | စိန့်အီတိန်း |
| စိန့်အီတိန်း | ၀ | - | ၄ | မာဆေး |

### ရိမ်းစ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| ရိမ်းစ် | ၁ | - | ၁ | လိုင်ယွန် |
| ရိမ်းစ် | ၀ | - | ၂ | လန့်စ် |
| စထရာဘော့ | ၀ | - | ၀ | ရိမ်းစ် |
| ရိမ်းစ် | ၀ | - | ၀ | မိုနာကို |
| မက်ဇစ် | ၁ | - | ၃ | ရိမ်းစ် |

## နာပိုလီအသင်း ရလဒ်ကောင်းမှာပါ

ဒီတစ်ပတ်ပွဲစဉ်တွေထဲက နောက်ထပ်ရွေးချယ်ပေးချင်တဲ့ ပွဲစဉ်က တော့ အီတလီစီးရီးအေပွဲစဉ်ထဲက ဖီအိုရင်တီးနားနဲ့ နာပိုလီအသင်းတို့ ရဲ့ ပွဲစဉ်ပဲဖြစ်ပါတယ်။ အီတလီနည်းပြပယ်လာဒီကိုင်တွယ်နေတဲ့ ဖီအို ရင်တီးနားအသင်းဟာ ပြိုင်ပွဲစုံနောက်ဆုံးငါးပွဲမှာ တစ်ပွဲသာ အနိုင်ရ ထားပြီး လေးပွဲမှာနိုင်ပွဲပျောက်ဆုံးထားပါတယ်။ သူတို့အသင်းဟာ စီးရီး အေပွဲစဉ် ၁၇ ပွဲမှာ ကိုးပွဲနိုင်၊ ငါးပွဲသရေ၊ သုံးပွဲရှုံးနိမ့်ထားပြီး အဆင့်(၅) နေရာမှာရပ်တည်နေပေမဲ့ နောက်ပိုင်းပွဲစဉ်တွေမှာ အသင်းလိုက် စွမ်းဆောင်ရည်ကျဆင်းလာတာကို တွေ့ရပါတယ်။ ဖီအိုရင်တီးနားအသင်း ဟာ ပြီးခဲ့တဲ့အဝေးကွင်းပွဲစဉ်မှာ ဂျူဗင်တပ်အသင်းကို နှစ်ဂိုးစီသရေရရှိ အောင် စွမ်းဆောင်ထားနိုင်ပြီး ဂိုးသမားဒီဂီယာရဲ့စွမ်းဆောင်ရည်ကောင်း မွန်မှုကြောင့်သာ ဦးဆောင်ဂိုးထပ်မံခွင့်မပြုခဲ့ရတာပဲဖြစ်ပါတယ်။ အဲဒီ ပွဲစဉ်မှာ သူတို့အသင်းရဲ့စွမ်းဆောင်ရည်နဲ့ ဘောလုံးပိုင်ဆိုင်မှုဟာ သာမန် သာရှိခဲ့ပြီး ဂျူဗင်တပ်အသင်းရဲ့တိုက်စစ်ကစားသမားတွေ ဂိုးသွင်း မသေချာလို့သာ သရေရလဒ်ရရှိခဲ့တာပါ။ ဒါကြောင့် လက်ရှိတိုက်စစ်ပိုင်း အကောင်းဆုံးပုံစံမှာရှိနေတဲ့ နာပိုလီအသင်းကို ပွဲချိန်ပြည့်ထိန်းချုပ်နိုင် ဖို့ အခက်တွေ့နေအုံးမှာပါ။

နာပိုလီအသင်းကတော့ စီးရီးအေနောက်ဆုံးသုံးပွဲဆက်အနိုင်ရထား ပြီး အသင်းလိုက်စွမ်းဆောင်ရည်နဲ့ ကစားသမားတွေရဲ့ စိတ်ဓာတ်ပိုင်း အကောင်းဆုံးပုံစံမှာရှိနေပါတယ်။ သူတို့အသင်းဟာ အမှတ်ပေးဇယား အဆင့်(၁)နေရာက အတ္တလန္တာအသင်းနဲ့ ရမှတ်တူအဆင့်(၂)နေရာမှာ ရပ်တည်နေပါတယ်။ ဘရာဇီးကစားသမား နာရက်စ်၊ လူကာကူ၊ တွမ်မီ နေးတို့လို အဓိကကစားသမားတွေခြေစွမ်းထက်မြက်နေပြီး အသင်းလိုက် စွမ်းဆောင်ရည်ကောင်းမွန်နေတာကြောင့် အခုလို ရလဒ်ကောင်းတွေ ပိုင်ဆိုင်နေတာပဲဖြစ်ပါတယ်။ဒ့ါပြင် သူတို့အသင်းဟာ လက်ရှိဘောလုံး ရာသီမှာ စီးရီးအေ အဝေးကွင်းတစ်ပွဲသာ ရှုံးထားသေးတာကြောင့် ဖီအို ရင်တီးနားအသင်းအနေနဲ့ အိမ်ကွင်းဖြစ်ပေမဲ့ အဘက်ဘက်က ဖိအား ပေးကစားနိုင်ဖို့ ခက်ခဲပါလိမ့်မယ်။ ဒ့ါကြောင့် ခြေစွမ်းပိုင်းမှာ အသာရ နေတဲ့ နာပိုလီအသင်း ရလဒ်ကောင်းမှာပါ။

### ဖီအိုရင်တီးနားအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| ဖီအိုရင်တီးနား | ၇ | - | ၀ | လက်လင့် |
| ဘိုလော့ဂ်နာ | ၁ | - | ၀ | ဖီအိုရင်တီးနား |
| ဂူမာရက် | ၁ | - | ၁ | ဖီအိုရင်တီးနား |
| ဖီအိုရင်တီးနား | ၁ | - | ၂ | အူဒီးနီးစ် |
| ဂျူဗင်တပ် | ၂ | - | ၂ | ဖီအိုရင်တီးနား |

### နာပိုလီအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| လာဇီယို | ၃ | - | ၁ | နာပိုလီ |
| နာပိုလီ | ၀ | - | ၁ | လာဇီယို |
| အူဒီးနီးစ် | ၁ | - | ၃ | နာပိုလီ |
| ဂျီနိုအာ | ၁ | - | ၂ | နာပိုလီ |
| နာပိုလီ | ၁ | - | ၀ | ဗီနီဇီးယား |

# သြစတြေးလျနိုင်ငံ ပါ့သ်မြို့အနီးတွင် လောင်ကျွမ်းနေသောတောမီး ပြည်သူပိုင်အဆောက်အအုံများသို့ ကူးစက်လောင်ကျွမ်းနိုင်



**ကင်ဘာရာ ဇန်နဝါရီ ၂**

သြစတြေးလျနိုင်ငံ အနောက်သြစတြေးလျပြည်နယ် ပါ့သ်မြို့အနီး လောင်ကျွမ်းနေသော တောမီးသည် ပြည်သူပိုင်အဆောက်အအုံများသို့ ကူးစက်လောင်ကျွမ်းနိုင်ဖွယ်ရှိနေကြောင်း Department of Fire and Emergency Services(DFES) က ဇန်နဝါရီ ၁ ရက်တွင် သတိပေးချက်ထုတ်ပြန်ခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

သြစတြေးလျနိုင်ငံ ဗစ်တိုးရီးယားပြည်နယ်၌ တောမီးလောင်ကျွမ်းမှုဖြစ်ပွားနေပြီး ဗစ်တိုးရီးယားပြည်နယ်၏ဧရိယာတချို့တွင် တောမီးလောင်ကျွမ်းမှုမှာ ထိန်းချုပ်ရခက်သည့်အဆင့်သို့ ရောက်ရှိနေကြောင်း၊ တောမီးလောင်ကျွမ်းမှုသည် အနောက်သြစတြေးလျပြည်နယ်တွင်လည်း လောင်ကျွမ်းနေပြီး ပါ့သ်မြို့အနီးလောင်ကျွမ်းနေသည့် တောမီးကြောင့် သစ်တောမြေ ဟက်တာ ၅၆၀ ထိ လောင်ကျွမ်း ပျက်စီးသွားခဲ့ကြောင်း၊ တောမီးလောင်ကျွမ်းမှုသည် တစ်နေရာမှ တစ်နေရာသို့ ကူးစက်လောင်ကျွမ်းရာတွင်လည်း မြန်ဆန်နေပြီး ပါ့သ်မြို့ရှိ နေအိမ်များကိုပါ ခြိမ်းခြောက်နိုင်သည့် အခြေအနေမျိုးဖြစ်ကြောင်း Department of Fire and Emergency Services(DFES) က ထုတ်ပြန်ခဲ့သည်။

"အနောက်သြစတြေးလျပြည်နယ်ရဲ့ နေရာတော်တော်များများမှာ တောမီးလောင်ကျွမ်းမှုဖြစ်ပေါ်နေပါတယ်။ ဝိုရိုလိုနယ်မြေမှာ အခြေခံ အဆောက်အအုံတချို့ ပျက်စီးခဲ့ပြီးတော့ နေအိမ်တချို့မှာ တောမီးကူးစက်လောင်ကျွမ်းနေပါတယ်။ ကျေးလက်နေပြည်သူတွေ တောမီးအန္တရာယ်ခြိမ်းခြောက်မှုနဲ့ ရင်ဆိုင်နေရတယ်။ ကယ်ဆယ်ရေးဝန်ထမ်းတွေကို စေလွှတ်ထားပါတယ်။ ပါ့သ်မြို့အနီးမှာလဲ တောမီးလောင်ကျွမ်းမှုတွေ ဖြစ်ပေါ်နေပါတယ်။ ပါ့သ်မြို့အတွင်း အများပြည်သူပိုင်အဆောက်အအုံတွေကို တောမီးကူးစက်လောင်ကျွမ်းသွားနိုင်တဲ့အတွက် တောမီးအန္တရာယ် ကြိုတင်ကာကွယ်ရေး အစီအစဉ်တွေ ဆောင်ရွက်ထားဖို့လဲ သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းထံ အသိပေးထားပြီးဖြစ်ပါတယ်"ဟု Department of Fire and Emergency Services (DFES) မှ ပြောရေးဆိုခွင့်ရှိသူ မာရေးမက်ဘရိုက်က ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Russia Today
Trs : Sai Sat

# ဗြိတိန်နိုင်ငံတွင် လေပြင်းတိုက်ခတ်မှုနှင့် မိုးရွာသွန်းမှုဖြစ်ပေါ်ခဲ့ပြီး ရာသီဥတုဆိုးရွားနိုင်သဖြင့် သတိပေးချက်ထုတ်ပြန်

**လန်ဒန် ဇန်နဝါရီ ၂**

ဗြိတိန်နိုင်ငံတွင် လေပြင်းတိုက်ခတ်မှုနှင့် မိုးရွာသွန်းမှုဖြစ်ပေါ်ခဲ့ပြီး ယခုသီတင်းပတ်ကုန်ရက်များထိ ရာသီဥတုဆိုးရွားနိုင်သဖြင့် ဇန်နဝါရီ ၁ ရက်တွင် မိုးလေဝသဌာနက သတိပေးချက်ထုတ်ပြန်ထားကြောင်း ယနေ့သတင်းများအရ သိရသည်။

ဗြိတိန်နိုင်ငံ တစ်ဝန်းတွင် ဇန်နဝါရီ ၁ ရက်မှစ၍ လေပြင်းတိုက်ခတ်မှုနှင့် မိုးရွာသွန်းမှုများဖြစ်ပေါ်ခဲ့ပြီး ယခုသီတင်းပတ်ကုန်ရက်များထိ ဆိုးနှင်းများဆက်လက် ကျဆင်းနိုင်သဖြင့် မိုးလေဝသဌာနက အဝါရောင်အဆင့် သတိပေးချက်ကို ထုတ်ပြန်ခဲ့ရကြောင်း သိရသည်။

အဆိုပါ ရာသီဥတုသတိပေးချက်သည် ဗြိတိန်အနောက်တောင်ဘက်ပိုင်းဒေသများမှလွဲ၍ အခြားဒေသအားလုံး ပါဝင်မည်ဖြစ်ကာ ဝေလနယ်နှင့် စကော့တလန်တောင်ပိုင်းဒေသများထိ ပါဝင်ကာ ရာသီဥတုဆိုးရွားမှုကြောင့် စာသင်ကျောင်းများ ယာယီပိတ်ထားရမှု၊ လျှပ်စစ်မီးပြတ်တောက်မှု၊ မီးရထားပို့ဆောင်ရေးလုပ်ငန်းနှင့် လေကြောင်းလိုင်းများပါ နှောင့်နှေးကြန့်ကြာမှုနှင့် ဖျက်သိမ်းရမှုများလည်း ရှိလာနိုင်ကြောင်း မိုးလေဝသဌာနက သတိပေးချက်တွင် ထည့်သွင်းဖော်ပြထားကြောင်း သိရသည်။



မိုးသည်းထန်စွာ ရွာသွန်းမှုနှင့် လေပြင်းတိုက်ခတ်မှုများကြောင့် လန်ဒန်မြို့တွင် ကျင်းပသော နှစ်သစ်ကူးပွဲတော်အစီအစဉ်နာရီဝက်ခန့် နှောင့်နှေးကြန့်ကြာမှုဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

Ref : Sputnik News
Trs : AZH

# အမေဇုန်သစ်တောကြီးဝိုင်း၌ ၂၀၂၄ ခုနှစ်က တောမီးလောင်ကျွမ်းမှု ၁၄၀၃၂၈ ကြိမ်ဖြစ်ပွားခဲ့

**ဘရာဇီးလီးယား ဇန်နဝါရီ ၂**

ဘရာဇီးနိုင်ငံရှိ ကမ္ဘာ့အကြီးဆုံးမိုးသစ်တောဖြစ်သည့် အမေဇုန်သစ်တောကြီးဝိုင်းတွင် ၂၀၂၄ ခုနှစ်က တောမီးလောင်ကျွမ်းမှုပြဿနာဖြစ်ပွားမကြာခဏရင်ဆိုင်ခဲ့ရပြီး တောမီးလောင်ကျွမ်းမှု ၁၄၀၃၂၈ ကြိမ် ဖြစ်ပွားခဲ့ကြောင်း National Institute for Space Research(INPE) က ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

National Institute for Space Research(INPE) မှ သုတေသီများ၏ စိစစ်ချက်အရ ၂၀၂၄ ခုနှစ်အတွင်း တောမီးလောင်ကျွမ်းမှု အကြိမ်ရေ ၁၄၀၃၂၈ ကြိမ်ထိ ဖြစ်ပွားခဲ့ကြောင်း၊ တောမီးလောင်ကျွမ်းမှုမှာ ၂၀၀၇ ခုနှစ်နောက်ပိုင်း အဆိုးရွားဆုံးတောမီးလောင်ကျွမ်းခဲ့သည့်နှစ်အဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်း National Institute for Space Research (INPE) က ထုတ်ပြန်ခဲ့သည်။

ဘရာဇီးသမ္မတ လူလာဒါဆေးလ်ဗားက ၎င်းအစိုးရအဖွဲ့၏ဦးစားပေးလုပ်ငန်းမှာ အမေဇုန်သစ်တောပြုန်းတီးမှုကာကွယ်ရေးဖြစ်သကဲ့သို့ အမေဇုန်သစ်တောအတွင်း သစ်တောပြုန်းတီးမှု လျှော့ချနိုင်ရေးအတွက် စီမံချက်များဖြင့် ၂၀၂၃ ခုနှစ်ကတည်းက ဆောင်ရွက်ခဲ့သော်လည်း INPE ၏ မှတ်တမ်းများအရ ရလဒ်မှာ ထူးခြားမှုမရှိသည့် အခြေအနေဖြစ်နေကြောင်း၊ ထို့ပြင် ၂၀၂၄ ခုနှစ်အတွင်း အမေဇုန်သစ်တောကြီးဝိုင်းတွင် ရာသီဥတုပြောင်းလဲမှုကြောင့် မိုးခေါင်သည့်ပြဿနာဖြင့် ရင်ဆိုင်ခဲ့ရပြီး အမေဇုန်မြစ်ရေ ခန်းခြောက်ခဲ့ရကြောင်း သိရသည်။

Ref : Russia Today
Trs : Sai Sat

# အော်ရီဂွန်ပင်လယ်ကမ်းရိုးတန်းအနီးရှိ ရေအောက်မီးတောင် ယခုနှစ်အတွင်း ပေါက်ကွဲနိုင်ကြောင်း သုတေသီများခန့်မှန်း

**ဝါရှင်တန် ဇန်နဝါရီ ၂**

အမေရိကန်နိုင်ငံ အော်ရီဂွန်ကမ်းရိုးတန်းမှ ကီလိုမီတာ ၄၇၀ ခန့်အကွာရှိ ရေအောက်တွင်တည်ရှိသော Axial Seamount ရေအောက်မီးတောင်သည် ယခုနှစ်အတွင်း ပေါက်ကွဲမှုဖြစ်ပွားနိုင်သည်ဟု အမေရိကန်သုတေသီများက ခန့်မှန်းထားကြောင်း ယနေ့သတင်းများအရ သိရသည်။

အမေရိကန်နိုင်ငံ အော်ရီဂွန်ပြည်နယ် ကမ်းရိုးတန်းအနီးရှိ Axial Seamount ရေအောက်မီးတောင်နှင့်ပတ်သက်၍ ၂၀၂၄ ခုနှစ် ဇူလိုင်လမှ ယခုနှစ် နှစ်ကုန်ပိုင်းအတွင်း ပေါက်ကွဲနိုင်ကြောင်း သုတေသီများက ခန့်မှန်းထားပြီး ၂၀၂၄ ခုနှစ် နိုဝင်ဘာလအတွင်း တိုင်းတာချက်များအရ အဆိုပါမီးတောင်သည် ၂၀၁၅ ခုနှစ်က ပေါက်ကွဲမှုမဖြစ်ပွားမီ အခြေအနေကကဲ့သို့ သက်ဝင်လှုပ်ရှားမှုများ ဖြစ်ပေါ်လျက်ရှိသည့်အပြင် မီးတောင်ချော်ရည်များဖြင့် ပြည့်နက်ပြီး မီးတောင်မှာ ဖောင်းကြွလာကြောင်း အမေရိကန် ဘူမိရူပပညာရှင် ဝီလျံချဒ်ဝစ်ခ်က ပြောကြားခဲ့သည်။

ဝီလျံချဒ်ဝစ်ခ် ဦးဆောင်သော သုတေသနအဖွဲ့သည် အဆိုပါမီးတောင်ကို သုတေသနအချက်အလက်များရယူ၍ လေ့လာခဲ့သည်မှာ ၁၀ နှစ် ကြာမြင့်ခဲ့ပြီဖြစ်ပြီး ၂၀၁၅ ခုနှစ် နောက်ဆုံးပေါက်ကွဲမှုမတိုင်မီကကဲ့သို့ မီးတောင်မျက်နှာပြင် မြင့်တက်လာခြင်း မီးတောင်အတွင်း ချော်ရည်များပြည့်လာခြင်း၊ မြေလျှောင်ငယ်များဆက်တိုက်လှုပ်ခတ်ခြင်းတို့ ဖြစ်ပေါ်လျက်ရှိသဖြင့် ယခုနှစ်အတွင်း ပေါက်ကွဲမှု ဖြစ်ပေါ်နိုင်သည်ဟု သတိပေးချက် ထုတ်ပြန်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Axial Seamount ရေအောက်မီးတောင်သည် အရှေ့မြောက်ပစိဖိတ်ဒေသတွင် အတက်ကြွဆုံး ရေအောက်မီးတောင်များထဲမှတစ်ခုဖြစ်ပြီး ကမ္ဘာပေါ်တွင် သုတေသီများ အနီးကပ်စောင့်ကြည့်မှုအရှိဆုံး မီးတောင်တစ်ခုလည်းဖြစ်ကြောင်း သိရသည်။

Ref : Sputnik News
Trs : AZH

# ကနေဒါနိုင်ငံ အယ်ဘတ်တာပြည်နယ်တွင် ၂၀၂၄ ခုနှစ်က မိုးခေါင်မှုပြဿနာဖြင့် အဆိုးရွားဆုံး ရင်ဆိုင်ခဲ့ရ

**အော့တဝါ ဇန်နဝါရီ ၂**

ကနေဒါနိုင်ငံ အယ်ဘတ်တာပြည်နယ်တွင် ၂၀၂၄ ခုနှစ်က မိုးခေါင်မှုပြဿနာဖြင့် အဆိုးရွားဆုံးရင်ဆိုင်ခဲ့ရကြောင်း ကနေဒါသဘာဝပတ်ဝန်းကျင်ဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

မိုးခေါင်မှုကြောင့် အယ်ဘတ်တာပြည်နယ်အတွင်း သောက်သုံးရေမလုံလောက်သည့်ပြဿနာဖြင့် ရင်ဆိုင်ခဲ့ရသကဲ့သို့ အရေးပေါ်ရေထုစီမံခန့်ခွဲမှုအစီအစဉ်များကို ပင် ရေးဆွဲခဲ့ရသည့်အခြေအနေမျိုးရောက်ခဲ့ကြောင်း၊ အယ်ဘတ်တာပြည်နယ်တွင် မိုးခေါင်သည့်ပြဿနာကို ဖြေရှင်းရေးအတွက် Alberta Agro Climate Weather အဖွဲ့အစည်းနှင့် သက်ဆိုင်ရာအာဏာပိုင် အဖွဲ့အစည်းတို့ ပူးပေါင်း ဆောင်ရွက်သွားရန် ကနေဒါ သဘာဝပတ်ဝန်းကျင်ဝန်ကြီးဌာနက ညွှန်ကြားခဲ့ကြောင်း သိရသည်။

"၂၀၂၄ ခုနှစ်အတွင်း အယ်ဘတ်တာပြည်နယ်မှာ မိုးခေါင်တဲ့ပြဿနာနဲ့ ရင်ဆိုင်ခဲ့ရတယ်။ သောက်သုံးရေ မလုံလောက်တဲ့ပြဿနာနဲ့လဲ ရင်ဆိုင်ခဲ့ရတယ်။ မိုးခေါင်တဲ့ပြဿနာကို ဖြေရှင်းနိုင်ဖို့အတွက် ကနေဒါသဘာဝပတ်ဝန်းကျင် ဝန်ကြီးဌာနကလဲ ညွှန်ကြားထားတာ ရှိပါတယ်။ ဆောင်းရာသီထဲ ရောက်နေပေမဲ့ ဆီးနှင်းကျဆင်းမှုတွေ နည်းပါးပြီး ပုံမှန်ထက်အအေးဓာတ်လျော့ကျနေတဲ့အတွက် ရာသီဥတုဟာ ပုံမှန်အတိုင်းမှာ မရှိပါဘူး။ ယခုနှစ်အတွင်း အလားတူဖြစ်စဉ်မျိုး မဖြစ်စေဖို့အတွက် လိုအပ်တာတွေ ကြိုတင်ပြင်ဆင်သွားဖို့ စီစဉ်နေပါတယ်"ဟု အယ်ဘတ်တာပြည်နယ် Climate Information Service မှ ပြောရေးဆိုခွင့်ရှိသူ ရက်ပ်ရိုက်က ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Russia Today
Trs : Sai Sat


ကုန်ဆုံးသွားသော စွမ်းအားများ
DAGON Malta Fresh
နဲ့ ဖြည့်စွမ်းထား
ပင်ရင်းအရောင်းဌာန - ဖုန်း- ၀၁ ၃၆၁၀၈၄၃၊ ၀၁ ၆၅၁၁၇၇၊ ၀၁ ၆၅၂၁၆၉
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန် -မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇


ASEAN TOURISM AWARDS(2022) ၏ ASEAN MICE Vanue Standard တွင် Exhibition Vanue Award ရရှိခဲ့သော
" မန္တလေးမြို့၏ ဂုဏ်ကျက်သရေဆောင် "
ရတနာပုံ ခန်းမ
ရရှိနိုင်သောဝန်ဆောင်မှုများ
ဗိုရမ်များ၊ ဆွေးနွေးပွဲများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊
အစည်းအဝေးများ၊ရှင်ပြုရဟန်းခံ နားထွင်းနားသ အလှူပွဲများ၊
မင်္ဂလာဆောင်ပွဲများ၊မွေးနေ့ပွဲများ၊အထိမ်းအမှတ်ညစာစားပွဲများ၊
ဈေးရောင်းပွဲတော်များ၊အရောင်းမြှင့်တင်ရေးပွဲများ၊ နိုင်ငံတကာကုန်စည်ပြပွဲများ၊
အငြိမ့်ပွဲ၊ ပဒေသာကပွဲ၊ တေးဂီတဖျော်ဖြေပွဲများ၊
အလှဓာတ်ပုံရိုက်ကူးခြင်းများအတွက် ခန်းမများ ငှားရမ်းခြင်းနှင့်
ဝန်ဆောင်မှုများဆောင်ရွက်ပေးလျက်ရှိပါသည်။
ဆက်သွယ်ရန်လိပ်စာ
၇၈ လမ်း နှင့် ၃၈ လမ်းထောင့်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့ ။
ဖုန်း- ၀၉ ၆၉၅၀၀၈၆၈၀၊ ၀၉ ၆၆၇၈၉၉၉၉၁၊ ၀၉ ၆၆၇၈၉၉၉၉၂၊ ၀၂ ၄၀၃၀၄၃၈၊ ၀၂ ၄၀၃၀၄၃၉။


ကိုဗစ်-၁၉ ကာလဝယ် ကျန်းမာအောင်နေကြမယ်
ကျန်းမာရေးဝန်ကြီးဌာန
ပြည်သူ့ကျန်းမာရေးဦးစီးဌာန
ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲ
အာဟာရပြည့်ဝအောင်စားပါ၊ အစာအုပ်စု စုံအောင်စားပါ၊ အချိန်မှန်စားပါ
ကိုယ်လက်လှုပ်ရှား လေ့ကျင့်ခန်းပုံမှန်ပြုလုပ်ပါ
အိပ်ရေးဝအောင်အိပ်ပါ
စိတ်တည်ငြိမ်အေးချမ်းအောင်နေပါ၊ စာဖတ်ပါ၊ တရားထိုင်ပါ
ဆရာဝန်ညွှန်ကြားထားသည့်အတိုင်း ဆေးများကိုပုံမှန်သောက်သုံးပါ
လိုအပ်ပါက ပါးစပ်နှင့်နှာခေါင်းစည်းကို စနစ်တကျတပ်ပါ
(၂၀)စက္ကန့်
လက်ကိုစက္ကန့်(၂၀)ကြာ စနစ်တကျဆေးကြောပါ
တတ်နိုင်သမျှ တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေပါ


ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲ
ကျန်းမာရေးဝန်ကြီးဌာန
ဆေးလိပ်ဖြတ်ရင် ဘာအကျိုးကျေးဇူးတွေရမလဲ
■ ဆေးလိပ်/ဆေးရွက်ကြီးသုံးစွဲမှုကြောင့် အသက်ရှူလမ်းကြောင်းရောဂါ၊ နှလုံးရောဂါ၊ လေဖြတ်ရောဂါ၊ ခြေပုပ် လက်ပုပ်ရောဂါ၊ အစာအိမ်ရောဂါ၊ မျက်စိကွယ်ခြင်းတို့ ဖြစ်ပွားနိုင်သည့်အပြင် ကင်ဆာရောဂါအမျိုးမျိုးတို့ဖြစ်ပွား၍ လူ့သက်တမ်းစေ့မနေရဘဲ စောစီးစွာ သေဆုံးနိုင်ပါသည်။
■ ကိုယ်တိုင်ဆေးလိပ်မသောက်သော်လည်း တစ်ဆင့်ခံဆေးလိပ်ငွေ့ကို ရှူရှိုက်ရခြင်းသည် ဆေးလိပ်လောင်ကျွမ်းရာမှ ထွက်လာသောအဆိပ်ငွေ့များနှင့် ဆေးလိပ်သောက်သုံးသူမှ ရှူထုတ်လိုက်သော အငွေ့များကို ပါအစီခံ (Filter) မပါဘဲတိုက်ရိုက်ရှူရှိုက်မိသောကြောင့် ဆေးလိပ်သောက်သူနှင့် အတူနေသူများတွင် ပို၍ အန္တရာယ်ကြီးမားပါသည်။
DANGER!
DANGER!
■ တစ်ဆင့်ခံဆေးလိပ်ငွေ့ကြောင့် ကိုယ်ဝန်ဆောင် အမျိုးသမီးများတွင် အထက်ဖော်ပြပါ ရောဂါအမျိုးမျိုးတို့ အပြင် ကိုယ်ဝန်ပျက်ကျခြင်း၊ ကိုယ်အလေးချိန်မပြည့်သောကလေး မွေးဖွားခြင်းတို့ ဖြစ်နိုင်ပြီး ကလေးများတွင် မွေးကင်းစကလေး ရုတ်တရက်သေဆုံးခြင်း၊ နားရောဂါဖြစ်ပွားခြင်း၊ မကြာခဏ နေမကောင်းဖြစ်ခြင်း၊ အဆုတ်ကြီးထွားဖွံ့ဖြိုးမှုကို ထိခိုက်ခြင်းနှင့် ပန်းနာရင်ကျပ်ရောဂါခံစားရခြင်း စသည်တို့ကို ဖြစ်ပွားစေပါသည်။
■ ဆေးလိပ်သောက်တာကို ရပ်လိုက်ပြီဆိုရင် မိနစ်(၂၀)အတွင်း နှလုံးခုန်နှုန်းမြန်တာတွေ၊ သွေးပေါင်ချိန် တက်နေတာတွေ လျော့ကျသွားပါမယ်။
■ နောက်ထပ်(၁၂)နာရီအကြာမှာတော့ အဆိပ်ငွေ့တွေဖြစ်တဲ့ ကာဗွန်မိုနောက်ဆိုဒ် (Carbon monoxide) တွေ သွေးတွင်းမှာပါဝင်မှုလျော့ကျပြီး အောက်ဆီဂျင်ပမာဏ ပြန်တက်လာပါမယ်။
■ နောက်ထပ်(၂)ပတ်ကနေ (၁၂)ပတ်အတွင်းမှာ နှလုံးကိုယ်တွင်း သွေးလှည့်ပတ်မှုစနစ်နဲ့ အသက်ရှူလမ်းကြောင်းစနစ်တို့ သိသိသာသာ ကောင်းမွန်လာပါမယ်။
■ ဆေးလိပ်သောက်သူတွေဟာ မသောက်သူတွေထက် အဆုတ်ကင်ဆာဖြစ်ပွားနိုင်ခြေ (၂၂) ဆပိုများကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ထုတ်ပြန်ထားပါတယ်။
DANGER!

❖ **လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ရာတွင် အချိန်ယူဆောင်ရွက်ရခြင်းဖြစ်သည့်အတွက် ကျောင်းသား၊ ကျောင်းသူများ၏ ပညာအရည်အသွေးပြည့်မီရေး၊ ခေတ်မီအတတ်ပညာများ၊ နည်းပညာများ သင်ကြားနိုင်ရေးနှင့် မှန်ကန်သည့် တွေးခေါ်မြော်မြင်မှုများရရှိရေး လေ့ကျင့်ပျိုးထောင်ရမည်ဖြစ်...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ် မတ် ၂၁ ရက်တွင် ပြုလုပ်သော အမျိုးသားစီမံကိန်းကော်မရှင် (၁/၂၀၂၄)အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သောစိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့်ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံးသက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

**၂၀၂၅ ခုနှစ် ဇန်နဝါရီ ၂ ရက်**
**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး**
**(Market Rate)**

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့် အထက်ရှိ စံချိန်မီ ရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၅၂၈၀၀၀၀ ကျပ်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး
သတ်မှတ်ရေးကော်မတီ

**မိုင်းပန်မြို့နယ်တွင် ငွေကျပ်သိန်း ၅၄၀၀ ကျော် တန်ဖိုးရှိ ဘိန်းဖြူဘလောက်တုံး ၄၀ ဒသမ ၂ ကီလိုနှင့် စိတ်ကြွရူးသွပ်ဆေးပြားနှစ်သိန်း ဖမ်းဆီးရမိ**

စာမျက်နှာ- ၂၃

## တရားမဝင် စက်သုံးဆီများ သိုလှောင်ရောင်းဝယ်မှုပြုလုပ်နေသူများကို ဖော်ထုတ်ဖမ်းဆီးအရေးယူ

နေပြည်တော် ဇန်နဝါရီ ၃

နိုင်ငံတော်အစိုးရက နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် အလေးထားဆောင်ရွက်လျက်ရှိသကဲ့သို့ ပြည်တွင်း၌ စက်သုံးဆီဖူလုံမှုရှိစေရေးအတွက်လည်း စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ MNDAA၊ TNLA၊ KIA အကြမ်းဖက်သောင်းကျန်းသူများနှင့် PDF အကြမ်းဖက်အဖွဲ့များအခြေပြုနေထိုင်လျက်ရှိသည့် ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) အတွင်းရှိ အချို့ဒေသများသို့ ပြည်မအတွင်းမှ စက်သုံးဆီများ သယ်ဆောင်ရောင်းချနိုင်ခြင်း မပြုနိုင်စေရေးအတွက် ပိတ်ဆို့တားဆီးထားရှိသော်လည်း အချို့သော ဝိသမလောဘသား စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် စစ်ကိုင်းတိုင်းဒေသကြီး၊မန္တလေးတိုင်းဒေသကြီးရှိ အချို့နေရာဒေသများတွင် လုံခြုံရေးဆိုင်ရာကန့်သတ်ချက်ရှိမှုအပေါ်အခွင့်ကောင်းယူ၍

စာမျက်နှာ ၂၂ ကော်လံ ၁ ☆



ဖမ်းဆီးရမိစက်သုံးဆီများအား ထိန်းသိမ်းထားရှိမှု မှတ်တမ်းဓာတ်ပုံများ။

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ ကျူးလွန်နေသည်။

၂။ မြိမ်းခြောက်၊လူသတ်၊အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။